# ဒုတိယအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# ပထမပုံမှန်

# အစည်းအဝေး

# ကျင်းပခြင်း

D/sixth marticar(1)

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | **ပထမပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။ | ၁ |
| (၂) | သဘာပတိတင်မြှောက်ခြင်း။ | ၂ |
| (၃) | သဘာပတိနေရာယူခြင်း။ | ၁၃ |
| (၄) | သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိ သစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၁၃ |
| (၅) | သဘာပတိနှုတ်ခွန်းဆက်စကားပြောကြားခြင်း။ | ၁၄ |
| (၆) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၆ |
| (၇) | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကတိ သစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၁၇ |
| (၈) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၁၈ |




D/sixth marticar(2)




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက် ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာခြင်း။ | ၄၇ |
| (၄) | ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကြေညာခြင်း။ | ၄၇ |
| (၅) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ | ၄၈ |
| (၆) | ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယ နာယကတို့ထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။ | ၄၉ |
| (၇) | ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ အရေးကြီးအဆိုတစ်ရပ် တင်သွင်း ခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၅၁ |
| (၈) | အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ | ၅၅ |

(၉) ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၅၇

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၆၀

(၁၁) တိုင်းရင်းသား လူမျိုးများ အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၆၃

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၆၇

(၁၃) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၆၉





(၉) ပြည်နယ်လွှတ်တော်အစည်းအဝေးပထမနေ့ အစီအစဉ်ကြေညာခြင်း ၂၀

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း။ ၂၀

(၁၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း။ ၃၄

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၃၈

(၁၃) ပြည်နယ်လွှတ်တော်သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း။ ၄၀

(၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားခြင်း။ ၄၀

(၁၅) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၄၃

**(ခ) ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၅

(၂) ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၄၆

(၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၇၂

(၁၅) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၇၃

**(ဂ) ပထမပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၇၅

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၇၆

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ်ကြေညာခြင်း။ ၇၇

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၇၇

(၅) ဦးစိုင်းထွန်းညွှန့်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၇၉





(၁၁) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ နေ့တွက်စရိတ် (၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၂၀

(၁၂) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ နေ့တွက်စရိတ်(၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၂၂

(၁၃) လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန်က ကိုးကန့်ဒေသအခြေအနေများအား ရှင်းလင်းတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။ ၁၂၆

(၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၃၀

## ( ဃ) ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၃၁

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာခြင်း။ ၁၃၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကြေညာခြင်း။ ၁၃၃

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှခွင့်ပန်ကြားခြင်း။ ၁၃၃

(၅) ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြား ရှင်းလင်းခြင်း။ ၁၃၅

(၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီတွင်ထည့်သွင်း ဖွဲ့စည်းမည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုပြည်နယ်လွှတ်တော်သို့တင်ပြခြင်း။ ၁၄၀





(၆) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၀၁

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးဆိုင်ရာ ကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။ ၁၀၄

(၈) တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၀၅

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီ လျာထားချက် များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၀၇

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၀၈

(၇) တိုင်ကြားစာများ စိစစ်ရေးကော်မတီ ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၁၄၂

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တိုင်ကြားစာများစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၁၄၆

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၄၇

**(င) ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၄၉

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာခြင်း။ ၁၅၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကြေညာခြင်း။ ၁၅၁





အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

(၉) ကျန်းမာရေးနှင့်ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် ၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၁၆၁

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၁၆၆

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၆၇

**(စ) ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၆၉

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာခြင်း။ ၁၇၀

ဌ


(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဆင့်မနေ့ အစီအစဉ်ကြေညာခြင်း။ ၁၇၁

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှခွင့်ပန်ကြားခြင်း။ ၁၇၁

(၅) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၁၇၃

(၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြခြင်း။ ၁၇၇

(၇) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၇၇

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။ ၁၇၉




D/sixth marticar(7)



ည


(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှခွင့်ပန်ကြားခြင်း။ ၁၅၁

(၅) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။ ၁၅၃

(၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာများ စိစစ်ရေးကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်တိုင်ကြားစာများစိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။ ၁၅၅

(၇) ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၁၅၆

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ ၁၆၀

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ လျာထားချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း နှင့် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၈၀

(၁၀) တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြား ရှင်းလင်းခြင်း။ ၁၈၁

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ် လွှတ်တော်အတွက်တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီတွင်ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည် စာရင်းကိုပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၁၈၅

(၁၂) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၁၈၇

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ် လွှတ်တော်အတွက် တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို ပြည်နယ် လွှတ်တော်သို့ တင်ပြခြင်း။ ၁၉၂


D/sixth marticar(8)



(၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တောင်သူ လယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာ ကော်မတီလျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၂၀၁

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၀၃

**(၈) ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၀၅

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၀၆

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၀၇

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၀၇

(၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၉၄

**(ဆ) ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၉၅

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်းကြေညာခြင်း။ ၁၉၆

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကြေညာခြင်း။ ၁၉၇

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၉၇

(၅) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ လျာထားချက် များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး ကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။ ၂၀၀





(၅) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ပေးအပ် နိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ တပ်မတော်သား အမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပြည်နယ် လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။ ၂၁၀

(၆) ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှရယူထားသော ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကိုပြည်နယ်လွှတ်တော်သို့တင်ပြမှတ်တမ်းတင် ခြင်း။ ၂၁၂

(၇) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူမှ တင်ပြထားသော ပြည်နယ်ဥပဒေချုပ်အမည်စာရင်းအား ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၂၁၄

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။ ၂၁၄

(၉) ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူမှ တင်ပြထားသော ပြည်နယ်စာရင်းစစ်ချုပ်အမည်စာရင်းအား ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၂၁၆

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။ ၂၁၆

(၁၁) ပြည်နယ်ဝန်ကြီးချုပ် ကတိသစ္စာပြုခြင်း။ ၂၁၈

(၁၂) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကတိသစ္စာပြုခြင်း။ ၂၁၉

(၁၃) ပြည်နယ်ဥပဒေချုပ် ကတိသစ္စာပြုခြင်း။ ၂၁၉

(၁၄) ပြည်နယ်စာရင်းစစ်ချုပ် ကတိသစ္စာပြုခြင်း။ ၂၂၀

(၁၅) ပြည်နယ်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများမှ ကတိသစ္စာ ပြုခြင်း။ ၂၂၀

(၁၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ ၂၂၂

**( ဈ) ပထမပုံမှန်အစည်းအဝေး နဝမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၂၃

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၂၄

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၂၅

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၂၅

(၅) ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်း။ ၂၃၀





(၅) ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ တင်ပြ၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၂၄၉

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများအဖြစ် ခွင့်ပြုထားပြီးသူများမှ ကတိသစ္စာပြုခြင်း။ ၂၅၃

(၇) နိုင်ငံတော်သမ္မတက အတည်ပြုထားသော ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာနများ၏ အမည်စာရင်းအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ တင်သွင်းခြင်း။ ၂၅၄

(၈) နိုင်ငံတော်သမ္မတက အတည်ပြုထားသော ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာနများ၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ခြင်း။ ၂၅၅

(၉) အစည်းအဝေး(နဝမနေ့)တွင် ပြည်နယ်လွှတ်တော်သို့ တင်ပြထားသော ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုထားခြင်း အပေါ် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများအား ပြန်လည်ပြင်ဆင်၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အဆုံးအဖြတ် ရယူ အတည်ပြုခြင်း။ ၂၅၅

(၁၀) ပြည်နယ်ဝန်ကြီးများအဖြစ် ရွေးချယ်ခြင်းခံထားရသူများမှ လွှတ်တော်၏ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။ ၂၆၉

**န**


(၁၁) ပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့မိန့်ခွန်း ပြောကြားခြင်း။ ၂၁၉

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒသမနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။ ၂၆၂

- ဆုံးဖြတ်ခြင်း ၂၆၃

- မှတ်တမ်းတင်ခြင်း ၂၇၄


ကန့်သတ်

**ဒ**


(၆) ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၃၀

(၇) ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၂၃၁

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၄၁


**(ည) ပထမပုံမှန်အစည်းအဝေး ဒသမနေ့ မှတ်တမ်း**


(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၄၂

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာခြင်း။ ၂၄၃

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၄၄

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၄၄




ကန့်သတ်

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး(ပထမနေ့)မှတ်တမ်း

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၈ ရက်

[ တနင်္လာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ်<br>ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး<br>စတင်ကျင်းပခြင်း

**အခမ်းအနားမှူး။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တက်ရောက်လာကြသောလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး





သဘာပတိလောင်းအမည်စာရင်း တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်း တင်သွင်းလွှာပုံစံကိုကျွန်တော့်ထံမှလက်မှတ်ရေးထိုးထုတ်ယူပြီးအမည်စာရင်းတင်သွင်းနိုင်ပါတယ်။ အမည်စာရင်းတင်သွင်းခံရသူဟာသဘာပတိအဖြစ်တင်မြှောက်ခံရပါကလက်ခံဆောင်ရွက်ရန် သဘောတူကြောင်းသဘောထားရယူပြီးဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာအမည်စာရင်းတင်သွင်းလွှာမှာလိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး ကျွန်တော့်ထံ ပြန်လည်ပေးအပ်ဖို့ဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းလွှာ ပုံစံများကို ကျွန်တော့်ထံမှလာရောက်ထုတ်ယူဖို့ဖြစ်ပါတယ်။

(အခမ်းအနားမှူးက ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုးပြီး ထုတ်ပေးပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်းအမည်စာရင်း တင်သွင်းလွှာ ပုံစံ ထုတ်ယူတဲ့အရေအတွက်မှာ(၂)စောင်ဖြစ်ပြီး ပြန်လည် တင်သွင်းတဲ့အရေအတွက်ဟာ(၂)စောင်ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ် လွှတ်တော်အတွက်သဘာပတိလောင်း အမည်စာရင်း တင်သွင်းလာခဲ့ရာ သဘာပတိလောင်းများအဖြစ် အောက်ပါအတိုင်းစုစုပေါင်း(၂)ဦး တင်သွင်းလာကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား-

၁။ ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ ၈/နမန(နိုင်) ၀၅၈၀၄၇၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

၂။ ဦးအောင်သန်းထွန်း၊ ၁၂/ဒဂန(နိုင်)၀၁၂၂၀၀၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

သို့ဖြစ်ပါ၍ သဘာပတိလောင်းအမည်စာရင်း တင်သွင်းခဲ့ရာတွင် အမည်စာရင်းမှာ တစ်ဦးထက် ပိုနေပါသဖြင့် ပြည်နယ်လွှတ်တော်နည်းဥပဒေ ၈ အရ သဘာပတိတစ်ဦး တင်မြှောက်ရန်အတွက် ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက် ဆန္ဒမဲပေးသွားရမှာဖြစ်ပါသောကြောင့် လျှို့ဝှက်ဆန္ဒမဲပေးခြင်း အစီအစဉ်အား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးခြင်း စနစ်အား ရှင်းလင်းသွားမှာဖြစ်ပါတယ်။

**နည်းဥပဒေ ၈။ အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုခြင်း။** သဘာပတိလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင် သဘာပတိတင်မြှောက်ရန် ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဆန္ဒမဲပေးပွဲကို လွှတ်တော် အစည်းအဝေး ခန်းမအတွင်း လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ပြုလုပ်ရမည်။





အစီအစဉ်စတင်တော့မှာဖြစ်ပါ၍ သတ်မှတ် ထားသောနေရာများတွင် နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး ကျွန်တော် ဦးကျော်သူဇော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## သဘာပတိတင်မြှောက်ခြင်း။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅ နှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆ တို့ အရ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲ နိုင်ဖို့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိ အဖြစ် တင်မြှောက်ရမှာဖြစ်ပါတယ်။ သဘာပတိ တင်မြှောက်နိုင်ဖို့အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ အရ သဘာပတိလောင်း အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။

(ခ) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းကိုတာဝန်ယူဆောင်ရွက်သည့်ကြီးကြပ်သူအရာရှိအားအထောက်အကူပြုရန် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ဂ) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း ၊ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ပုံစံများ ၊ ဆန္ဒမဲပုံးများ စီစဉ်ထားရှိရမည်။ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် လွှတ်တော် အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများ ကိုလည်း စီစဉ်ထားရှိရမည်။

(ဃ) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် မိမိလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ်ပုံစံ (၄)များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် အခမ်းအနားမှူးတို့ ရှေ့မှောက်၌ရေတွက်၍ ပုံစံ(၅)၌ ဖြည့်သွင်းပြုစုပြီး အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူ၍လက်မှတ် ရေးထိုးမှတ်တမ်းတင်ထားရှိရမည်။





နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင် အခမ်းအနားမှူး ရှေ့မှောက်တွင် ဆန္ဒမဲ လက်မှတ်အဟောင်းကို ဖျက်ဆီးပစ်ရမည်။ ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ(၇)တွင် ဖြည့်သွင်း ပြုစု၍ အခမ်းအနားမှူးထံတင်ပြ အတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ထားရမည်။

(ဇ) သဘာပတိလောင်းတစ်ဦးချင်းရရှိသော ဆန္ဒမဲရေတွက်ခြင်းကိုဆောင်ရွက်ရာတွင်

(၁) အခမ်းအနားမှူးသည် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် တာဝန်ရှိ ဝန်ထမ်း အား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ် များကို ထုတ်ယူစေရမည်။ ဆန္ဒမဲပုံး များကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင်ထားခဲ့သော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါကကြီးကြပ်သူအရာရှိအားအရေအတွက်ကို မှတ်တမ်းတင်စေ၍ ပယ်မဲအဖြစ်သတ်မှတ်စေရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ (၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲ လက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးများ အတွင်းမှ

ထုတ်ယူ ရရှိသည့် ဆန္ဒမဲ လက်မှတ် အရေအတွက်ကို ကိုက်ညီခြင်း ရှိ/ မရှိ ကြီးကြပ်သူအရာရှိက စိစစ်ရမည်။ ပုံစံ(၆)ဖြင့် ထုတ်ပေးထားသောဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်က ပိုနေကြောင်း ကြီးကြပ်သူ အရာရှိကတင်ပြလာလျှင်အခမ်းအနားမှူးသည် ဆန္ဒမဲပေးပွဲ အထမမြောက်ကြောင်းနှင့် ဆန္ဒမဲ ပေးပွဲကို အသစ်ပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ကြေညာရမည်။

(၃) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ (၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲ လက်မှတ်အရေအတွက်ထက် ဆန္ဒမဲပုံး အတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲ လက်မှတ် အရေအတွက်က လျော့နည်းနေပါက လျော့နည်းသည့် အရေအတွက်ကို လည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲ လက်မှတ် မရှိပါက မရှိကြောင်းကိုလည်းကောင်း ကြီးကြပ်သူအရာရှိက အခမ်းအနားမှူးထံ တင်ပြလာသည့်အခါ အခမ်းအနားမှူးက



D/real(wide) (4



(င) ဆန္ဒမဲပေးပွဲ မစတင်မီ နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိ ဝန်ထမ်းများသည်လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံး များအတွင်း မည်သည့်အရာမျှ မရှိကြောင်း ထင်ရှားအောင် ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော် ကိုယ်စားလှယ်များ မြင်နိုင်သောနေရာ များတွင် ထားရှိရမည်။

(စ) လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲ လက်မှတ်ပုံစံ (၄)ကို ဆန္ဒမဲလက်မှတ် ထုတ်ယူရန် သတ်မှတ်ထားသော နေရာများရှိ တာဝန်ရှိဝန်ထမ်းများထံမှ လက်ခံ ရရှိကြောင်း ပုံစံ (၆)တွင် လက်မှတ်ရေးထိုး ရယူ၍ သတ်မှတ်ထားသော နေရာတွင် လျှို့ဝှက် ဆန္ဒပြုရမည်။ ယင်းသို့ ဆန္ဒပြုရာတွင် ဆန္ဒမဲ လက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသား (✔)ကို လည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေ အမှတ်အသား (✘)ကို လည်းကောင်း အထင်အရှား ပြုရမည်။ ထို့နောက် ဆန္ဒမဲ လက်မှတ်ကို မိမိ ကိုယ်တိုင် မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲ လက်မှတ်ပေါ်တွင် မှားယွင်း ရေးသားမိလျှင် ယင်းဆန္ဒမဲ လက်မှတ်ကို ပယ်ဖျက်၍ဆန္ဒမဲလက်မှတ် အသစ် လဲလှယ် ပေးရန်တောင်းခံနိုင်သည်။ ထိုသို့ လဲလှယ်သည့်

ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း
ကြေညာ၍ ဆန္ဒမဲလက်မှတ်များကို
ကြီးကြပ်သူအရာရှိ အား ရေတွက်စေရမည်။

**နည်းဥပဒေ ၉။** ဆန္ဒမဲလက်မှတ်များကိုရေတွက်ရာ၌ သဘာပတိလောင်းတစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါ ဆန္ဒမဲလက်မှတ်များကိုတွေ့ရှိပါက ကြီးကြပ်သူအရာရှိက အခမ်းအနားမှူးထံတင်ပြ၍ မှန်ကန်ပါက အခမ်းအနားမှူးသည် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမည် -

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်။

(ခ) သဘာပတိလောင်းတစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်။

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြု ထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်။

(ဃ) အမှန်အမှတ်အသား (✔)နှင့် ကြက်ခြေ အမှတ်အသား (✘)များမှ အပ အခြား အမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲ လက်မှတ်။





ကြီးကြပ်သူအရာရှိက ပုံစံ (၉)တွင် ဖြည့်စွက်၍ အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်။

**နည်းဥပဒေ ၁၂။** အခမ်းအနားမှူးသည် ပုံစံ(၉) အရ သဘာပတိလောင်းများ ရရှိသည့် ထောက်ခံ ဆန္ဒမဲအများ အနည်းအလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲ အများဆုံး ရရှိသူကို သဘာပတိအဖြစ်တင်မြှောက်ကြောင်း ကြေညာ၍ သဘာပတိတာဝန်ထမ်းဆောင်ရန်ဖိတ်ခေါ်ရမည်။

ဆက်လက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးမှု အစီအစဉ်အရ သဘာပတိတင်မြှောက်ခြင်း ဆန္ဒမဲလက်မှတ်ပုံစံ(၄)များအား လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ဝန်ထမ်းများထံမှ လာရောက်ထုတ်ယူပေးပါရန်နှင့် ထုတ်ယူရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးပြီး လျှို့ဝှက်ဆန္ဒပြုခန်းများတွင် ဆန္ဒပြု၍မဲပေးခြင်း ဆောင်ရွက်သွားပါရန် ပန်ကြားအပ်ပါတယ်။

**(အခမ်းအနားမှူးမှ ကိုယ်စားလှယ်များကို ခရိုင်/မြို့နယ် အက္ခရာစဉ်အလိုက်ခေါ်ယူသွားပါသည်)**

လျှို့ဝှက်ဆန္ဒမဲပေးရန် ကိုယ်စားလှယ်များ ကျန်ရှိပါသေးလားခင်ဗျား။

**( ၃ ကြိမ်တိုင်တိုင်မေးပါသည်။ ကိုယ်စားလှယ်များက မရှိကြောင်းဖြေပါသည်။)**

ဆက်လက်ပြီး ဆန္ဒမဲပုံးဖွင့်လှစ်ခြင်းအားဆောင်ရွက်သွားပါမယ်။

ဆန္ဒမဲပုံးထဲမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ (၁၃၆) ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်ပုံစံ(၆)တွင် လက်မှတ်ရေးထိုးထုတ်ယူသော ဆန္ဒမဲ လက်မှတ်အရေအတွက်မှာ(၁၃၆)ဖြစ်၍ မဲများတူညီနေပါသဖြင့် နည်းဥပဒေ ၈(ဇ)(၃)အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ဆန္ဒမဲလက်မှတ်များကို ဆက်လက်ရေတွက် သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်အတွက် သဘာပတိ ရွေးကောက်တင်မြှောက်ခြင်းအား လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့် ဆောင်ရွက်ခဲ့ရာ သဘာပတိလောင်း များ၏ ထောက်ခံ ဆန္ဒမဲအများ/အနည်းစာရင်းအရ အောက်ပါ အတိုင်းရရှိကြောင်း ကြေညာအပ်ပါတယ်-

၁။ ဦးအောင်သန်းထွန်း၊ ၁၂/ဒဂန(နိုင်)၀၁၂၂၀၀၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မဲအရေအတွက် (၈၃)မဲ

၂။ ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ ၈/နမန(နိုင်) ၀၅၈၀၄၇၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မဲအရေအတွက် (၅၂)မဲ





(စ) ကြီးကြပ်သူအရာရှိကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း မရှိသည့် ဆန္ဒမဲလက်မှတ်။

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ် ။

**နည်းဥပဒေ ၁၀။** ကြီးကြပ်သူအရာရှိသည်အောက်ပါ ဆန္ဒမဲလက်မှတ် အရေအတွက်များကို ပုံစံ (၈-က) နှင့် ပုံစံ (၈-ခ) တို့တွင် ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖြည့်စွက်၍ အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်-

(က) ပုံစံ (၈-က) တွင် ပယ်မဲအဖြစ်သတ်မှတ်သော ဆန္ဒမဲ လက်မှတ်အရေအတွက် ။

(ခ) ပုံစံ (၈-ခ)တွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်း ရေတွက်ခွင့် မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ် အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲ လက်မှတ် အရေအတွက်က မူလ ထုတ်ပေး ထားသော ဆန္ဒမဲလက်မှတ် အရေအတွက် ထက် လျော့နည်းနေသည့် အရေအတွက်။

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက်။

**နည်းဥပဒေ ၁၁။** သဘာပတိလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းကို

## သဘာပတိ နေရာယူခြင်း

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိအဖြစ် တင်မြှောက်ခံရတဲ့ ဦးအောင်သန်းထွဋ်က သဘာပတိ တာဝန် ထမ်းဆောင်ဖို့အတွက် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူမှာဖြစ် ပါတယ်။ သဘာပတိ တာဝန်ထမ်းဆောင်ဖို့ စင်မြင့်ပေါ်သို့ ကြွရောက်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။ သဘာပတိ စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပေးပါရန် ဖိတ်ခေါ်အပ်ပါတယ် ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## သဘာပတိကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) အရ သဘာပတိ ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာ တိုင်ပေးတဲ့အခါ ကတိသစ္စာပြုတဲ့ သဘာပတိကသာ လိုက်ဆို ရမှာ ဖြစ်ပါတယ်။ သဘာပတိကတိသစ္စာပြုပါမယ်။ အစည်းအဝေး ခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြား အပ်ပါတယ်။

**(အခမ်းအနားမှူးက ကတိသစ္စာတိုင်ပေးပါသည်။ သဘာပတိက ကတိသစ္စာပြုပါသည်။)**

**အခမ်းအနားမှူး။** လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုလွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိက ကတိ



D/real(wide) (7



ကျွန်တော်တို့အားလုံးဟာ နိုင်ငံတော် တည်ငြိမ် အေးချမ်း သာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြမယ်လို့ ဆန္ဒရှိ ကြသူများဖြစ်ကြတဲ့ အပြင် ပြည်သူတွေကလည်း နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား အတွက် ဆောင်ရွက် ပေးကြဖို့ ရွေးချယ် တာဝန်ပေးအပ်ခြင်း ခံရကြသူများဖြစ်ပါတယ်။ မိမိတို့သည် မတူညီသော သဘောထား အမြင်များရှိကြမှာဖြစ်သော်လည်း နိုင်ငံတော်နှင့် ပြည်သူတွေ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တူညီသော ရည်မှန်းချက် ထားရှိပြီး အောင်မြင်အောင်ဝိုင်းဝန်းပူးပေါင်းပါဝင် အကောင် အထည်ဖော်ဆောင်ရွက်ကြဖို့ စုဝေးရောက်ရှိနေကြပြီဖြစ်ပါတယ်။

ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှာ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။) ပုဒ်မ ၇ အရ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ သဘာပတိအဖြစ် လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမှာဖြစ်ပါတယ်။ ကျွန်တော်အနေနှင့် ပေးအပ်သည့် တာဝန်ကို အထူးဝမ်းမြောက် ဂုဏ်ယူစွာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာစွာ နိုင်ငံတော်နှင့်ပြည်သူများအကျိုးအတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ချစ်ချစ်ခင်ခင် စည်းစည်း လုံးလုံးနှင့် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်ရန် ရည်ရွယ်မျှော်မှန်းပြီး ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် မှန်ကန်စွာ ဆွေးနွေးညှိနှိုင်း

သုံးသပ် ဆုံးဖြတ်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး သဘာပတိက အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**သဘာပတိ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့မှာ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၁၃၇)ဦးရှိပြီး အစည်းအဝေးကို (၁၃၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၉. ၂၇)ရာခိုင်နှုန်း ရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ယခု ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ (ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်။



D/real(wide) (8



သစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးတဲ့ အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**(သဘာပတိက ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**အခမ်းအနားမှူး။** လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုသဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားမှာ ဖြစ်ပါတယ်။ နှုတ်ခွန်းဆက် စကားပြောကြားပေးနိုင်ပါရန် သဘာပတိအားလေးစားစွာပန်ကြားအပ်ပါတယ်။

**သဘာပတိ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုလိုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယမှာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံပြီး နိုင်ငံအကျိုး စီးပွား ဆထက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေကြောင်း ဦးစွာ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်သန်းထွန်းဖြစ် ပါတယ်။ ကျွန်တော်ဖခင်မှာ ဗမာတိုင်းရင်းသားဖြစ်ပြီး၊ မိခင်မှာ ရှမ်းတိုင်းရင်းသူဖြစ်ပါတယ်။ ဇာတိကတော့ ဖြူးမြို့နယ်မှာရှိတဲ့ ပတ်တာ ကျေးရွာဖြစ်ပါတယ်။ စစ်မှုထမ်းအဖြစ် ရှမ်းပြည်နယ်မှာ နှစ်ပေါင်းများစွာ တာဝန်ယူခဲ့ဖူးပါတယ်။ ယခုစစ်မှုထမ်းဘဝမှ အငြိမ်းစားယူပြီး ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တာဝန်ကို တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အတူ လာရောက် တာဝန်ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း မိတ်ဆက်လိုပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**သဘာပတိ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈(က) အရ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုး ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာတိုင်ပေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များကတိသစ္စာပြုပါမယ်။ အစည်းအဝေး ခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုလွှာပေါ်ရှိ ------ ကွက်လပ်နေရာ၌ မိမိ၏နာမည် ထည့်သွင်းရွတ်ဆိုရန်ဖြစ်ပါတယ်။

**( သဘာပတိမှ ကတိသစ္စာတိုင်ပေးပါသည်။ )**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**သဘာပတိ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု သဘာပတိရှေ့မှောက်မှာ လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားတဲ့ ကတိသစ္စာပြုလွှာများပေါ်မှာ မိမိရဲ့အမည်၊ မဲဆန္ဒနယ်အမှတ်တို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိရဲ့ အမည်၊ ရာထူးတို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။



D/real(wide) (9



နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ထွန်းသည် ခွင့်(၁)ရက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်။

**သဘာပတိ။** ခွင့်ပန်ကြားချက်ကို ခွင့်ပြုပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန် အစည်းအဝေး (ပထမနေ့) ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၇)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(၃ ကြိမ်တိုင်တိုင် မေး ပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကိုအတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

**သဘာပတိ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး ပထမနေ့ကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များ အတိုင်း ဆက်လက် ကျင်းပသွားမှာဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း။

**သဘာပတိ။** ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌ (၁)ဦးစီ ကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄ အရ ရွေးကောက်တင်မြှောက်ဖို့ဖြစ်ပါတယ်။ ပထမဦးစွာပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတစ်ဦးရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌရွေးကောက် တင်မြှောက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆ အရ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုး ထုတ်ယူပြီး အမည်စာရင်းတင်သွင်းရပါမယ်။ အမည်စာရင်း တင်သွင်းခံရသူဟာ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။

အမည် စာရင်းတင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး





ယခုလွှတ်တော်ကိုယ်စားလှယ်များကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးနိုင်ကြပါပြီ။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်မှတ်ရေးထိုးပြီးတဲ့ ကတိသစ္စာပြုလွှာများကို ပြည်နယ် လွှတ်တော်ရုံးဝန်ထမ်းများက အစည်းအဝေးရပ်နားချိန်မှာ ဝင်ရောက်သိမ်းယူကြမှာဖြစ်တဲ့အတွက် ကတိသစ္စာပြုလွှာများကို မိမိတို့ရဲ့စားပွဲပေါ်မှာ ထားခဲ့ကြရန်ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**သဘာပတိ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ မီးဘေးကယ်ဆယ်ရေးဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့်

အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းလွှာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူနိုင်ကြပါပြီ။

**အခမ်းအနားမှူး။** အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူကြဖို့ ဖြစ်ပါတယ်။

**(အခမ်းအနားမှူးက ပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုးပြီးထုတ်ပေးပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံထုတ်ယူတဲ့ အရေအတွက်မှာ (၂)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၂)စောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါသေးလား ခင်ဗျား။

**(၃ ကြိမ်တိုင်တိုင်မေးပါသည်။)**

**သဘာပတိ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား လွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ် လွှတ်တော်အတွက်ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလာခဲ့ရာ ဥက္ကဋ္ဌလောင်းများအဖြစ် စုစုပေါင်း (၂)ဦး အမည်စာရင်း တင်သွင်းလာပါတယ်။

တင်သွင်းလာသော ဥက္ကဋ္ဌလောင်းအမည်စာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

၁။ ဦးစိုင်းကျော်သိန်း၊ ၁၃/မဆတ(နိုင်)၀၀၁၄၉၂၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ





ဆက်လက်ပြီး ဆန္ဒမဲပုံးဖွင့်လှစ်ခြင်းအား ဆောင်ရွက် သွားပါမယ်။

**ဒေါက်တာလင်းထွဋ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ရှမ်းပြည်နယ်အတွက် အလွန် အရေးကြီးသည့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဆန္ဒမဲများကို ရေတွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါတယ်။ ဒါကြောင့် သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** သဘာပတိ၏ တာဝန်ပေးအပ်မှုအရ ဥက္ကဋ္ဌလောင်းရွေးချယ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်-

**နည်းဥပဒေ ၁၈။ အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုခြင်း။** ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင် ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရန် ဆန္ဒမဲလက်မှတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဆန္ဒမဲပေးပွဲကို လွှတ်တော်အစည်းအဝေး ခန်းမအတွင်း လွှတ်တော် ကိုယ်စားလှယ်များ ရှေ့မှောက်၌ ပြုလုပ်ရမည်။

(ခ) လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်သည့် ကြီးကြပ်သူအရာရှိ

အား အထောက်အကူပြုရန် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းပေးရမည်ဟုပါရှိပါတယ်။ ဒါကြောင့် ကြီးကြပ်သူအရာရှိနှင့် ဝန်ထမ်းအဖွဲ့ကို ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ (၁-၂-၂၀၁၆) ရက်စွဲပါစာအမှတ်၅/၁၀- ၂/လွှတ်တော်(ရှမ်း)ဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပါတယ်-

**ဆန္ဒမဲပေးရေးကြီးကြပ်သူအရာရှိအဖြစ်**

(၁) ဒေါ်အယ်လ်နန်းခမ်း၊ ဒုတိယ
ညွှန်ကြားရေးမှူး၊ ပြည်နယ်လွှတ်တော်ရုံး

**ဆန္ဒမဲပေးရေးအထောက်အကူပြုဝန်ထမ်းအဖွဲ့အဖြစ်**

(၁) ဒေါ်ခင်သီတာ၊ ဦးစီးအရာရှိ

(၂) ဦးဝင်းသန်း၊ ဦးစီအရာရှိ

(၃) ဒေါ်နှင်းရည်စိုး၊ စီမံ(၁)

(၄) ဒေါ်ဆုစန္ဒီစိုး၊ စီမံ(၁)

(၅) ဒေါ်လှစန်းမြင့်၊ စီမံ(၁)

(၆) ဦးဟန်သူထွန်း၊ စီမံ(၁)

(ဂ) လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သောဆန္ဒမဲလက်မှတ်များ၊





၂။ ဦးစိုင်းလုံးဆိုင်၊ ၁၃/ကတန(နိုင်)၀၀၅၂၄၉၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းခဲ့ရာတွင် အမည်စာရင်းမှာ တစ်ဦးထက်ပိုနေပါသဖြင့် ပြည်နယ်လွှတ်တော်နည်းဥပဒေ ၁၈ အရ ဥက္ကဋ္ဌတစ်ဦး တင်မြှောက်ရန်အတွက် ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသွားရမှာ ဖြစ်ပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးမှုစနစ်မှာ သဘာပတိရွေးကောက်တင်မြှောက်ခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးမှု အစီအစဉ်အတိုင်းဖြစ် ပါတယ်။

ပထမဦးစွာ ဆန္ဒမဲပုံးအတွင်းမည်သည့်အရာမျှမရှိကြောင်း ဝန်ထမ်းတစ်ဦးမှပြသသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ကြီးကြပ်သူအရာရှိမှ လက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ် ပုံစံ(၄)များအား ရေတွက်အတည်ပြုသွားပါမယ်။

ဆက်လက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးမှု အစီအစဉ်အရ ဥက္ကဋ္ဌတင်မြှောက်ရန် ဆန္ဒမဲလက်မှတ် ပုံစံ(၄)အား လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ဝန်ထမ်းများထံမှ လာရောက်ထုတ်ယူပေးပါရန်နှင့် ထုတ်ယူရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးပြီး လျှို့ဝှက်ဆန္ဒပြုခန်းများတွင် ဆန္ဒပြု၍ မဲပေးခြင်း ဆောင်ရွက်သွားပါရန် ပန်ကြားအပ်ပါတယ်။

**(အခမ်းအနားမှူးမှ ကိုယ်စားလှယ်များကို ခရိုင်/မြို့နယ်အက္ခရာစဉ်အလိုက်ခေါ်ယူသွားပါသည်)**

လျှို့ဝှက်ဆန္ဒမဲပေးရန် လွှတ်တော်ကိုယ်စားလှယ်များ ကျန်ရှိပါသေးလားခင်ဗျား။

**(၃ ကြိမ်တိုင်တိုင် မေးပါသည် ။)**

ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ပုံစံများ၊ ဆန္ဒမဲပုံးများစီစဉ်ထားရှိရမည်။ လျှို့ဝှက်ဆန္ဒမဲ ပေးနိုင်ရန် လွှတ်တော်အစည်းအဝေး ခန်းမအတွင်း သီးသန့်နေရာ များကိုလည်း စီစဉ်ထားရှိရမည်။

(ဃ) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိလက်မှတ်ရေးထိုး ယူဆောင်လာသော ဆန္ဒမဲလက်မှတ် ပုံစံ(၄) များကို သဘာပတိနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ရေတွက်၍ ပုံစံ (၅)၌ ဖြည့်သွင်းပြုစုပြီးသဘာပတိထံတင်ပြအတည်ပြုချက် ရယူ၍လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည်။

(င) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေခွဲ (ခ)အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် ဆန္ဒမဲပုံးများအတွင်း မည်သည့် အရာမျှမရှိကြောင်း ထင်ရှားအောင် ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်သော နေရာတွင် ထားရှိရမည်။





အတည်ပြုချက် ရယူပြီး မှတ်တမ်းတင်ထားရမည်။

(ဇ) ဥက္ကဋ္ဌလောင်းတစ်ဦးချင်းရရှိသော ဆန္ဒမဲ ရေတွက်ခြင်းကို ဆောင်ရွက် ရာတွင် -

(၁) သဘာပတိသည် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲ (ခ)အရ ဖွဲ့စည်းထားသည့် ဝန်ထမ်း အဖွဲ့၏ တာဝန်ရှိဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူ စေရမည်။ ဆန္ဒမဲပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ် များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိအား အရေအတွက်ကို မှတ်တမ်း တင်စေ၍ ပယ်မဲအဖြစ်သတ်မှတ်စေရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ (၆) ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ကိုက်ညီခြင်း ရှိ /မရှိ ကြီးကြပ်သူအရာရှိကစိစစ်ရမည်။ ပုံစံ (၆) ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ

ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေ အတွက်က ပိုနေကြောင်း ကြီးကြပ်သူ အရာရှိက တင်ပြလာလျှင် သဘာပတိသည် ဆန္ဒမဲပေးပွဲ အထမမြောက် ကြောင်းနှင့် ဆန္ဒမဲပေးပွဲကို အသစ်ပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာရမည်။

(၃) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ (၆)ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲ လက်မှတ် အရေအတွက်က လျော့နည်းနေပါက လျော့နည်းသည့် အရေအတွက်ကို လည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲ လက်မှတ်မရှိပါက မရှိကြောင်းကို လည်းကောင်း ကြီးကြပ်သူအရာရှိက သဘာပတိထံ တင်ပြလာသည့်အခါ သဘာပတိကဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲလက်မှတ်များကို ကြီးကြပ်သူအရာရှိအား ရေတွက်စေရမည်။



D/real(wide) (1



(စ) လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲ လက်မှတ်ပုံစံ (၄)ကို ဆန္ဒမဲလက်မှတ်ထုတ်ယူ ရန် သတ်မှတ်ထားသော နေရာများရှိ တာဝန်ရှိ ဝန်ထမ်းများထံမှ လက်ခံရရှိကြောင်း ပုံစံ (၆)တွင် လက်မှတ်ရေးထိုး ရယူ၍ သတ်မှတ်ထားသော နေရာတွင် လျှို့ဝှက်ဆန္ဒပြုရ မည်။ ယင်းသို့ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူ အား မင်ဖြင့် အမှန် အမှတ်အသား(✔)ကို လည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေအမှတ်အသား (✘) ကိုလည်းကောင်း အထင်အရှားပြုရမည်။ ထို့နောက် ဆန္ဒမဲ လက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ ထည့်ရ မည်။

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲ လက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲ လက်မှတ်အသစ် လဲလှယ်ပေးရန် တောင်းခံ နိုင်သည်။ ထိုသို့လဲလှယ်သည့် နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် သဘာပတိ ရှေ့မှောက်တွင် ဆန္ဒမဲလက်မှတ်ဟောင်းကို ဖျက်ဆီး ပစ်ရမည်။ ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ(၇)တွင် ဖြည့်သွင်းပြုစု၍ သဘာပတိထံ တင်ပြ

**နည်းဥပဒေ ၁၉။** ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ ဥက္ကဋ္ဌလောင်း တစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို သီးခြားစီ ခွဲ၍ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါဆန္ဒမဲ လက်မှတ်များကိုတွေ့ရှိပါက ကြီးကြပ်သူအရာရှိက သဘာပတိထံ တင်ပြ၍ မှန်ကန်ပါက သဘာပတိသည်ပယ်မဲအဖြစ် ဆုံးဖြတ် သတ်မှတ်ကြောင်းကြေညာရမည်-

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သောဆန္ဒမဲလက်မှတ်။

( ခ ) ဥက္ကဋ္ဌလောင်းတစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြု ထားသည့် ဆန္ဒမဲလက်မှတ်။

( ဂ ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်။

(ဃ) အမှန်အမှတ်အသား (✔)နှင့် ကြက်ခြေ အမှတ်အသား (✘)များမှအပ အခြား အမှတ် အသားပြုထားသည့် ဆန္ဒမဲလက်မှတ်။

( င ) မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်။

( စ ) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုး ထားခြင်း မရှိသည့် ဆန္ဒမဲလက်မှတ်။

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်။

**နည်းဥပဒေ၂၀။** ကြီးကြပ်သူအရာရှိသည် အောက်ပါ ဆန္ဒမဲ လက်မှတ် အရေအတွက်များကို ပုံစံ (၈-က) နှင့်ပုံစံ (၈-ခ)





အမည်စာရင်းပါ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း ကြေညာရမည်။

ဆက်လက်ပြီး ဆန္ဒမဲပုံးဖွင့်လှစ်ခြင်းအား ဆောင်ရွက် သွားပါမယ်။

**သဘာပတိ။** ဆန္ဒမဲပုံးထဲမှထုတ်ယူရရှိသော ဆန္ဒမဲ လက်မှတ်အရေအတွက်မှာ(၁၃၆)ရှိပြီး လွှတ်တော် ကိုယ်စားလှယ်များ ထုတ်ယူသွားသော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ( ၁၃၆)ရှိပါ သဖြင့် ဆန္ဒမဲလက်မှတ်အရေအတွက် တူညီနေပါ၍ နည်းဥပဒေ ၁၈(ဇ)(၃)အရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာအပ် ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌလောင်းတစ်ဦးစီရရှိသော ဆန္ဒမဲများအား ဆက်လက်ရေတွက်သွားမှာဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား။ ဆန္ဒမဲလက်မှတ် ရေတွက်မှုကို မြင်အောင်ကြည့်ချင်ပါတယ်။ နည်းဥပဒေ ၁၈(ဇ) (၁) အရ ဥက္ကဋ္ဌလောင်းတစ်ဦးချင်းရရှိသော ဆန္ဒမဲ ရေတွက်ခြင်းကို ဆောင်ရွက်ရာတွင် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ထုတ်ယူ စေရမည်ဟုပါရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင်ဆိုသည်မှာ မှန်ကန်သော်လည်း ယခုကျွန်တော်တို့ မြင်ရသည့်အနေအထားမှာ မှုန်ဝါးဝါးမျှသာဖြစ်နေပါတယ်။ သဘာပတိကြီးမှ ခွင့်ပြုပေးနိုင်ပါရန် ပန်ကြားအပ်ပါတယ်။

**သဘာပတိ။** သက်ဆိုင်ရာ ဥက္ကဋ္ဌလောင်းများ၏ ရွေ့မှောက်တွင် မဲရေတွက်မှုကို ပြုလုပ်သွားပါမယ်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌလောင်း ဦးစိုင်းကျော်သိန်း နှင့် ဦးစိုင်းလုံးဆိုင် နှစ်ဦးရှေ့မှောက်တွင် ဆန္ဒမဲရေတွက်ပါသည်။)**

**သဘာပတိ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ရှမ်းပြည်နယ် လွှတ်တော်အတွက် ဥက္ကဋ္ဌရွေးကောက် တင်မြှောက်ခြင်းအား လျှို့ဝှက်ဆန္ဒမဲပေးခြင်းဖြင့်ဆောင်ရွက်ခဲ့ရာ ဥက္ကဋ္ဌလောင်းများ၏ ထောက်ခံဆန္ဒမဲအများ/အနည်းစာရင်းအရ အောက်ပါအတိုင်းရရှိကြောင်း ကြေညာအပ်ပါတယ်-

၁။ ဦးစိုင်းလုံးဆိုင်၊ ၁၃/ကတန(နိုင်)၀၀၅၂၄၉၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ (၈၈)မဲတိတိ

၂။ ဦးစိုင်းကျော်သိန်း၊ ၁၃/မဆတ(နိုင်)၀၀၁၄၉၂၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်(၁)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ (၄၈)မဲတိတိ

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥက္ကဋ္ဌ တင်မြှောက်ခြင်းအား လျှို့ဝှက်ဆန္ဒမဲ ပေးခဲ့မှုအရ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်( ၁)မှ ဦးစိုင်းလုံးဆိုင်သည် ထောက်ခံမဲ (၈၈)မဲဖြင့် အများဆုံးရရှိခဲ့သဖြင့် ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလုံးဆိုင်အား ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ (၂၂)အရ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။



D/real(wide) (1



တို့တွင် ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖြည့်စွက်၍ သဘာပတိထံတင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိ ရမည် -

(က) ပုံစံ (၈-က) တွင် ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲလက်မှတ် အရေအတွက် ၊

( ခ ) ပုံစံ (၈-ခ) တွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ်အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ် အရေအတွက်က မူလထုတ်ပေးထားသောဆန္ဒမဲလက်မှတ် အရေအတွက် ထက်လျော့နည်းနေသည့် အရေအတွက်၊

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက်။

**နည်းဥပဒေ ၂၁။** ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ကြီးကြပ်သူအရာရှိက ပုံစံ (၉) တွင် ဖြည့်စွက်၍ သဘာပတိထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထား ရှိရမည်။

**နည်းဥပဒေ ၂၂။** သဘာပတိသည် ပုံစံ (၉) အရ ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်း အလိုက်

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးအစီအစဉ် ခေတ္တရပ်နားပါမယ်။

နေ့လည်ပိုင်း အစီအစဉ်ကို နေ့လည်(၁၄း၃၀) နာရီ အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





ဒုတိယဥက္ကဋ္ဌရွေးကောက် တင်မြှောက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆ အရ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်းတင်သွင်းရပါမယ်။ အမည်စာရင်း တင်သွင်းခံရသူဟာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။ အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းလွှာပုံစံများကို အခမ်းအနားမှူးထံမှ ထုတ်ယူနိုင်ကြပါပြီ။

**အခမ်းအနားမှူး။** အမည်စာရင်းတင်သွင်းလွှာပုံစံများကို ကျွန်တော့်ထံမှာ လာရောက်ထုတ်ယူကြဖို့ဖြစ်ပါတယ်။

**(အခမ်းအနားမှူးကပုံစံ(၁)ကို ပုံစံ(၂)တွင် လက်မှတ်ရေးထိုးပြီး ထုတ်ပေးပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့ အရေအတွက်မှာ (၂)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ (၂)စောင် ဖြစ်ပါတယ်။

အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါသေးလားခင်ဗျား။

**(၃ကြိမ်တိုင်တိုင်မေးပါသည်။)**



D/real(wide) (1

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလာခဲ့ရာ ဒုတိယ ဥက္ကဋ္ဌလောင်းများအဖြစ် စုစုပေါင်း (၂)ဦး အမည်စာရင်းတင်သွင်း လာပါတယ်။

တင်သွင်းလာသော ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

၁။ ဒေါ်နန်းခင်ထားရီ၊ ၁၃/သနန(နိုင်)၀၀၂၂၀၈၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ရှမ်းတိုင်းရင်းသား များ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

၂။ ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ၁၀/သထန (နိုင်)၀၄၀၂၀၃၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

သို့ဖြစ်ပါ၍ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်း ခဲ့ရာတွင် အမည်စာရင်းမှာ တစ်ဦးထက် ပိုနေပါသဖြင့် ပြည်နယ် လွှတ်တော်နည်းဥပဒေ ၁၈ အရ ဒုတိယဥက္ကဋ္ဌတစ်ဦးတင်မြှောက် ရန်အတွက် ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသွား ရမှာဖြစ်ပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်မှာ သဘာပတိ/ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်စဉ် လျှို့ဝှက်ဆန္ဒမဲပေးမှုအစီအစဉ် အတိုင်းဖြစ်ပါတယ်ခင်ဗျား။

ပထမဦးစွာ ဆန္ဒမဲပုံးအတွင်းမည်သည့်အရာမျှမရှိကြောင်း ဝန်ထမ်းတစ်ဦးမှပြသသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကြီးကြပ်သူအရာရှိမှ လက်မှတ်ရေးထိုး ယူဆောင်လာသော ဆန္ဒမဲလက်မှတ် ပုံစံ(၄)များအား ရေတွက် အတည်ပြုသွားပါမယ်။





## ရှမ်းပြည်နယ်
## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## ပထမပုံမှန်အစည်းအဝေး(ပထမနေ့)မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၅ ရက်**

**၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၈ ရက်**

**[ တနင်္လာနေ့ ]**

**(နေ့လည်ပိုင်း)**

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပထမနေ့) နေ့လည်ပိုင်း အစီအစဉ်ကို ပြန်လည်စတင်တော့မှာဖြစ်ပါသဖြင့် သတ်မှတ် ထားသော နေရာများတွင် နေရာယူပေးကြပါရန် ပန်ကြားအပ် ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်သဘာပတိ ကြွရောက်လာပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ခြင်း။

**သဘာပတိ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ပြီးဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦး ဆက်လက်ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။

ဆက်လက်ပြီး လျှို့ဝှက်ဆန္ဒမဲပေးမှု အစီအစဉ်အရ ဒုတိယဥက္ကဋ္ဌတင်မြှောက်ရန် ဆန္ဒမဲလက်မှတ် ပုံစံ(၄)ကို လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ဝန်ထမ်းများထံမှ လာရောက်ထုတ်ယူပေးပါရန်နှင့် ထုတ်ယူရရှိကြောင်း ပုံစံ(၆)တွင် လက်မှတ်ရေးထိုးပြီး လျှို့ဝှက်ဆန္ဒပြုခန်းများတွင် ဆန္ဒပြု၍ဆန္ဒမဲပေးခြင်းဆောင်ရွက်သွားပါရန် ပန်ကြားအပ်ပါတယ်။

**(အခမ်းအနားမှူးမှ ကိုယ်စားလှယ်များကို ခရိုင်/မြို့နယ်အက္ခရာစဉ်အလိုက်ခေါ်ယူသွားပါသည်)**

**အခမ်းအနားမှူး။** ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၂၇ ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါသဖြင့် ဝန်ထမ်းများမှ လျှို့ဝှက်ဆန္ဒမဲပုံးအား မဲပုံးဖွင့်လှစ်ပြီး ရေတွက်သွားမည့် အစီအစဉ်ဖြစ်ပါတယ်။

**သဘာပတိ။** လွှတ်တော်ကိုယ်စားလှယ်များမှ မဲများကို အားလုံးထည့်ပြီးဖြစ်တဲ့အတွက်ကြောင့် မဲများမှားယွင်းမရှိတဲ့အကြောင်း သဘာပတိအနေနဲ့ လက်မှတ်ထိုးလိုက်ပါပြီ။

သက်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌလောင်းများ၏ ရှေ့မှောက်တွင် မဲရေတွက်မှုကို ပြုလုပ်သွားပါမယ်။

**( လွှတ်တော်ရုံးဝန်ထမ်းများမှ မဲပုံးဖွင့်လှစ်ပြီး ဆန္ဒမဲလက်မှတ်များကို ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းဒေါ်နန်းခင်ထားရီရှေ့မှောက်တွင် ရေတွက်ပါသည်။ )**

**သဘာပတိ။** ပုံစံ (၈-က)အရ မည်သူ့ကိုမျှ မဲမပေးတဲ့ ၆ စောင် ရှိပါတယ်။ ဘယ်လိုမှခွဲလို့မရတဲ့ မဲ ၁ စောင်ရှိပါတယ်။ စုစုပေါင်း (၇ )စောင် ပယ်မဲအဖြစ် သတ်မှတ်ပေးလိုက်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ





လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ရွေးချယ်တင်မြှောက်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ရွေးချယ်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၈ အရ သဘာပတိရှေ့မှောက်မှာ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား စင်မြင့်ပေါ်သို့ ကြွရောက်ရန် ဖိတ်ခေါ်အပ်ပါတယ်။

အားလုံးမတ်တပ်ရပ်ပေးကြပါခင်ဗျား။

ယခု ပြည်နယ်ဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါမှာ ပြည်နယ်ဥက္ကဋ္ဌက လိုက်ဆိုဖို့ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များ အားလုံး မတ်တပ်ရပ်ပေး ဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

**(သဘာပတိက ကတိသစ္စာတိုင်ပေးပါသည်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။)**

**သဘာပတိ။** ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။

**(သဘာပတိက ကတိသစ္စာတိုင်ပေးပါသည်။ ဒုတိယဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။)**

**သဘာပတိ။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၈ အရ လွှတ်တော်၏ ရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့်

ဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိသော ထောက်ခံဆန္ဒမဲ အများ/အနည်းအလိုက်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

၁။ ဦးစဝ်အောင်မြတ် (ခ) ဦးအောင်မြတ်၊ ၁၀/သထန (နိုင်) ၀၄၀၂၀၃၊ ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (၈၄) မဲတိတိ၊

၂။ ဒေါ်နန်းခင်ထားရီ၊ ၁၃/သနန(နိုင်) ၀၀၂၂၀၈၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၄၅) မဲတိတိဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်အတွက် ဒုတိယဥက္ကဋ္ဌတင်မြှောက်ခြင်းအား လျှို့ဝှက်မဲဆန္ဒပေးမှုအရ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ် (ခ)ဦးအောင်မြတ် ထောက်ခံမဲ (၈၄) မဲဖြင့် အများဆုံးရရှိသဖြင့် ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ် (ခ)ဦးအောင်မြတ်အား ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇(က)အရ ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးခြင်း။

**သဘာပတိ။** ဆက်လက်၍အစီအစဉ်(၁၂) ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။





ဒုတိယဥက္ကဋ္ဌတို့အား သဘာပတိ၏ လက်ယာဘက်တွင် စီစဉ်ထားသော နေရာသို့တက်ရောက်၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြားအပ်ပါတယ်။

**( ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။ )**

## ပြည်နယ်လွှတ်တော် သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအားတာဝန်လွှဲအပ်ခြင်း။

**အခမ်းအနားမှူး။** ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၉ အရ သဘာပတိက ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်မှာဖြစ်ပါတယ်။ တာဝန်လွှဲအပ်ချိန်တွင် အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များ အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ တာဝန်လွှဲအပ်မည့် နေရာသို့ ကြွရောက်ပါရန် ဥက္ကဋ္ဌအားပန်ကြားအပ်ပါတယ်။

**(ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို သဘာပတိထံမှ လွှဲပြောင်းလက်ခံပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်မှစပြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်

စကားပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေး နိုင်ပါရန် ဥက္ကဋ္ဌအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပြီး ပြည်သူအသံ၊ ပြည်သူဆန္ဒနှင့် ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို ဆထက်ထမ်းပိုး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြပါစေလို့ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းမှာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် စတင်ရန်အတွက် ပထမခြေလှမ်းဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲသည် ရလဒ်ကောင်းများ ပိုမိုရရှိမည့် ဒုတိယ ခြေလှမ်းဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ ပြည်သူတွေက ယုံကြည်အားကိုးသည့် ကိုယ်စားလှယ်များအဖြစ် လွှတ်တော်မှာ သူတို့အတွက် ခိုင်မာစွာရပ်တည်ဆောင်ရွက်နိုင်ရန်အတွက် တာဝန် ပေးအပ်ခြင်းခံရပြီး လွှတ်တော်အတွင်း တာဝန်များနှင့် လွှတ်တော် ပြင်ပလုပ်ငန်းတာဝန်များကို စတင်တာဝန်ထမ်းဆောင်ရမည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ်အတွင်း ဒေသအသီးသီး၊ အလွှာအသီးသီး၌ အဖွဲ့ အစည်းအသီးသီးက ကိုယ်စားလှယ်များဖြစ်ပြီး၊ တိုင်းရင်းသား ပေါင်းစုံပါဝင်လျက်ရှိပါတယ်။ လွှတ်တော်တာဝန်များကို ထမ်းဆောင် ရာမှာ တစ်ဦးကိုတစ်ဦးယုံယုံကြည်ကြည်ရင်းရင်းနှီးနှီး ဆွေးနွေး တိုင်ပင် ညှိနှိုင်းခြင်းဖြင့် ရှမ်းပြည်နယ်၏ ကောင်းမွန်သည့်





နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့ အားလုံးသည် ရှမ်းပြည်နယ်မှာ နေထိုင်ကြသည့် ပြည်သူများ၏ အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားဆောင်ရွက်ကြဖို့ ပြည်သူတို့၏ မျှော်လင့်ချက်များကို ဖော်ဆောင်ပေးရန် တူညီသော ရည်မှန်းချက်ဖြင့် လွှတ်တော်မှာစုစည်းရောက်ရှိလာတဲ့အတွက် အပြန်အလှန် နားလည်မှု တည်ဆောက်ပြီး ဒီမိုကရေစီကျင့်စဉ်များ ရှင်သန်ခိုင်မာလာအောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်တဲ့အတွက် တာဝန်ကို ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် အတတ်နိုင်ဆုံး ကြိုးစား ထမ်းဆောင်သွားပါမည်။ ကျွန်တော်အနေဖြင့် တာဝန်ဝတ္တရား များကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အဂတိ ကင်းရှင်းစွာဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသ၍ဆောင်ရွက်ပါမည်။ သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုထားသည့်အတိုင်း တာဝန် ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ပါမည်ဟု ဆန္ဒပြု ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်း နှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမည်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်

အစည်းအဝေး ဒုတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အချိန်မီဆက်သွယ်အကြောင်းကြားမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။





သမိုင်းသစ်ကို ရေးကြရမှာဖြစ်ပါတယ်။ လွှတ်တော်မှာပါတီစွဲ၊ဒေသစွဲ၊ လူမျိုးစွဲ မထားဘဲနှင့်နိုင်ငံသူ/နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အတတ်နိုင်ဆုံး လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပထမ အချက်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိမိတို့ လွှတ်တော်သည် နိုင်ငံတော်၏ မဏ္ဍိုင် (၃)ရပ်အနက် ဥပဒေပြုရေး မဏ္ဍိုင်ကို ကျင့်သုံးဆောင်ရွက်ရန် အဓိကတာဝန်ရှိသည့် အားလျော်စွာ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေး လိုအပ်သော ဥပဒေများရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက် ကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်က အတည်ပြုပြီး အုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူထားတဲ့ အစိုးရအနေဖြင့် ပြဋ္ဌာန်းမည့် ဥပဒေသည် ပြည်သူလူထုက အမှန်တကယ် လိုက်နာ နိုင်မည့် ဥပဒေ ဟုတ်/မဟုတ်၊ ပြည်သူတွေကိုအကာအကွယ်ပေးနိုင်သည့် ဥပဒေ ဟုတ်/မဟုတ် လေ့လာသုံးသပ်ပြီး ဥပဒေ၏ အနှစ်သာရပိုင်း၊ ဥပဒေရေးထုံးအပိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင်၊ တည်ဆဲ ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ရန်လိုအပ်ပါတယ်။

ယခု ကျင်းပနေသည့် အစည်းအဝေးမှာ ရှမ်းပြည်နယ်တွင် ကျင်းပသည့် အစည်းအဝေးများအနက် အမြင့်ဆုံးအစည်းအဝေး ဖြစ်ပါတယ်။ ထို့အတူ ပြည်သူတွေက ရွေးချယ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့အား ရွေးချယ်ပေးထားသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များဖြစ်ကြသည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးကာလမှာအပြောအဆို၊ အပြုအမူ၊ အနေအထိုင် စသည့် ရှိသင့်သည့် အဆင့်အတန်းနှင့် လျော်ညီစွာရှိမည်ဟု ကျွန်တော့်အနေဖြင့် ယုံကြည်ထားပါတယ်။

၆၅

## ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၅ ရက်

## [ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ



D/real(wide) (2



၆၇

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၇)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၉၉. ၂၇)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀ ၊ ပုဒ်မခွဲ (ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးရန်ကျော်၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်ကတော့ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရန်ကျော် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ထွန်းလူ(ခ)ဦးဒီကီသည် ခွင့် (၂)ရက်ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှု အပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်ကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်





သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ရှေ့မှောက်မှာ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်မှ ဥက္ကဋ္ဌရှေ့မှောက်မှာ နေရာယူပေးဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုတဲ့အခါမှာ လွှတ်တော် ကိုယ်စားလှယ်များက မတ်တပ်ရပ်ပေးဖို့ဖြစ်ပါတယ်။

**(ဥက္ကဋ္ဌက ကတိသစ္စာတိုင်ပေးပါသည်။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက ကတိသစ္စာပြုပါသည်)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

ကိုယ်စားလှယ်ဦးရေမှာ (၁၃၇)ဦး ၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

**ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယက တို့ထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဒုတိယ နာယကတို့ထံမှ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၀-၂-၂၀၁၆ ရက်စွဲပါစာအမှတ် ၆/၁၂/၉ (၄၆)/ပထစ၊၂၀၁၆ ဖြင့် သဝဏ်လွှာပေးပို့လာပါတယ်။ သဝဏ်လွှာအပြည့်အစုံမှာ-





**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ အရေးကြီးအဆိုတစ်ရပ် တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က အရေးကြီးအဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ရှမ်းပြည်တပ်မတော် RCSS/SSA နှင့် တအာင်းလွတ်မြောက်ရေးတပ်မတော် TNLA - KIA ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားမှုကြောင့် ပြည်သူ့ဘဝများ လုံခြုံမှု ရရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆို ဖြစ်ပါတယ်။ ယခု ဦးစိုင်းထွန်းညဏ်က အဆိုတင်သွင်းဖို့ဖြစ် ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်ဖြစ်ပါ တယ်။ ကျွန်တော် ၁၁-၂-၂၀၁၆မှာ အရေးကြီးအဆို တင်သွင်းသည့်ကိစ္စကိုဖတ်ကြားပါမည်။

အပိုဒ် (၁) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအုပ်စု၊ ညောင်မောင်းကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စုဒေသများတွင် ရှမ်းပြည်တပ်မတော် RCSS/SSA နှင့် တအာင်း လွတ်မြောက်ရေးတပ်မတော် TNLA-KIA ပူးပေါင်းတပ်ဖွဲ့တို့သည် ၇-၂-၂၀၁၆ ရက်နေ့မှ ယနေ့ ၁၁-၂-၂၀၁၆ ရက်နေ့အထိ တိုက်ပွဲပြင်းထန်စွာ ဆက်လက်

ဖြစ်ပွားလျက်ရှိရာ စစ်ပွဲအတွင်း အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုပြီး စစ်ပွဲဆင်နေသဖြင့် ကန့်ကွက်ရှုတ်ချအပ်ပါသည်။

အပိုဒ် (၂) စစ်ပွဲကာလ ၇-၂-၂၀၁၆ နေ့တွင် အရပ်သား ၇ ဦး ဖမ်းဆီး သတ်ဖြတ်ခံရမှု၊ ဆိုင်ကယ် ၇ စီး ဖျက်ဆီးခံရမှု ၈-၂-၂၀၁၆ နေ့တွင် တော့ဆန်ကျေးရွာရှိ ဦးကျော်သိန်းနေအိမ်၊ ဦးညွန့်နေအိမ်၊ ဦးသောင်းတင်နေအိမ် မီးရှို့ခံရမှုအပြင် ဝက် (၄)ကောင် ဖမ်းဆီး လုယက်ခံရမှု၊ ယင်းနေ့တွင်ပင်ညောင်မောင်းကျေးရွာဆရာတော်ဦးသုစိတ္တနှင့်ဦးဇင်း(၁)ပါး ဖမ်းဆီးခေါ်ဆောင်သွားမှု (ယခုချိန်ထိ သေသည်၊ ရှင်သည်မသိရ)စသည့် အပြစ်မဲ့ပြည်သူလူထုများအပေါ် ဖမ်းဆီးသတ်ဖြတ်နေမှုများကို အပြင်းအထန်ကန့်ကွက်ရှုတ်ချပါသည်။

အပိုဒ် (၃)ညောင်မောင်းကျေးရွာအုပ်စု၊ တော့ဆန်ကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စုများအတွင်း ကျောင်းဆရာမများအပါအဝင် ကျောင်းသားများ၊ အရပ်သားပြည်သူများ (၁၀၀၀) ကျော် ၁၀-၂-၂၀၁၆ ပန်စံကျေးရွာ၊ ပန်ကွမ်ကျေးရွာနှင့် ကန့်ကန်ကျေးရွာသို့ ထွက်ပြေးလာခဲ့ပြီး စစ်ဘေးဒုက္ခသည်များအဖြစ် ကျောက်မဲမြို့သို့ တန်းစီရောက်ရှိနေပါပြီ။ မင်းကုန်းကျေးရွာအုပ်စုမှ စစ်ဘေးဒုက္ခသည်များသည် နီးစပ်ရာ မိုင်းလုံမြို့၊ မိုးမိတ်မြို့သို့ ထွက်ပြေးကြရပါသည်။ စာသင်ကျောင်းများ၊ ကျေးရွာများ၊ လူသူကင်းမဲ့လျက်ရှိနေပါပြီ။ ယင်းဒေသပတ်ဝန်းကျင်ရှိ အခြားဒေသများသည်လည်း ပြည်သူများ၏ဘဝလုံခြုံမှုမရှိတော့ပါ။ အဆိုပါ ဒေသမှ ပြည်သူများဘဝလုံခြုံမှုရရှိစေရန် အမြန်ဆုံး အရေးကြီးဖြေရှင်းဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်





၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ အဆိုပါအစည်းအဝေး၌ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလုံးဆိုင်အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်အားလည်းကောင်း ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

မန်းဝင်းခိုင်သန်း၊နာယက ၊ပြည်ထောင်စုလွှတ်တော်၊ အေးသာအောင်၊ ဒုတိယနာယက၊ ပြည်ထောင်စုလွှတ်တော်ဟု ဖော်ပြပါရှိပါတယ်။

ယင်းသဝဏ်လွှာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရကို လည်းကောင်း အလေးအနက်တိုက်တွန်းအပ်ပါသည်။

အပိုဒ် (၄) စစ်ပွဲကာလအတွင်း ပြည်သူများ ပျက်စီးဆုံးရှုံးခဲ့သည်များကို ပြန်လည်ထူထောင်ရမည့် ကာလတွင် အပြည့်အဝကူညီဆောင်ရွက် ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို အလေးအနက် တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းအပ်ပါသည်။

ဆက်လက်ပြီး အပိုဒ်(၁) ရှမ်းပြည်နယ်မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း စစ်ပွဲဆင်နွှဲနေရာမှာ စစ်ပွဲအတွင်း အရပ်သားပြည်သူများကိုလူသားဒိုင်းအဖြစ် အသုံးပြုခြင်းဟာဆိုလျှင် ဘယ်လက်နက်ကိုင်ပဲဖြစ်ဖြစ် အသုံးမပြုသင့်ဘူးလို့ယူဆတယ်။ ထို့ကြောင့်ရှမ်းပြည်နယ် လွှတ်တော်အနေနှင့် ဒီလိုမျိုး ပြည်နယ်အတွင်းမှာရှိတဲ့ လူသားတွေကို စစ်ပွဲအတွင်း လူသားဒိုင်း အဖြစ် အသုံးပြုခြင်းကို ကန့်ကွက်ရှုတ်ချသင့်တယ်လို့ ကျွန်တော်က ထင်မြင်ယူဆလို့ အဆိုတင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။

အပိုဒ်(၂) တော့ဆန်ကျေးရွာမှာ ၇-၂-၂၀၁၆နေ့မှာ လူ(၇)ဦးသတ်ဖြတ်ခံရပါတယ်။ ဒါကတော့ ကျွန်တော်တို့ တပ်မတော်ကလည်း အလောင်းကိုသွားဖော်မိပါတယ်။ ဆိုင်ကယ်ဖျက်ဆီးခံရမှု၊ ဝက်(၄)ကောင် လုယက်ခံရမှု၊ ကျွဲ၊ နွားကတော့ အခုချိန်ထိစာရင်းမရသေးပါဘူး။ ၁၈-၂-၂၀၁၆ ရက်နေ့မှာ ညောင်မောင်းဆရာတော်ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။ အပြစ်မဲ့ပြည်သူများကိုဖမ်းဆီးသတ်ဖြတ်နေတာကို ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့် ကန့်ကွက်ရှုတ်ချသင့်တယ်လို့ ကျွန်တော်ကယူဆလို့ အဆို တင်သွင်းခြင်းဖြစ်ပါတယ်။



D/real(wide) (2



တောင်းရင်း မေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးဖြစ်ပါတယ်။

ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် တင်သွင်းသည့် အရေးကြီးအဆိုသည် စစ်ဘေးဒဏ် ပြည်သူများ လက်ရှိလူဦးရေ ၄၀၀၀ ကျော်တို့၏ ဆုံးရှုံးနစ်နာမှုများ၊ ယင်းတို့၏ ဘဝလုံခြုံမှုများ အရေးဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေးအဆိုကို အလျင်အမြန်ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအားတိုက်တွန်းနှိုးဆော်ထားသည့်အတွက် ဤအဆိုကို လက်ခံဆွေးနွေးသင့်ကြောင်း ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းညဏ်တင်သွင်းသောအရေးကြီး အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်တပ်မတော် RCSS/SSA နှင့် တအာင်းလွတ်မြောက်ရေး တပ်မတော် TNLA-KIA ပူးပေါင်းတပ်ဖွဲ့**

**တို့၏ တိုက်ပွဲပြင်းထန်စွာ ဆက်လက် ဖြစ်ပွားမှုကြောင့် ပြည်သူများ ဘဝလုံခြုံမှုရရှိစေရေးကူညီဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း”** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်း အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။
လွှတ်တော်က သဘောတူပါသည်။ )**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းထွန်းဉာဏ်၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့် အဆိုကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ (သောကြာနေ့)မှာဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီကနေ့အစည်းအဝေး ရပ်နားတဲ့အခါ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။



D/real(wide) (2



အပိုဒ်(၃) ၇-၂-၂၀၁၆မှာပြည်သူ့လွှတ်တော်မှ ဒီအဆိုနှင့် ပတ်သက်၍ အဆိုတင်သွင်းရာ မဲခွဲဆုံးဖြတ်ပါတယ်။ အောင်မြင်သွားသည့်အတွက်ကြောင့် အပိုဒ်(၃) ကို ပြန်ရုပ်သိမ်းပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ အကောင်အထည်ဖော်ပြီး အဆိုအောင်မြင်သွားပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်နေပြီးဖြစ်တဲ့ အပိုဒ်ဖြစ်ပါတယ်။

အပိုဒ်(၄) စစ်ပွဲကာလအတွင်းမှာ ပြည်သူများပျက်စီးဆုံးရှုံးခဲ့သည်များကို ပြန်လည်ထူထောင်ရမည့်ကာလမှာ အပြည့်အဝ ကူညီဆောင်ရွက်ပေးဖို့ ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို အလေးအနက်တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းအပ်ပါသည်ဆိုတာကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်းဖြစ်စဉ်မှာတော့ ပြည်နယ်အဆင့်လောက်သာသတ်မှတ်ပြီး လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးကိုယ်တိုင် ကျောက်မဲသွားပြီး ဒီကိစ္စကို ကိုင်တွယ်ဖြေရှင်းနေတယ်လို့သိရပါတယ်။ ပျက်စီးဆုံးရှုံးခဲ့သည်များကို ပြန်လည်ထူထောင်ရမည့် ကာလမှာ ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် အပြည့်အဝကူညီဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရကို လွှတ်တော်မှတစ်ဆင့် တိုက်တွန်းသင့်သည်ဟု ယူဆလို့ အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ အားလုံးကိုလေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါမယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း

## ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် လွှတ်တော်ဒုတိယဥက္ကဋ္ဌအားဖိတ်ခေါ်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

### ကော်မတီ၏ သက်တမ်း

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း(၁)နှစ်ပြည့်မြောက် သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။



D/real(wide) (2



- နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များ ပါဝင်ခြင်း ရှိ/မရှိ။
- နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ/မရှိ။
- အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ/မရှိ။
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့်အရေးအသား၊ အသုံးအနှုန်းများ။

ကော်မတီအစည်းအဝေးတွင် ကော်မတီတစ်ဦး ပြောဆိုသော (သို့မဟုတ်) ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီ ဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင်ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ပေးပို့သည့် အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

### ကော်မတီ၏ လုပ်ပိုင်ခွင့်

ကော်မတီ၏ လုပ်ပိုင်ခွင့် မှာ အောက်ပါအတိုင်းဖြစ်သည်-

- ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။
- ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။

- ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကြောင်းအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီ၏ ရပိုင်ခွင့်

ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

- ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင်ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရခရီးသွားရာတွင်လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင်လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်းခံစားခွင့်ရှိသည်။
- ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြား





## ကော်မတီ၏ တာဝန်

ကော်မတီ၏ တာဝန်မှာ အောက်ပါ အတိုင်းဖြစ်သည်-

- ပြည်နယ်လွှတ်တော်မှ အတည်ပြုမည့်ဥပဒေကြမ်းများအား ဥပဒေအင်္ဂါရပ်နှင့်ညီညွတ်မှုရှိ/မရှိ၊ ပြည့်စုံလုံလောက်မှု ရှိ/မရှိ လေ့လာသုံးသပ်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ အကြံပြုရန်။
- အတည်ပြုသည့်ဥပဒေသည် ပြည်သူများနှင့် ဌာန၊ အဖွဲ့အစည်းများအတွက် အမှန်တကယ် လိုက်နာနိုင်သည့် ဥပဒေဖြစ်/မဖြစ် စိစစ်ရန်။
- ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ပါ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ် ဥပဒေပြုစာရင်းမှ အများပြည်သူအတွက် လိုအပ်သည့် ဥပဒေကြမ်းများရေးဆွဲပြဋ္ဌာန်းနိုင်ရေး အကြံပြုရန်။
- ပြည်နယ်အတွက်လက်ရှိတည်ဆဲဥပဒေများထဲမှ ဖြည့်စွက်၊ပြုပြင်၊ပယ်ဖျက်သင့်သည့် အကြောင်းအရာများ၊ ပုဒ်မများနှင့်စပ်လျဉ်း၍အကြံပြုရန်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံပြီးစိစစ်ရန်-

- နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ။
- နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွား ကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ/မရှိ။

ဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

- ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏အကြီးအမှူးမှတစ်ဆင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။
- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်တို့ဖြစ်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အဖွဲ့အစည်းများဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍





(၁၀) ဦးအောင်ထွဏ်း နမ့်ဆန်-၂ အဖွဲ့ဝင်
(၁၁) ဗိုလ်မှူးအောင်မျိုးကြည် ကြည်း-၂၆၁၉၀ အဖွဲ့ဝင်

တို့ဖြစ်ကြပြီး

ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးစဝ်အောင်မြတ် (ခ) ဦးအောင်မြတ်နှင့် အတွင်းရေးမှူးအဖြစ် ဦးညီညီ (ခ) ဦးညီလေးချမ်းတို့ဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ဒီကနေ့အစည်းအဝေးရပ်နားတဲ့အခါမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များ နှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များကို ရှင်းလင်းပေးဖို့အတွက် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးစဝ်အောင်မြတ် (ခ) ဦးအောင်မြတ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။



D/real(wide) (3

ကျွန်တော်ကတော့ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏သက်တမ်း၊တာဝန်၊လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို လွှတ်တော်သို့တင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း (၁)နှစ်ပြည့်မြောက် သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ် အစားထိုး တာဝန်ပေး အပ်နိုင်သည်။

**ကော်မတီ၏ တာဝန်**

ကော်မတီ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်-

- ရှမ်းပြည်နယ်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် တိုင်းရင်းသားလူမျိုးများ၏အရေးကို လိုအပ်သည့်အခါ စနစ်တကျနှင့်ပြည့်စုံမှန်ကန်စွာ လေ့လာတင်ပြနိုင်ရမည်။
- ပြည်နယ်လွှတ်တော်သို့ တိုင်းရင်းသားလူမျိုးရေးရာနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ရမည်။
- တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ အရလည်းကောင်း၊၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ



D/real(wide) (3



ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင် ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်ဟု ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃ နှင့် ၂၄ တို့မှာ ပြဌာန်းထားပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်ကိုတင်ပြပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ် | ရွာငံ-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးညီညီ (ခ) ဦးညီလေးချမ်း | ပင်းတယ-၂ | အတွင်းရေးမှူး |
| (၃) | ဒေါ်မေရီရှို့ | ဖယ်ခုံ-၁ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းအောင်ကျော်ဦး | ကွန်ဟိန်း-၂ | အဖွဲ့ဝင် |
| (၅) | ဦးခွန်ဒီဂေါလ် | လွိုင်လင်-၁ | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းအောင်မျိုးကျော် | လင်းခေး-၁ | အဖွဲ့ဝင် |
| (၇) | ဦးပီတာသောင်းစိန် | ကျိုင်းတုံ-၂ | အဖွဲ့ဝင် |
| (၈) | ဦးစိုင်းထွန်းညဏ် | ကျောက်မဲ-၂ | အဖွဲ့ဝင် |
| (၉) | ဦးမောင်ညို | မဘိမ်း-၁ | အဖွဲ့ဝင် |

၆၃၊ ၆၄ အရလည်းကောင်း လိုက်နာဆောင်ရွက်တင်ပြရမည်။

- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသောသို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီ ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက် အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်း မပြုရ။ ပြည်နယ်လွှတ်တော်သို့ပေးပို့သည့် အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ပေးပို့ရမည်။
- ကော်မတီ၏ တင်ပြချက်နှင့်အကြံပြုချက်များသည် တိုင်းရင်းသားလူမျိုးများအရေးနှင့် စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များ ဖြစ်ရမည့်အပြင် တိုင်းရင်းသားလူမျိုးများအရေးကို အကျိုးဝင်သောတင်ပြချက်၊အကြံပြုချက်များလည်း ဖြစ်ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

ကော်မတီ၏ လုပ်ပိုင်ခွင့် မှာ အောက်ပါအတိုင်းဖြစ်သည်-

- ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ပါ ပြဋ္ဌာန်းချက်များနှင့်အညီကျင်းပရမည်။



D/real(wide) (3



- ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏အကြီးအမှူးမှ တစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါကဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။
- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်တို့ဖြစ်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် အဖွဲ့ဝင်များကို အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်ကိုတင်ပြပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းကျော်သိန်း | မူဆယ်-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းကျော် | မိုင်းဖြတ်-၁ | အတွင်းရေးမှူး |

| | | | |
|---|---|---|---|
| (၃) | ဦးသိန်းဇော်မိုး | ညောင်ရွှေ-၂ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းကျော်ဇေယျ | လဲချား-၁ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းပန် | မိုင်းကိုင်-၁ | အဖွဲ့ဝင် |
| (၆) | ဦးခွန်ဟန်သိန်းဦး | မောက်မယ်-၂ | အဖွဲ့ဝင် |
| (၇) | ဦးအိုက်ခမ်းလှိုင် | မိုင်းယောင်း-၁ | အဖွဲ့ဝင် |
| (၈) | ဦးတင်ဝင်း | မိုင်းယန်း-၂ | အဖွဲ့ဝင် |
| (၉) | ဦးကိန်မိုင် | မူဆယ်-၂ | အဖွဲ့ဝင် |
| (၁၀) | ဦးစိုင်းစိန်လူ | သိန္နီ-၂ | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်မှူးရီမွန် | ကြည်း-၃၅၃၉၆ | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းကျော်သိန်းနှင့် အတွင်းရေးမှူးအဖြစ် ဦးစိုင်းကျောက်တို့ဖြစ်ကြောင်းတင်ပြပါတယ်။ ဖွဲ့စည်းရန်လျာထားသော တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့် စပ်လျဉ်းပြီး၂၀၁၆ ခုနှစ်၊ဖေဖော်ဝါရီလ ၂၆ ရက်နေ့ (သောကြာနေ့) မှာဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ဒီကနေ့အစည်းအဝေးရပ်နားတဲ့အခါမှာ ပြည်နယ်လွှတ်တော်ရုံးအကြီးအမှူး၊ ညွှန်ကြားရေးမှူးထံအမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။



D/real(wide) (3



- ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။
- ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
- ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

ကော်မတီ၏ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

- ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံး တွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင်လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့်ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့်ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။
- ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းဖတ်ကြားပေးပါရန် ဒုတိယဥက္ကဋ္ဌအားဖိတ်ခေါ်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို လွှတ်တော်သို့ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

### ကော်မတီ၏ သက်တမ်း

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း(၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။





- လွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ကြားထားသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း တစ်ရပ်ရပ်၏ အဖွဲ့ဝင်များအား သတ်မှတ်ချက်များနှင့်အညီ စိစစ်နိုင်သည်။
- ခွင့်တိုင်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ တင်ပြနိုင်သည်။

### ကော်မတီ၏ ရပိုင်ခွင့်

ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

- ကော်မတီအဖွဲ့ဝင်များသည် ကော်မတီ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင်ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင်လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့်ချီးမြှင့်ငွေနှင့်စရိတ်များ ဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။
- ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပအခြား ဥပဒေအရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့် ရှိသည်။



D/real(wide) (3

- ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့် ရှိသည်။
- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်တို့ဖြစ်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ လွှတ်တော်ကိုယ်စားလှယ် များစိစစ်ရေးကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော် ကိုတင်ပြပါတယ်-





**ကော်မတီ၏တာဝန်**

ကော်မတီ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်-

- လွှတ်တော်အစည်းအဝေးများ ကျင်းပရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ခြင်း။
- လွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ကြားထားသောလူပုဂ္ဂိုလ်၊ အဖွဲ့အစည်း များ၏ အဖွဲ့အစည်းဝင်များအား စိစစ်ခြင်း။
- ခွင့်တိုင်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်းအား စိစစ်ခြင်း။
- လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌမှပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော (သို့မဟုတ်) ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

ကော်မတီ၏လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

- လွှတ်တော်အစည်းအဝေးသို့တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအား သတ်မှတ်ချက်များနှင့်အညီ စိစစ်နိုင်သည်။

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးထွန်းရင် | ညောင်ရွှေ-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးလင်းအောင်ဆွေ | နမ့်စန်-၁ | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းစံထွန်း | ကွန်ဟိန်း-၁ | အဖွဲ့ဝင် |
| (၄) | ဦးစောမူးလာ | မိုင်းတုံ-၁ | အဖွဲ့ဝင် |
| (၅) | ဦးမင်းမင်းသိန်း | မဘိမ်း-၂ | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး

လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးထွန်းရင်နှင့် အတွင်းရေးမှူးအဖြစ် ဦးလင်းအောင်ဆွေတို့ဖြစ်ကြောင်းတင်ပြပါတယ်။ ဖွဲ့စည်းရန်လျာထားသော လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီများ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ (သောကြာနေ့)မှာဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ဒီကနေ့အစည်းအဝေး ရပ်နားတဲ့အခါမှာ ပြည်နယ် လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံတွင် အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်



D/real(wide) (3



## ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး(တတိယနေ့)မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**

**၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်**

**[သောကြာနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

**ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့)အားကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင်နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၇)ဦး ရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၃၁)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၉၅. ၆၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)အရအစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။





အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့(သောကြာနေ့) နံနက်(၁၀း၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ (သောကြာနေ့) နံနက်(၁၀း၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအား အသိပေးတင်ပြအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ (က)အရ ခွင့်ပန်ကြားလိုသည့် လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်ကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးခွန်မောင်ဖြူ၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်



D/real(wide) (3



(တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၇)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ဆွေးနွေးဖို့အမည်

စာရင်း ပေးထားပါတယ်။ ဒါကြောင့် ပထမဦးစွာ အဆိုကို မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးအားကိုဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်တင်သွင်းသည့် အရေးကြီး အဆိုကို ဆွေးနွေးတင်ပြလိုပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအုပ်စု၊ ညောင်မောင်းကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စုဒေသများတွင် ရှမ်းပြည်တပ်မတော် ( RCSS/ SSA)နှင့် တအာင်းလွတ်မြောက်ရေးတပ်မတော် (TNLA/ KIA) ပူးပေါင်းတပ်ဖွဲ့တို့သည် (၇-၂-၂၀၁၆)ရက်နေ့မှ (၁၁-၂-၂၀၁၆) ရက်နေ့အထိ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာ စစ်ပွဲ အတွင်း အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုပြီး စစ်ပွဲဆင်နေသဖြင့် ကန့်ကွက်ရှုတ်ချပါကြောင်း၊ စစ်ပွဲကာလ ဖြစ်သည့် (၇-၂-၂၀၁၆)ရက်နေ့တွင် အရပ်သား(၇)ဦး ဖမ်းဆီး သတ်ဖြတ်ခံရမှု၊ ဆိုင်ကယ်(၇)စီး ဖျက်ဆီးမှု၊ (၈-၂-၂၀၁၆) ရက်နေ့တွင် တော့ဆန်ကျေးရွာရှိ ဦးကျော်သိန်းနေအိမ်၊ ဦးညွန့်နေအိမ်နှင့် ဦးမောင်တင်နေအိမ် မီးရှို့ခံရမှုအပြင် ဝက်(၄)ကောင် ဖမ်းဆီးလုယူ ခံရမှု၊ ယင်းနေ့တွင်ပင် ညောင်မောင်းကျေးရွာ ကျောင်းထိုင် ဆရာတော်



D/real(wide) (4



အစည်းအဝေး (တတိယနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ဖော်ပြပါ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၅ ဦးအား လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စားတင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်

(၂) ဦးစံလွင်၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်

(၃) ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁) ရက်။

(၄) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁) ရက်။

(၅) ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

ဒီကနေ့ ခွင့်လျှောက်ထားသူ အားလုံး(၅)ဦးရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး

ဦးသုစိတ္တ အပါအဝင် ဦးဇင်း(၁)ပါး ဖမ်းဆီးခေါ်ဆောင်သွားမှု (ယခုထိ သေသည်၊ရှင်သည်မသိရ)စသည့် အပြစ်မဲ့ ပြည်သူလူထုများအပေါ် ဖမ်းဆီးသတ်ဖြတ်နေသည်ကို အပြင်းအထန် ကန့်ကွက်ရှုတ်ချပါကြောင်း၊ ထို့အပြင်ညောင်မောင်းကျေးရွာအုပ်စု၊ တော့ဆန်ကျေးရွာအုပ်စုနှင့်မင်းကုန်း ကျေးရွာအုပ်စုများ အတွင်းရှိ ကျောင်းဆရာ/ ဆရာမများအပါအဝင် ကျောင်းသား/ကျောင်းသူများ၊ အရပ်သားပြည်သူများ တစ်ထောင်ကျော် (၁၀-၂-၂၀၁၆) ရက်နေ့တွင် ပန်စံကျေးရွာ၊ ပန်ကွမ်ကျေးရွာနှင့်ကန့်ကန်ကျေးရွာသို့ ထွက်ပြေးလာခဲ့ပြီး စစ်ဘေးဒုက္ခသည်များအဖြစ် ကျောက်မဲမြို့သို့ ရောက်ရှိနေပါကြောင်း အရေးကြီးအဆို တင်သွင်းခဲ့ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ပွဲတစ်ခုဖြစ်လာခဲ့ပြီဆိုလျှင် နှစ်ဖက်သောလက်နက်ကိုင်အဖွဲ့အစည်းများတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများရှိသကဲ့သို့ ဒေသအတွင်းရှိ အပြစ်မဲ့ပြည်သူများနှင့် ကျောင်းသား/ကျောင်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှု၊ ယုံကြည်မှုတည်ဆောက်ရေးအတွက် ထိခိုက်နစ်နာမှုများစွာရှိလာနိုင်ပါတယ်။

မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ မှာ နိုင်ငံတော်သည်-

(က) တိုင်းရင်းသားများ၏ စကား၊စာပေ၊ အနုပညာ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။





အရေးကြီးအဆိုတင်သွင်းမှုကို ထောက်ခံပါကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** ဒုတိယအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ အရေးကြီးအဆိုကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ (၂၅-၂-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် တင်သွင်းသော အရေးကြီးအဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစိုင်းထွန်းဉာဏ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအုပ်စု၊ ညောင်မောင်းကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စု ဒေသများတွင် ရှမ်းပြည်တပ်မတော် (RCSS/SSA)နှင့် တအာင်းလွှတ်မြောက်ရေးတပ်မတော် TNLA/KIA)ပူးပေါင်းတပ်ဖွဲ့တို့သည် (၇-၂-၂၀၁၆)ရက်နေ့မှ (၁၁-၂-၂၀၁၆)ရက်နေ့အထိ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာ စစ်ပွဲအတွင်း အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုပြီး စစ်ပွဲဆင်နွှဲလျက်ရှိကြောင်း၊ စစ်ပွဲကာလမှာ (၇-၂-၂၀၁၆)



D/real(wide) (4

ရက်နေ့တွင် အရပ်သား(၇)ဦး ဖမ်းဆီးသတ်ဖြတ်ခံရကြောင်း၊ ဆိုင်ကယ်(၇)စီး ဖျက်ဆီးခံရကြောင်း၊ (၈-၂-၂၀၁၆) ရက်နေ့ တွင် တော့ဆန်ကျေးရွာရှိ နေအိမ်(၇)လုံးမီးရှို့ခံရကြောင်း၊ ဝက်(၄)ကောင် ဖမ်းဆီးလုယက်ခံရကြောင်း၊ညောင်မောင်းကျေးရွာဆရာတော် အား ဖမ်းဆီးခေါ်ဆောင်သွားပြီး (၁၁-၂-၂၀၁၆) ရက်နေ့အထိ သေသည်၊ ရှင်သည်မသိရကြောင်း၊ ညောင်မောင်းကျေးရွာအုပ်စု၊ တော့ဆန်ကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စုများအတွင်းရှိ ကျောင်းဆရာ/ဆရာမများအပါအဝင် ကျောင်းသားများ၊ အရပ်သားပြည်သူများ၊ ပန်စံကျေးရွာ၊ ပန်ကွမ်ကျေးရွာနှင့်ကန့်ကန် ကျေးရွာများမှ ပြည်သူများသည်ကျောက်မဲမြို့သို့ စစ်ရှောင် ထွက်ပြေးလာခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများ၊ ကျေးရွာများ တွင်လည်း လူသူကင်းမဲ့ပြီး ပြည်သူများ၏ဘဝလုံခြုံမှုမရှိတော့ ကြောင်း၊ ယင်းဒေသများမှ ပြည်သူများ၏ဘဝရပ်တည်ရေးလုံခြုံမှု ရရှိစေရန်နှင့်စစ်ပွဲ ကာလအတွင်း ပြည်သူများ၏ ပျက်စီးဆုံးရှုံး ခဲ့သည်များကို ပြန်လည်ထူထောင်ရမည့်ကာလတွင် အပြည့်အဝ ကူညီဆောင်ရွက်ပေး ပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရထံသို့ တိုက်တွန်း ပါကြောင်း အရေးကြီးအဆို တစ်ရပ်တင်သွင်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းအရေးကြီး အဆိုနှင့် ပတ်သက်ပြီး အနည်းငယ်ဆွေးနွေးလိုပါတယ်။ တိုက်ပွဲဖြစ်တယ် ဆိုတာ တစ်ဘက်နှင့်တစ်ဘက်ဖြစ်နေသည့် နယ်မြေပြဿနာကို စားပွဲဝိုင်းမှာ အဖြေမရှာဘဲ လက်နက်ဖြင့် ဖြေရှင်းနေကြလို့ တိုက်ပွဲ ဖြစ်ပွားရခြင်းဘဲဖြစ်ပါတယ်။ တိုက်ပွဲဖြစ်ကြပြီဆိုရင် တစ်ဘက်နှင့် တစ်ဘက်သကြန်မှာ ရေလောင်းသလိုမျိုးမဟုတ်ဘဲ လူသေ စေသည့် လက်နက်နှင့်ပစ်ခတ်ကြလို့ တိုက်ပွဲအတွင်းမှာညှပ်မိနေတဲ့ လူသူ တိရစ္ဆာန်တွေ သေကြေပျက်စီးကြရတာဖြစ်ပါတယ်။ စစ်ပွဲဖြစ်လာပြီ





(ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးသည့် တိုင်းရင်းသား များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ပါရှိပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ အရ** ပြည်ထောင်စု အစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်ဟုဖော်ပြပါရှိ ပါတယ်။

အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ နှင့် ၂၁၉ တို့အရ ကျောက်မဲမြို့နယ်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုများစွာ နစ်နာဆုံးရှုံးစေခဲ့ ပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ဒါကြောင့်တစ်မြေတည်းနေ တစ်ရေတည်းသောက်နေ ကြသော တိုင်းရင်းသားညီအစ်ကိုများအချင်းချင်း လက်နက်ကိုင် စစ်ပွဲဆင်နွှဲမည့်အစား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ငဲ့ညှာသောအားဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးကာ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းဆွေးနွေးတင်ပြလိုပါတယ်။ နိဂုံးချုပ်အနေဖြင့် ကျောက်မဲ မြို့နယ်ရှိ စစ်ဘေးခံစားနေရသော ပြည်သူလူထုများပျက်စီးဆုံးရှုံး ခဲ့သည်များကို ပြန်လည်ထူထောင်ရမည့်ကာလတွင် အပြည့်အဝ ကူညီဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့ အလေးအနက်တိုက်တွန်းပါကြောင်း

ဆိုလျှင်ဘယ်ဘက်ကနိုင်တယ်။ရှုံးတယ်ဆိုတာမရှိဘဲ။ နှစ်ဖက်စလုံး အရှုံးနှင့်ရင်ဆိုင်ကြရမှာဘဲဖြစ်ပါတယ်။ စစ်ကြောင့်အပြစ်မဲ့ပြည်သူ၊ သံဃာတော် ၊ကျောင်းသား၊ ကျောင်းသူတွေဟာမြေစာပင်ဖြစ်ကြရစမြဲဖြစ်ပါတယ်။

မြန်မာနိုင်ငံကို အခြားသော နိုင်ငံများနည်းတူ တိုးတက်ဖွံ့ဖြိုးအောင် တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမဲ့ အချိန်မှာ ညီအစ်ကိုအချင်းချင်းရန်ဖြစ်နေကြတာဟာ နိုင်ငံအတွက် အနုတ်လက္ခဏာဆောင်စေပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲ၊နမ့်ဆန်၊နမ့်ခမ်းဒေသတွေရဲ့ ဖြစ်စဉ်ကို လေ့လာကြည့်မယ်ဆိုရင် ယခင်နှစ်တွေက ယင်းဒေသတွေမှာ အင်မတန် အေးချမ်းတဲ့ဒေသဖြစ်ခဲ့ပါတယ်။ ပြည်သူတွေ စိတ်အေးချမ်းစွာနဲ့ လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလကစပြီး ရှမ်းပြည်တပ်မတော် RCSS (၂၀၁၂ ခုနှစ်မှာ NCA လက်မှတ်ရေးထိုးပြီး)အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသကို ဝင်ရောက်လာကတည်းက ဒီအခြေအနေက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။

တိုက်ပွဲဖြစ်ပြီဆိုရင် လူထုတွေအုပ်စုလိုက်ဝေးရာကို ထွက်ပြေးကြပြီး လူသားတံတိုင်းအတွက် အသုံးချတယ်လို့ ထင်မြင်ယူဆစရာဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အမှန်ကတော့မဟုတ်ပါဘူး။ တိုက်ပွဲဖြစ်ပြီဆိုလျှင် ပြည်သူလူထုတွေ၊ တိရစ္ဆာန်တွေထိမှန်တာရှိနိုင်ပါတယ်။ လက်နက်ကြီးကျလို့ အိမ်တွေမီးလောင်တာလည်း ဖြစ်နိုင်ပါတယ်။ ညောင်မောင်းဆရာတော်သည် ဘေးမသီရန်မခဘဲ ၄င်းကျောင်းမှာကျန်မာစွာနှင့် သီတင်းသုံးလျက်ရှိကြောင်း၊ RFA အင်တာဗျူးတစ်ခု တွေ့လိုက်ရပါတယ်။ စစ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြရတဲ့ ပြည်သူတွေ ကျောက်မဲမြို့ပေါ်မှာစခန်း





စေလိုကြောင်း”ပြောကြားခဲ့ပါတယ်။ မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က ထုတ်ဝေတဲ့ မန္တလေးရတနာပုံသတင်းစာပါ (၂၄-၂-၂၀၁၆) ရက်နေ့ စာမျက်နှာ(၃၂)တွင်ဖော်ပြထားသော ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်၊ ကျောက်မဲမြို့နယ်အတွင်း SSA ရှက်ဆစ်အဖွဲ့နှင့် TNLA အဖွဲ့များသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်မှ ယခုဖေဖော်ဝါရီလ ၁၉ ရက်နေ့အထိ တိုက်ပွဲအကြိမ်(၂၀)ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါလက်နက်ကိုင်အဖွဲ့များသည် ကျေးရွာများကို မီးရှို့ခြင်း၊ ရဟန်းသံဃာတော်များကို ဖမ်းဆီးခြင်း၊ ရွာသူ/ရွာသားများကိုဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ရာ ဖေဖော်ဝါရီလ(၁၀)ရက်မှ (၁၅)ရက်အတွင်း ကျောက်မဲခရိုင်အတွင်းမှ ဒေသခံပြည်သူအမျိုးသား(၁၄၆၇)ဦး၊ အမျိုးသမီး (၂၁၉၀)ဦး၊ စုစုပေါင်း (၃၆၅၇)ဦးတို့သည် ကျောက်မဲမြို့ပေါ်နှင့် မိုးမိတ်၊ နမ့်ဆန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊မုံးဝီးကျေးရွာများသို့ တိမ်းရှောင်လျက်ရှိပါတယ်။

အဆိုပါတိုက်ပွဲများနှင့်ပတ်သက်ပြီး တိုင်းရင်းသား ညီအစ်ကိုအချင်းချင်းကြား ညှိနှိုင်းဖြေရှင်းနေကြောင်း၊ မြေပြင်သတင်းများအရလည်းကောင်း၊ နှစ်ဖက်အဖွဲ့အချင်းချင်း၏ ထုတ်ပြန်ပြောကြားချက်များအရလည်းကောင်းသိရသည့်အတွက် တပ်မတော်အနေဖြင့် စောင့်ကြည့်ခဲ့ကြောင်း၊ သို့သော်ဒေသခံပြည်သူများအနေဖြင့် ဘေးဒုက္ခပိုမိုကြုံတွေ့လာရသဖြင့် ဖော်ပြပါ (၁၂)ရက်အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက SSA(ရှက်ဆစ်)အဖွဲ့မှ JMCU ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်မြထံသို့ SSA (ရှက်ဆစ်)အဖွဲ့ကို သဘောတူသတ်မှတ်ပေးထားသည့် နေရာသို့ပြန်လည်ထွက်ခွာစေရန်နှင့် SSA(ရှက်ဆစ်)အဖွဲ့ နယ်မြေကျူးကျော်ဝင်ရောက်ခဲ့မှုအပေါ် ပြင်းထန်စွာကန့်ကွက်အကြောင်းကြားစာပေးပို့ခဲ့ပြီး မြန်မာနိုင်ငံပြန်လည်ထူထောင်ရေး



D/real(wide) (4

ဗဟိုဌာနချုပ် (Myanmar Peace Center)သို့လည်း အကြောင်းကြားခဲ့ကြောင်း၊ သို့ရာတွင် SSA (ရှက်ဆစ်)အဖွဲ့ အနေဖြင့် သတ်မှတ်နေရာသို့ ပြန်လည်ထွက်ခွာမည်မဟုတ်ကြောင်း အကြောင်းကြားလာသည့် အပြင် လက်နက်ကိုင် အင်အား ပိုမိုမြှင့်တင် ဝင်ရောက်လာခြင်း ၎င်းအဖွဲ့များ၏ လှုပ်ရှားမှုများသည် ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ထိခိုက်စေခြင်း များကြောင့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၁) ပုဒ်မ ၂၀(င)အရလည်းကောင်း၊ အခန်း (၇)၊ ပုဒ်မ ၃၄၁ အရ လည်းကောင်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ နယ်မြေခံတပ်များ အဆိုပါ နယ်မြေအတွင်း ဝင်ရောက် ရှင်းလင်း လျက်ရှိကြောင်း သတင်းစာမှာ ပါရှိပြီးဖြစ်ပါတယ်။

ဒီအချက်ကိုကြည့်ခြင်းအားဖြင့် စစ်ဖြစ်ပွားရသည့် ပကတိ အခြေအနေကို သုံးသပ်မိပြီးဖြစ်ပါတယ်။ နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော စည်းကမ်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို လေးစား လိုက်နာမည်ဆိုပါက ပြည်သူများ၏ ဘဝလုံခြုံအေးချမ်းမှာဖြစ် ပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်၏ စစ်ပွဲကြောင့် ပြည်သူများ၏ ဘဝလုံခြုံမှုရှိစေရန် နှင့် စစ်ပွဲကြောင့် ပြည်သူများ၏ ပျက်စီးဆုံးရှုံးနေမှုများကို ပြန်လည် ထူထောင်ရန်အတွက် အပြည့်အဝ ကူညီဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့အား အလေးအနက်တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (4



(၁၇)ခု ဖွင့်လှစ်ပြီး လူပေါင်း လေးထောင်ကျော်ကို စောင့်ရှောက် လျက်ရှိကြောင်းသိရပါတယ်။

ယခုရက်ပိုင်းအတွင်းမှာ မြန်မာ့တပ်မတော်က နမ့်ဆန် မြို့နယ်၊ ပန်နင်းကျေးရွာအနီးက တောင်ကုန်းတစ်ခုကို စစ်ရဟတ် ယာဉ်နှစ်စီးနဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့လို့ ပန်နင်းရွာမှ စစ်ရှောင်ပြည်သူတွေ ကျောက်မဲမြို့နယ်ကို ထပ်မံဝင်ရောက် လာကြောင်း အချိန်နှင့်တစ်ပြေးညီသိရှိရပါတယ်။

အလားတူ နမ့်ခမ်းမြို့နယ်၊ မုံးဝီးမြို့အတွင်းစစ်ဘေးရှောင် ဒုက္ခသည်(၁၆၀၀)ဦးခန့်ရှိကြောင်းသိရှိရပါတယ်။ ဒါဟာစစ်ကြောင့် ပြည်သူတွေအိုးမဲ့အိမ်မဲ့ဘဝရောက်နေကြရခြင်းဖြစ် ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ပိုင်သတင်းစာဖြစ်တဲ့ ကြေးမုံသတင်းစာမှာ (၂၈-၂-၂၀၁၆) ရက်စွဲပါ သတင်းတစ်ပုဒ်ကို တင်ပြလိုပါတယ်။ သတင်းစာမှာ (၂၂-၂-၂၀၁၆)ရက်နေ့တွင် ပြည်ထောင်စုပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committe Union)(J MC U)၏ စတုတ္ထအကြိမ် အစည်းအဝေး(ပထမနေ့)ဆွေးနွေးပွဲကို မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပခဲ့ကြောင်း၊ ၎င်းအစည်းအဝေးတွင် (J MC U)အတွင်းရေးမှူး ဗိုလ်မှူးကြီးဝဏ္ဏအောင်က " ရှမ်းပြည်မှာက TNLA နဲ့ RCSS တို့တိုက်ပွဲဖြစ်ပွားတာပါ။ တိုက်ပွဲ ဖြစ်တဲ့ဖြစ်စဉ်မှာ တပ်မတော်အနေနဲ့ မပါဝင်ခဲ့ပါဘူး။ ၂၀၁၂ ခုနှစ် က RCSS /SSA နဲ့ ငြိမ်းချမ်းရေးလက်မှတ်ထိုးတုန်းက သတ်မှတ် ထားတဲ့ နယ်မြေတွေရှိပါတယ်။ RCSS /SSA အနေနဲ့ သတ်မှတ် ထားတဲ့ နယ်မြေမှာ နေထိုင်ဘို့၊ နယ်မြေကျော်လွန်မသွားဘို့ ၊ နယ်မြေကျော်လွန်သွားတော့ အခုလိုမလိုလားအပ်တဲ့ ပြဿနာ တွေဖြစ်တတ်တာကြောင့် ပြဿနာမဖြစ်အောင် နေထိုင်သွားကြ

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး ၊ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏သာယာခြင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီးဖြစ်ပါတယ်။ (၂၅-၂-၂၀၁၆)ရက်နေ့ ဒုတိယအကြိမ်၊ ရှမ်းပြည်နယ် လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်၏ အရေးကြီးအဆို တင်သွင်းခြင်းအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၇-၂-၂၀၁၆ ရက်နေ့မှ စတင်ဖြစ်ပွားခဲ့တဲ့ ကျောက်မဲမြို့နယ်အတွင်းရှိ တော့ဆန်၊ညောင်မောင်း၊ မင်းကုန်းကျေးရွာများမှာ ရှမ်းပြည်တပ်မတော် RCSS နှင့် တအာင်းလွတ်မြောက်ရေးတပ်မတော် TNLA တို့ နယ်မြေကျူးကျော်မှုနှင့်ပတ်သက်၍ ဖြစ်ပွားခဲ့သော စစ်ပွဲကြောင့် အသတ်ခံလိုက်ရတဲ့ အပြစ်မဲ့ ပြည်သူတွေ၊ စိတ်လုံခြုံမှုမရှိတော့တဲ့ အမျိုးသမီးများနှင့်ကလေးငယ်တွေ၊ အတန်းတင်စာမေးပွဲဖြေဆိုကြရမည့် ကျောင်းသားများ၊ ပူပင်သောကများစွာနဲ့ ထွက်ပြေးတိမ်းရှောင်နေကြရတဲ့ ပြည်သူအားလုံးအတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်များစွာ စိတ်မကောင်းဖြစ်ရပါတယ်။





ပညာရေးမြှင့်တင်ရေးတို့ကိုလည်းဖော်ဆောင်နိုင်မည်မဟုတ်ပါ။ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က **“ငြိမ်းချမ်းမှုမရှိဘဲနဲ့ဘယ်လိုမှချမ်းသာကြွယ်ဝမှုရရှိနိုင်မှာမဟုတ်ဘူး”**လို့ ချင်းပြည်နယ်နေ့မှာ ပြောကြားသွားခဲ့ပါတယ်။

လက်ရှိအစိုးရလက်ထက်တွင်လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့ သမ္မတကြီးဦးသိန်းစိန်၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်းမူ ၈ ချက်နှင့် ငြိမ်းချမ်းရေး စတင် အကောင်အထည် ဖော်ခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA မှာတိုင်းရင်းသား လက်နက်ကိုင် ၈ ဖွဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ လက်မှတ်မထိုးဘဲ ကျန်ရှိနေသေးတဲ့ လက်နက်ကိုင်တိုင်းရင်းသားများ အနေဖြင့်လည်း မကြာမီရက်ပိုင်း အလိုတွင် ဖွဲ့စည်းတော့မည့် အစိုးရသစ် လက်ထက်မှာ လက်နက်ကိုင်တိုင်းရင်းသားအားလုံးပါဝင်တဲ့ **“တစ်နိုင်ငံလုံး လုံးဝ အပစ်ရပ်စာချုပ်”**ကို ချုပ်ဆိုနိုင်လိမ့်မည်ဟု ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မျှော်လင့်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့်လည်း မျှော်လင့်နေမယ်လို့ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံရေးအရဖြစ်ပွားနေကြတဲ့ စစ်ပွဲများကို နိုင်ငံရေးနည်းဖြင့်သာ တိုင်းပြည်အပေါ် စစ်မှန်သောချစ်စိတ်ဖြင့်သာ ဖြေရှင်းသင့်ကြောင်း၊ အကျိုးစီးပွားကို ဦးတည်ပြီး စစ်ပွဲတွေ ဆက်လက်ဖြစ်ပွားနေအုံးမယ်ဆိုရင်တော့ အပြစ်မဲ့ပြည်သူတွေ မြေစာပင်ဖြစ်ကြရပြီး ရောင်စုံဒုက္ခရောက်ကြရမည်မှာမလွဲပေ၊ လက်ရှိ တိုင်းပြည်အခြေအနေကလည်း ကမ္ဘာအဆင့်မပြောနဲ့ ၊ အာရှမှာပင်ဘက်စုံမွဲပြာကျ အဆင်းရဲဆုံးနိုင်ငံအဆင့်ရောက်နေပါပြီ။ လက်နက်ကိုင် အဖွဲ့များအားလုံးအနာဂတ်မြန်မာ



D/real(wide) (4

နိုင်ငံအရေးကို မှန်ကန်စွာမျှော်တွေးပြီး ကမ္ဘာသက်တမ်းအရှည်ဆုံး ပြည်တွင်း စစ်ကြီးကို စားပွဲဝိုင်းပေါ်မှာ အမြန်ဆုံးအဖြေရှာသင့်ပါပြီ။ ဒီအတိုင်း မညီညွတ်ဘဲပြည်တွင်းစစ်ဆက်ဖြစ်နေအုံးမယ်ဆိုရင် သစ်တောကုန်၊ သယံဇာတကုန် ၊ လူမျိုးပျောက်ဖြစ်ပွားနိုင်ပြီး **"နွားကွဲရင် ကျားဆွဲဆိုတဲ့ စကားအတိုင်း"** နောင်တစ်ချိန်မှာ တိုင်းပြည်တစ်ခြမ်းသူတစ်ပါးလက်အောက်ရောက်ရှိသွားနိုင်ပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အမတ်များအနေဖြင့်လည်း လွှတ်တော်အတွင်းညီညွတ်မှုသာမက လွှတ်တော်ပြင်ပနိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ ပြည်သူများ ၊ CSO များ၊ အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာအပစ်အခတ် ရပ်စဲခြင်းမှအစပြုပြီး ထာဝရ ငြိမ်းချမ်းရေးဆီသို့ရောက်ရှိအောင် နိုင်ငံရေးနည်းဖြင့် အဖြေရှာကြပါလို့ လေးစားစွာ တိုက်တွန်းအပ်ပါတယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့အတိုင်း "ပြည်ထောင်စုကြီးမှာမငြိမ်းချမ်းတဲ့နယ်မြေ တစ်လက်မမျှ မရှိရလေအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းကြပါစို့ "လို့ ငြိမ်းချမ်းရေးအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ ၊သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။**

အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးရှင်။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်၊ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်



D/real(wide) (4



ဒါကြောင့်ပြည်ထောင်စုလွှတ်တော်မှာလည်း စစ်ပွဲနှင့်ပတ်သက်၍ အရေးကြီးအဆိုတင်သွင်းခဲ့ပြီး ပြည်ထောင်စုအစိုးရထံသို့လည်း အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့်လည်း စစ်ဘေးဒဏ်ခံတိုင်းရင်းသားပြည်သူတို့၏ ခံစားချက်၊ ဆန္ဒ၊ မျှော်လင့်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရာနေရာဖြစ်သည့် အားလျော်စွာ အရေးကြီးအဆိုတင်သွင်းလာမှုအပေါ် ပြည်နယ်လွှတ်တော်အနေဖြင့် ဝိုင်းဝန်းထောက်ခံပေးကြသည့်အတွက်လည်း အထူးကျေးဇူးတင်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စစ်ဘေးဒဏ်ကြောင့် ပျက်စီးသွားတဲ့အိုးအိမ်နေရာထိုင်ခင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများကို အမြန်ဆုံး ပြန်လည်ထူထောင်ပေးစေချင်ပါတယ်။ ရုပ်ဝတ္ထုပိုင်းကိုသာ ဖြည့်ဆည်းဆောင်ရွက်ပေးရုံနှင့်လည်း မပြည့်စုံသေးပါ။ ဒဏ်ရာရသွားတဲ့ စိတ်ပိုင်းဆိုင်ရာမလုံခြုံမှုများ၊ ထိတ်လန့်မှုများ၊ အားကိုးရာမဲ့သွားတဲ့ သေဆုံးသူ၏မိသားစုဝင်များ၊ ကလေးသူငယ်များ၊ အမျိုးသမီးများကိုလည်း စာနာမှုအပြည့်ဖြင့် အားပေးနှစ်သိမ့်မှုများကိုလည်း ရှမ်းပြည်နယ်အစိုးရအနေဖြင့် အဆောတလျင်ဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ပွဲဆိုရင်တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်းဘဲဖြစ်ဖြစ်၊ အစိုးရတပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့်ဖြစ်စေ၊ မည်သည့်စစ်ပွဲကိုမျှ ဘယ်ပြည်သူလူထုမှ လုံးဝလက်မခံပါ။ ရှမ်းပြည်နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်း မထောက်ခံဘဲ၊ ကန့်ကွက်သွားမည်ဖြစ်ပါတယ်။ ဒီစစ်ပွဲတွေ မငြိမ်းသေးသမျှ ကာလပတ်လုံး ပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေး၊ တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊

ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ (၁၁-၂-၂၀၁၆) ရက်နေ့ရက်စွဲဖြင့် ကျောက်မဲမြို့နယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်၏ အရေးကြီးအဆိုကို တင်သွင်းခြင်းကိစ္စနှင့် ပတ်သက်၍ ကျွန်မဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါတယ်။ ရှမ်းပြည် (မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ် ၊ တော့ဆန် ကျေးရွာအုပ်စု၊ ညောင်မောင်းကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာ အုပ်စုဒေသများတွင် (၇-၂-၂၀၁၆) ရက်နေ့မှ (၁၁-၂-၂၀၁၆) ရက်နေ့အထိ RCSS/ SSA နှင့် TNLA/ KIA ပူးပေါင်း တပ်ဖွဲ့တို့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပါတယ်။ စစ်ပွဲကာလအတွင်း အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အသက်အိုးအိမ် စည်းစိမ်များကိုမီးရှို့ဖျက်ဆီးခြင်း၊ သံဃာတော်များကို ဖမ်းဆီး နှိပ်စက်ခြင်းများပြုလုပ်နေသည့်အပြင် မည်သည့်လက်နက်ကိုင် အဖွဲ့အစည်းမဆို အပြစ်မဲ့ပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုနေခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ရာရောက် သဖြင့် အပြင်းအထန်ကန့်ကွက်ရှုတ်ချအပ်ပါတယ်။ ဤကဲ့သို့ လုပ်ရပ်အား ရှမ်းပြည်နယ် လွှတ်တော်မှ ကြေညာချက်ထုတ်ပြန်၍ ကြေညာချက် မိတ္တူအား သက်ဆိုင်ရာလက်နက်ကိုင် အဖွဲ့အစည်းများသို့ ရှမ်းပြည်နယ်အစိုးရမှတစ်ဆင့်ပေးပို့နိုင်ပါရန် ဆွေးနွေးတင်ပြအပ် ပါတယ်ရှင်။ ကျောင်းသားများသည်စစ်ဘေးနှင့် ကြုံတွေ့ခဲ့ရသည့်အတွက် စာမေးပွဲဖြေဆိုခွင့်ဆုံးရှုံးနေရခြင်းများ ကိုလည်း ဖြေရှင်းပေးရန်၊ မီးဖွားပြီး ၄ ရက်သာရှိသေးသော သွေးနု သားနုအချိန်တွင် စစ်ပွဲနှင့်ကြုံတွေ့ရသောဒုက္ခ၊ နှစ်ရက်၊ သုံးရက် ခရီးကို ခြေလျင် လျှောက်လာရသောဒုက္ခတို့ကို ခါးစည်းခံနေရသည့်မှာလည်း မရှုရက်စရာဖြစ်နေသောသားသည် မိခင်နှင့် စိတ်ဒဏ်ရာ ရနေသည့် မိဘများကိုလည်း ပြန်လည်ပြုစု ပျိုးထောင်ပေးနိုင်ရန် အထူးတောင်းဆိုတင်ပြအပ်ပါတယ်။



D/real(wide) (4



အုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စု ဒေသများတွင် ( RCSS/ SSA) နှင့် (TNLA/ KIA) ပူးပေါင်းတပ်ဖွဲ့တို့သည် (၇-၂-၂၀၁၆)မှ (၁၁-၂-၂၀၁၆)နေ့အထိ တိုက်ပွဲပြင်းထန်စွာ ဆက်လက် ဖြစ်ပွားလျက်ရှိရာ စစ်ပွဲအတွင်းအရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုပြီး စစ်ပွဲဆင်နွဲနေသဖြင့် ကန့်ကွက်ရှုတ်ချ ပါကြောင်း၊ စစ်ပွဲ ကာလမှာ (၇-၂-၂၀၁၆)နေ့တွင် အရပ်သား(၇)ဦး ဖမ်းဆီးသတ်ဖြတ် ခံရမှု ၊ ဆိုင်ကယ်(၇)စီး ဖျက်ဆီးခံရမှု ၊ (၈-၂-၂၀၁၆)နေ့တွင် တော့ဆန်ကျေးရွာရှိ ဦးကျော်သိန်းနေအိမ်၊ ဦးညွန့်နေအိမ်နှင့် ဦးသောင်းတင် နေအိမ်မီးရှို့ခံရမှုအပြင်၊ ဝက်(၄)ကောင် ဖမ်းဆီးလုယူခံရမှု၊ ယင်းနေ့ တွင်ပင် ညောင်မောင်း ကျေးရွာကျောင်းထိုင်ဆရာတော်ဦးသုစိတ္တအပါအဝင် ဦးဇင်း တစ်ပါးဖမ်းဆီးခေါ်ဆောင်သွားမှု (ယနေ့ချိန်ထိ သေသည်၊ ရှင်သည် မသိရ)စသည့် အပြစ်မဲ့ပြည်သူလူထုများအပေါ် ဖမ်းဆီး သတ်ဖြတ် နေသည်ကို အပြင်းအထန်ကန့်ကွက်ရှုတ်ချပါကြောင်း၊ ညောင်မောင်း ကျေးရွာအုပ်စု၊ တော့ဆန်ကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာ အုပ်စုများအတွင်းရှိ ကျောင်းဆရာမများအပါအဝင်ကျောင်းသားများ၊ အရပ်သားပြည်သူများ(၁၀၀၀)ကျော် ၁၀-၂-၂၀၁၆ ရက်နေ့တွင် ပန်စံကျေးရွာ၊ ပန်ကွမ်ကျေးရွာနှင့် ကန့်ကန်ကျေးရွာသို့ ထွက်ပြေးခဲ့ပြီး စစ်ဘေးဒုက္ခသည်များအဖြစ် ကျောက်မဲမြို့သို့တန်းစီ ရောက်ရှိနေပါပြီ။ မင်းကုန်းကျေးရွာအုပ်စုမှ စစ်ဘေးဒုက္ခသည် များသည် နီးစပ်ရာမိုင်းလုံ၊ မိုးမိတ်သို့ ထွက်ပြေး ကြရပါတယ်။ စာသင်ကျောင်းများ၊ ကျေးရွာရှိအိမ်များလူသူ ကင်းမဲ့လျက်ရှိ နေပါပြီ။ ယင်းဒေသပတ်ဝန်းကျင် ပြည်သူများ၏ဘဝလုံခြုံမှု ရရှိစေရန် အမြန်ဆုံးအရေးတကြီးဖြေရှင်းဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း၊ အလေး

အနက် တိုက်တွန်းအပ်ပါကြောင်းနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/ SSA)နှင့်ပလောင်(TNLA) လက်နက်ကိုင်အဖွဲ့တို့ နယ်မြေကျော်လွန်ရာမှ ဒေသတွင်းတိုက်ပွဲများဖြစ်ပွားခဲ့ပါတယ်။ တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀(င)နှင့် ပုဒ်မ ၃၄၁ တို့နှင့်အညီ အဆိုပါတိုက်ပွဲနယ်မြေဒေသကို နယ်မြေရှင်းလင်းပြီး တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမှာ နိုင်ငံရေးနည်းလမ်းနှင့် ဖြေရှင်းပြီးပြည်တွင်းငြိမ်းချမ်းရေးရရှိမှသာနိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိမှာဖြစ်သလို နိုင်ငံတော်တည်ငြိမ်အေးချမ်းမှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်အနေနှင့် ၁၂-၂- ၂၀၁၅ ရက်နေ့(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအား မြန်မာကွန်ဗင်းရှင်းဗဟိုဌာန(၂)မှာတွေ့ဆုံပြီး "ယနေ့မိမိတို့ တိုင်းပြည်အတွက် အလိုအပ်ဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်လိုလားတောင့်တမှုမှာလည်း ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ အခက်အခဲများနှင့်စိန်ခေါ်မှုအမျိုးမျိုးရှိနေသော်လည်း ငြိမ်းချမ်းရေးရယူလိုသော သဘောထားမှာ အဖွဲ့အစည်းအားလုံး၏ တူညီသောအချက်ဖြစ်ကြောင်း"ပြောကြားခဲ့ပါတယ်။ အလားတူပြည်သူများမျှော်လင့်ချက် မဆုံးရှုံးစေရေးအတွက် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကတိပြုချက်ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီး(၁၄)ဦး၊





တိုင်းရင်းသားအချင်းချင်း လူသတ်ကျည်ဆံများပစ်လွှတ်နေကြမည့်အစား စားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးအဖြေရှာကြရန်နှင့် ပြန်လည်ထူထောင်ရေး ကာလတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှာ ပြည်သူများ၏ ပျက်စီးဆုံးရှုံးခဲ့ရသော အသက်အိုးအိမ်စည်းစိမ်များကို စာရင်းကောက်ခံ၍ ရှမ်းပြည်နယ်အစိုးရထံသို့ တင်ပြပြီး အဘက်ဘက်မှ လိုအပ်သလို တာဝန်ယူကူညီဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့ အလေးအနက်တိုက်တွန်းရန် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းညဏ် တင်သွင်းသော အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးတပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးရီမွန်ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးရီမွန် ၊တပ်မတော်သားကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊အစည်းအဝေးသို့တက်ရောက်လာသူများအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့တပ်မတော်သား၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရီမွန်ဖြစ်ပါတယ်။ ဒုတိယအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် ဦးစိုင်းထွန်းညဏ် တင်သွင်းတဲ့ ရှမ်းပြည် (မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ် ၊ တော့ဆန်ကျေးရွာအုပ်စု၊ ညောင်မောင်းကျေးရွာ

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများအပါအဝင် ကိုယ်စားလှယ်(၅)ဦး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်သားကိုယ်စားလှယ်(၃) ဦး၊ ကရင်အမျိုးသားအစည်းအရုံး၊ ရှမ်းပြည်နယ်ပြန်လည် ထူထောင်ရေးကောင်စီ၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်၊ တိုင်းရင်းသား ရေးရာဝန်ကြီး(၂၉)ဦး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်(၅၅)ဦး လက်မှတ်ရေးထိုးခဲ့တာကို တွေ့ရှိရပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့်လည်း (၆၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက် ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ၁၃-၂-၂၀၁၅ ရက်နေ့တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ ဆောင်၌တွေ့ဆုံ၍ မိမိတို့အားလုံးသည် ပြည်သူရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် တူညီသောသဘောထားဖြင့် လျှောက်လှမ်းနေကြပါကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆူပူအကြမ်းဖက်မှု လက်နက်ကိုင်ပဋိပက္ခများဖြင့် ဖြေရှင်းမရနိုင်ကြောင်းကို သင်ခန်းစာ ရခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်လိုအပ်ချက်များဖြစ်သည့် တည်ငြိမ် အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ အမျိုးသားရေးမူအဖြစ် ချမှတ်ဆောင်ရွက် လျက်ရှိ ပါကြောင်း၊ ပြည်ထောင်စုနေ့တွင် ငြိမ်းချမ်းရေး ဆက်လက် ဆောင်ရွက်ရန် လက်မှတ်ရေးထိုးခဲ့သောအဖွဲ့များအား ကျေးဇူး တင်ရှိပါကြောင်းနှင့် လက်မှတ်ရေးထိုးရန် ကျန်ရှိသောအဖွဲ့များ ကိုလည်း တိုင်းပြည်အကျိုး၊ ပြည်သူအကျိုး ရှေးရှုစဉ်းစား ဆောင်ရွက်စေရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါတယ်။





ကျင့်ဝတ်များအတိုင်း တိကျစွာလိုက်နာ လုပ်ဆောင်သွားရန် အထူးလိုအပ်ပါတယ်။

တိုက်ပွဲရှောင်ဒုက္ခသည်များအနေဖြင့် (၁၉-၂-၂၀၁၆) ရက်နေ့အထိ ကျား ၁၅၇၉ ဦး၊ မ ၂၃၉၃ ဦး၊ စုစုပေါင်း ၃၉၇၂ ဦး ရှိပြီး ဒုက္ခသည်များထဲမှာ ကျောင်းသားကျောင်းသူ ၃၀၀ ဦးခန့်ပါရှိ နေကြောင်းသိရှိရပြီး ယခုအချိန်ကာလဟာ အတန်းတင်စာမေးပွဲ ဖြေဆိုရန် အချိန်နီးကပ်နေခြင်း၊ အချို့အတန်းများ ဖြေဆိုနေခြင်း တို့ကြောင့်ကျောင်းသားကျောင်းသူများရဲ့ ငြိမ်းချမ်းစွာပညာ သင်ကြားရေးနှင့် စိတ်သောကကင်းဝေးစွာ စာမေးပွဲဖြေဆိုရန် အထူးလိုအပ်ပါတယ်။ ဒါကြောင့် ကျောင်းသားကျောင်းသူများရဲ့ အနာဂတ်ဘဝများ ဖြောင့်ဖြူးသာယာရေးအတွက် လက်နက်ကိုင် အဖွဲ့အစည်းများ၏ အာဏာလုတိုက်ခိုက်မှုများကို ရပ်ဆိုင်းနိုင်ရေး လုပ်ဆောင်သွားရန်လိုအပ်ပါတယ်။ အလားတူဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို အစဉ်တစိုက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့တို့အကြား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်နေ့အထိ ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဖွဲ့စည်းကာ တိုင်းဒေသကြီး/ပြည်နယ်အဆင့်



D/real(wide) (4

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ အစည်းအဝေးများကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်။ တပ်မတော် အနေဖြင့် NCAစာချုပ်ပါ အချက်များကို တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိသလို နိုင်ငံတော် နယ်နိမိတ် အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထု၏ လုံခြုံရေး၊ အသက်အိုးအိမ် စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက် သွားမှာ ဖြစ်ပြီး ထိပါးနှောင့်ယှက်လာမည့် မည်သည့် အဖွဲ့အစည်းမျိုးကို မဆို ဥပဒေနှင့်အညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များကလည်း မိမိမဲဆန္ဒနယ်မြေအလိုက် ပြည်သူ လူထုကိုစည်းရုံးပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။

တပ်မတော်အနေနှင့်လည်း လက်နက်ကိုင်အဖွဲ့ အစည်းများ အားလုံးကို ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ ၆ ရပ် ချမှတ်ပြီး အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါတယ်-

(၁) ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန် တကယ် ဆန္ဒရှိရန်။

(၂) သဘောတူစာချုပ်များအတိုင်း ကတိကဝတ် တည်ရန်။

(၃) ငြိမ်းချမ်းရေး သဘောတူညီချက်များအပေါ် အမြတ် မထုတ်ရန်။

(၄) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ် စေရန်။

(၅) နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲ ဥပဒေ များကို လိုက်နာရန်။

(၆) ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီ အနှစ် သာရကိုလက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ





(RCSS/SSA)နှင့် (TNLA) တို့ကြားဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် တိုက်ပွဲရှောင်ပြည်သူများနှင့် ကျောင်းသား/ကျောင်းသူများဟာ နီးစပ်ရာမြို့ရွာများရှိ ဘိုးဘွားရိပ်သာနှင့်ဘုန်းကြီးကျောင်းများသို့ တိုက်ပွဲရှောင်နေထိုင်လျက် ရှိပါတယ်။ (TNLA) ဟာ လောက်ကိုင် ဒေသတိုက်ခိုက်မှုဖြစ်စဉ်မှာ(AA)အဖွဲ့၊(MNDAA)သောင်းကျန်းသူ အဖွဲ့များနှင့်ပူးပေါင်းပြီး အစိုးရ၏အုပ်ချုပ်ရေးအာဏာကိုထိပါး နှောင့်ယှက်ခဲ့ခြင်းကြောင့် စေ့စပ်ဆွေးနွေးပွဲမပြုသည့် တရားမဝင် အဖွဲ့အဖြစ် သတ်မှတ်ထားသောအဖွဲ့အစည်းဖြစ်ပါတယ်။ အဆိုပါ (TNLA)အဖွဲ့အနေဖြင့် အဓမ္မလူသစ်စုဆောင်းပြီး ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ဆက်စပ်နယ်မြေများကို နယ်မြေ ချဲ့ထွင်ခြင်း၊ (RCSS/SSA)အနေဖြင့်လည်း ၂၀၁၁ ခုနှစ်၊ မေလတွင် လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်ပါ သတ်မှတ်ထားသည့်နယ်မြေကို ကျော်လွန်လှုပ်ရှားလာခဲ့ခြင်း၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ချုပ်ဆိုသော NCA သဘောတူညီချက်ပါ သဘောတူညီချက်ကို ချိုးဖောက်ခြင်း၊ နှစ်ဖက်လေးစားလိုက်နာရမည့်ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဖက်ဆိုင်ရာကျင့်ဝတ်များ (Military Code of Conduct)COC ကိုလိုက်နာရန် ပျက်ကွက်ခြင်းကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ပြည်သူများဒုက္ခခံစား ကြုံတွေ့နေရခြင်း ဖြစ်ပါတယ်။ ၎င်းဖြစ်စဉ် များနှင့်ပတ်သက်ပြီး တပ်မတော်မှလည်း တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ ကန့်ကွက်အကြောင်းကြားစာ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူလူထု၏ ဒုက္ခများကင်းဝေးစေရန် (TNLA)အဖွဲ့အနေဖြင့် လက်နက်အပြီးအပိုင်စွန့်လွှတ်ရန်နှင့် (RCSS/SSA)အဖွဲ့အနေဖြင့် NCA စာချုပ်နှင့် COC ပါ

ဥပဒေဖြင့် ဒီမိုကရေစီ လျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်တို့ဖြစ်ပါတယ်။

ဖော်ပြပါ မူဝါဒများနှင့်အညီ ထာဝရ ငြိမ်းချမ်းရေးရရှိရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူလူထုတို့မှသာ ဆောင်ရွက်၍ မရဘဲ ကျန်ရှိသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များကပါ ဆောင်ရွက်ရန် လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် တင်သွင်းသော အရေးကြီးအဆိုကို ထောက်ခံပါကြောင်းနှင့် ပြည်နယ် အကျိုး၊ ပြည်သူလူထုအကျိုးကိုရှေးရှုပြီး ထာဝရ ငြိမ်းချမ်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး အနေဖြင့် ငြိမ်းချမ်းရေးနည်းလမ်းသုံး ဝိုင်းဝန်းအဖြေရှာသွားကြပါလို့ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကဏ္ဍ အလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။ ပထမဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ ရှင်းလင်းဆွေးနွေးဖို့ဖြစ် ပါတယ်။





(၁၀-၂-၂၀၁၆)ရက်နေ့တွင် ပန်စံကျေးရွာ၊ ပန်ကွမ်ကျေးရွာနှင့် ကန့်ကန် ကျေးရွာသို့ ထွက်ပြေးလာခဲ့ပြီး စစ်ဘေးဒုက္ခသည်များ အဖြစ် ကျောက်မဲမြို့သို့တန်းစီရောက်ရှိနေပါပြီ။ မင်းကုန်း ကျေးရွာအုပ်စု စစ်ဘေးဒုက္ခသည်များသည် နီးစပ်ရာမိုင်းလုံ၊ မိုးမိတ်သို့ထွက်ပြေးကြရပါသည်။ စာသင်ကျောင်းများ၊ ကျေးရွာရှိ အိမ်များ လူသူကင်းမဲ့လျက် ရှိနေပါပြီ။ ၎င်းဒေသပတ်ဝန်းကျင် အခြားကျေးရွာများသည်လည်း ပြည်သူများ၏ ဘဝလုံခြုံမှု မရှိတော့ပါ။ အဆိုပါဒေသမှ ပြည်သူများ၊ ဘဝလုံခြုံမှုရရှိစေရန်၊ အမြန်ဆုံးအရေးတကြီးဖြေရှင်းဆောင်ရွက်ပေးပါရန် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့လည်းကောင်း၊ ပြည်ထောင်စုအစိုးရကိုလည်းကောင်း အလေးအနက်တိုက်တွန်း အပ်ပါသည်။

စစ်ပွဲကာလအတွင်း ပြည်သူများပျက်စီးဆုံးရှုံးခဲ့သည် များကို ပြန်လည်ထူထောင်ရမည့် ကာလတွင် အပြည့်အဝကူညီဆောင်ရွက် ပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရကို အလေးအနက်တိုက်တွန်းကြောင်း၊ အရေးကြီးအဆိုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး အတွက် နိုင်ငံတော်အစိုးရက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများကို ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည့်အချိန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှစ၍ တပ်မတော်က ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ် ချမှတ်လျက် ဆောင်ရွက်ခဲ့ပါသည်။

ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီးတဝိုက်တွင် TNLA သောင်းကျန်းသူအဖွဲ့နှင့် RCSSအဖွဲ့တို့ တိုက်ပွဲများ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ အကျဉ်းချုပ်တင်ပြလိုပါသည်။

ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီးတစ်ဝိုက်တွင် TNLA သောင်းကျန်းသူအဖွဲ့နှင့် RCSSအဖွဲ့တို့ သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်မှစတင်၍ တိုက်ပွဲများဖြစ်ပွား ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် တော့ဆန်ကျေးရွာအနီး၌ တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ရာ TNLA သောင်းကျန်းသူအဖွဲ့မှ ပြန်လည်ဆုတ်ခွာစဉ် တော့ဆန်ရွာမကျေးရွာအစွန်ရှိ နေအိမ် ၄ လုံးအား မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် တော့ဆန်ကျေးရွာမြောက်ဘက်ဘုရားကုန်း၌ အပြန်အလှန် တိုက်ပွဲများဖြစ်ပွားခဲ့ရာ ညောင်ပင်လှကျေးရွာရှိ လူနေအိမ် ၁ လုံး၊ လက်နက်ကြီးထိမှန်၍ မီးလောင်ပျက်စီး ခဲ့ကြောင်း၊ ၎င်းအပြင် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် TNLA သောင်းကျန်းသူအဖွဲ့သည် တော့ဆန်ကျေးရွာအနီးရှိ ဒေသခံ ၆ ဦးနှင့် ဘုန်းတော်ကြီး ၁ ပါးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရှိရပြီးဖမ်းဆီးခေါ်ဆောင် သွားခြင်းခံရသော ညောင်မောင်းကျေးရွာ၊ကျောင်းထိုင်ဆရာတော် ဦးသုစိတ္တသည် ၉-၂-၂၀၁၆ ရက်နေ့တွင် ၎င်းဘုန်းကြီးကျောင်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီး လက်ရှိတွင် ကျောက်မဲမြို့၊ နမ့်စလင်း ဘုန်းတော်ကြီးကျောင်းတွင် ယာယီ သီတင်းသုံးလျက်ရှိပါသည်။ အဆိုပါ လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်း ၂ ခု အနက် RCSS မှာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ လ ၁၅ ရက်နေ့တွင် NCA တွင် လက်မှတ်ရေးထိုးပြီးဖြစ်သည့်အဖွဲ့အစည်းတစ်ခုဖြစ် ပါသည်။

ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီးတစ်ဝိုက်တွင် TNLA သောင်းကျန်းသူအဖွဲ့နှင့် RCSS အဖွဲ့တို့သည် တိုက်ပွဲ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ တပ်မတော်မှနယ်မြေရှင်းလင်း ဆောင်ရွက်မှု အခြေအနေအား ရှင်းလင်းတင်ပြလိုပါသည်။ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအနီးတဝိုက်တွင် TNLA





**ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျောက်မဲ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ တော့ဆန်ကျေးရွာအုပ်စု၊ ညောင်မောင်း ကျေးရွာအုပ်စုနှင့် မင်းကုန်း ကျေးရွာအုပ်စု ဒေသများတွင် (RCSS/SSA) နှင့် (TNLA/KIA) ပူးပေါင်းတပ်ဖွဲ့တို့သည်(၇-၂-၂၀၁၆) ရက်နေ့မှ (၁၁-၂-၂၀၁၆) ရက်နေ့အထိ တိုက်ပွဲပြင်းထန်စွာ ဆက်လက် ဖြစ်ပွားလျက်ရှိရာ စစ်ပွဲအတွင်း အရပ်သားပြည်သူများကို လူသားဒိုင်း အဖြစ်အသုံးပြုပြီးစစ်ပွဲဆင်နေသဖြင့် ကန့်ကွက်ရှုတ်ချပါသည်။ စစ်ပွဲကာလ(၇-၂-၂၀၁၆)ရက်နေ့တွင်အရပ်သား(၇)ဦးဖမ်းဆီး သတ်ဖြတ်ခံရမှု၊ ဆိုင်ကယ်(၇)စီးဖျက်ဆီးခံရမှု၊ (၈-၂-၂၀၁၆) ရက်နေ့တွင် တော့ဆန်ကျေးရွာရှိ ဦးကျော်သိန်းနေအိမ်၊ ဦးညွှန့် နေအိမ်နှင့် ဦးသောင်းတင် နေအိမ်မီးရှို့ခံရမှုအပြင် ဝက်(၄)ကောင် ဖမ်းဆီးလုယူခံရမှု၊ ယင်းနေ့တွင်ပင် ညောင်မောင်းကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးသုစိတ္တအပါအဝင် ဦးဇင်း(၁)ပါး ဖမ်းဆီး ခေါ်ဆောင်သွားမှုစသည့် အပြစ်မဲ့ပြည်သူလူထုများအပေါ် ဖမ်းဆီး သတ်ဖြတ်နေမှုတို့ကို အပြင်းအထန်ကန့်ကွက်ရှုတ်ချပါတယ်။ ညောင်မောင်းကျေးရွာအုပ်စု၊ တော့ဆန်ကျေးရွာအုပ်စုနှင့်မင်းကုန်း ကျေးရွာအုပ်စုများအတွင်း ကျောင်းဆရာမများအပါအဝင် ကျောင်းသားများ ၊ အရပ်သားပြည်သူများ တစ်ထောင်ကျော်

သောင်းကျန်းသူအဖွဲ့နှင့် RCSSအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေ၍ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေမှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်အချင်းချင်းညှိနှိုင်းဆောင်ရွက်မှုများအား မြေပြင်သတင်းကြားသိချက်အရ လည်းကောင်း၊ နှစ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက် များအရလည်းကောင်း၊ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ဖြေရှင်း နေမှုကြောင့် လည်းကောင်း စောင့်ကြည့်လျက်ရှိသော်လည်း ဖေဖော်ဝါရီလ ၉ ရက်နေ့ဖြစ်စဉ်များကြားသိရမှုများကြောင့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၂၀ (င)အရလည်းကောင်း၊ အခန်း (၇) ပုဒ်မ ၃၄၁ အရ လည်းကောင်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ နယ်မြေခံတပ်မဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း ၃ ရင်းဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှစတင်၍ နယ်မြေများ ရှင်းလင်းခဲ့ရာ တပ်မတော်စစ်ကြောင်းနှင့် TNLA သောင်းကျန်းသူအဖွဲ့တို့သည် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် (၂) ကြိမ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် (၁)ကြိမ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် (၁)ကြိမ်၊ စုစုပေါင်း (၄)ကြိမ် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ တပ်မတော်စစ်ကြောင်းများမှ တော့ဆန်ကျေးရွာအနီးတစ်ဝိုက်၌ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ဒီတိုက်ပွဲကြောင့်စိုးရိမ်မကင်းဖြစ်ကြရသည့် ပြည်သူလူထုများသည် မိမိနေရပ်များမှ တိမ်းရှောင်မှုများပြုလုပ်ခဲ့ကြပါသည်။ မြေပြင်သတင်းများအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ဒေသအတွင်း ၁၀-၂-၂၀၁၆ ရက်နေ့မှစတင်၍ နေရပ်စွန့်ခွာရှောင်တိမ်းခဲ့ကြရာ ၁၉-၂-၂၀၁၆ ရက်နေ့တွင် ရှောင်တိမ်းသူဦးရေအမြင့်ဆုံးဖြစ်၍ ကျား ၁၅၇၉ ဦး၊ မ ၂၃၉၃ ဦး၊စုစုပေါင်း ၃၉၇၂ ဦး





ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ ဖိတ်ကြားချက်အရ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှလွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းထွန်းညဏ်၏ အရေးကြီးအဆိုတင်ပြမှုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စားကျွန်တော့်အနေနှင့် ရှင်းလင်းဆွေးနွေးတင်ပြပေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်၊ မိုင်းလုံမြို့၊ တော့ဆန်ကျေးရွာအုပ်စု၊ တော့ဆန်ရွာ အနီးတစ်ဝိုက်မှာ ၇-၂-၂၀၁၆ ရက်နေ့မှစပြီး RCSS နှင့် TNLA အဖွဲ့တို့ တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ ၎င်းတိုက်ပွဲဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများသည် ကျောက်မဲမြို့၊ မိုင်းလုံမြို့၊ မိုင်းငေါ့မြို့နှင့် မိုးမိတ်မြို့များသို့ ထွက်ပြေးတိမ်းရှောင် ခဲ့ကြရပြီး စစ်ပွဲမတိုင်မီအခြေအနေအထိ နေထိုင်မှုအခြေအနေကို တင်ပြသွားမှာဖြစ်ပါတယ်။

စစ်ပွဲမတိုင်မီမှာ တော့ဆန်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ၉ ရွာ၊ အိမ်ခြေ ၆၁၈အိမ်၊ အိမ်ထောင်စု ၆၁၄ စု၊ လူဦးရေပေါင်း ၃၀၈၆ ဦး ၊ ညောင်မောင်းကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၇)ရွာ၊ အိမ်ခြေ ၁၆၄ အိမ်၊ အိမ်ထောင်စု ၁၆၄ စု၊ လူဦးရေ ၁၂၉၃ ဦး၊ မင်းကုန်းကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ၆ ရွာ၊ အိမ်ခြေ ၃၇၉အိမ် အိမ်ထောင်စု ၃၇၉ စု၊ လူဦးရေ ၁၆၉၆ ဦး၊ ပန်စံကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ၆ ရွာ၊ အိမ်ခြေ ၅၁၀ အိမ်၊ အိမ်ထောင်စု ၅၁၀ စု၊ လူဦးရေ ၂၆၁၇ ဦး၊ စုစုပေါင်းကျေးရွာအုပ်စု ၄ စု၊ ကျေးရွာပေါင်း ၂၈ ရွာ၊ အိမ်ခြေ ၂၆၇၁ အိမ်၊ အိမ်ထောင်စု ၁၆၆၇ စု၊ လူဦးရေ ၈၆၉၂ ဦး နေထိုင်လျက်ရှိနေပါတယ်။

၁၉-၂-၂၀၁၆ရက်နေ့အထိ ထွက်ပြေးတိမ်းရှောင်လာသည့် ကျောက်မဲမြို့မှာ စုစုပေါင်း အိမ်ထောင်စု ၁၀၇၉ စု၊ မိုင်းလုံမြို့မှာ အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ကျား ၁၅၇၉ ဦး၊ မ ၂၃၉၃ ဦး စုစုပေါင်း ၃၉၇၂ ဦး ရောက်ရှိခဲ့ပြီး ၎င်းတို့ကိုစခန်း ၁၉ ခုထားရှိပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကဥက္ကဋ္ဌ အဖြစ်တာဝန်ယူပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်တာဖြစ်ပါတယ်။ ပြည်နယ်ဦးစီးမှူး ရှမ်းပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီး ဌာနမှ တွဲဖက်အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများမှအဖွဲ့ဝင် (၃၅)ဦး စုစုပေါင်း ၃၈ ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းမှုကိုတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာ အမှတ် ၉၃/၂၀၁၅ နှင့် ရှမ်းပြည်နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခဲ့ပါတယ်။ စီမံခန့်ခွဲမှု အဖွဲ့ဖြစ်ပါတယ်။ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဥက္ကဋ္ဌဖြစ်ပါတယ်။ အဖွဲ့ဝင်များအဖြစ် ပြည်နယ်တရားသူကြီးချုပ်၊ ဝန်ကြီးများအားလုံး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှတိုင်းဦးစီးဗိုလ်မှူးကြီး၊ စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ် မီးသတ်တပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ညွှန်ကြားရေးမှူး၊ရှမ်းပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်



D/real(wide) (2



အထိရှိခဲ့ပြီး ၂၀-၂-၂၀၁၆ရက်နေ့မှစတင်ကာနေရပ်များသို့ အသီးသီး ပြန်လည်ထွက်ခွာသွားကြရာ ၂၄-၂-၂၀၁၆ ရက်နေ့ ညနေပိုင်းတွင် ကျား ၁၃၁၂ ဦးနှင့် မ ၁၉၂၄ ဦး၊ စုစုပေါင်း ၃၂၃၆ ဦးသာ ကျန်ရှိတော့ကြောင်းသိရှိရပါသည်။ စစ်ဘေးရှောင်ပြည်သူများ၏ နေထိုင်စားသောက်ရေးအတွက် ကျောက်မဲမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းလုံတပ်စခန်း၊ မြို့နယ်ရဲစခန်း၊ မြို့နယ် ရပ်မိရပ်ဖများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

တပ်မတော်အနေဖြင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ အချင်းချင်းဖြေရှင်းနေမှုအပေါ် ပြေလည်စေရေး စိတ်ရှည်စွာအချိန်ပေး စောင့်ပေးသော်လည်း မပြေလည်သည့်အပြင်အပြန် အလှန် ကျေးရွာ လူထုနှင့်ဘာသာရေးအဖွဲ့အစည်းများကိုပါဖမ်းဆီး သတ်ဖြတ်သူများ ရှိလာသဖြင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ ဖြစ်စဉ်ဖြစ်ပွား လျက်ရှိသည့် ကျောက်မဲမြို့နယ်အတွင်းရှိ RCSS နှင့်ပတ်သက်၍ JMC-S ဒုဥက္ကဋ္ဌ (၁) ဖြစ်သူ RCSS အဖွဲ့မှ ဦးစိုင်းအောင်မြထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးမှ နယ်မြေကျော်လွန်ကာ ဝင်ရောက်လာမှုအား ကန့်ကွက်တားမြစ်ပြီးပြန်လည်ဆုတ်ခွာရန် သတိပေးအကြောင်းကြားထားပြီးဖြစ်ပါသည်။ ၎င်းအပြင် TNLA အဖွဲ့အား အဆိုပါနယ်မြေအတွင်းဝင်ရောက်လှုပ်ရှားစိုးမိုးမှု မရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းများဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြသော တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးမြို့မှ ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ၊ ရှမ်းပြည်နယ်ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ပြည်နယ်ရောင်းဝယ်ရေးအရာရှိ ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ရှမ်းပြည်နယ်လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ဥက္ကဋ္ဌ၊ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ၊ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ၊ ရှမ်းပြည်နယ်မြန်မာနိုင်ငံကြက်ခြေနီအသင်းမှကိုယ်စားလှယ်တစ်ဦး၊ ရှမ်းပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်သူများ၊ အများကြည်ညိုလေးစားသောပုဂ္ဂိုလ်များပါဝင်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးမှ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက တွဲဖက်အတွင်းရေးမှူးအနေဖြင့် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ထိုနည်းတူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်၊ မြို့နယ် ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။



D/real(wide) (2



တော့ဆန်ကျေးရွာအုပ်စု၊ တော့ဆန်ရွာမရှိ ဒေါ်အေးမေ၊ ဒေါ်အေးနန်း၊ ဒေါ်အေးမြတ်၊ ဒေါ်မြစိန်တို့၏ နေအိမ်(၄)လုံးအားအဖွဲ့အစည်းတစ်ခုမှ မီးရှို့ခဲ့ကြောင်းသတင်းအရသိရှိရပါတယ်။

ဒေသခံပြည်သူများသည် မော်တော်ယာဉ်များဖြင့် ကျောက်မဲမြို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည့် နေရာမှာ ၁၅-၂-၂၀၁၆ ရက်နေ့မှာ စစ်ဘေးရှောင်ပြည်သူ ၁၉ ဦးတင်ဆောင်လာသည့် လေးလုံးထိုးထော်လာဂျီတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ၄ ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

တိုက်ပွဲဖြစ်စဉ်ကာလအတွင်း သေဆုံးသူ၊ ဒဏ်ရာရရှိသူတွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သေဆုံးသူ (၁၁)ဦး၏ မိသားစုအတွက် တစ်ဦးလျှင် ၂၀၀၀၀၀ိ/-ဖြင့်လည်းကောင်း၊ ဒဏ်ရာ ရရှိသူ ၁၅ ဦး၏ မိသားစုအတွက် ၅၀၀၀၀ိ/- ဖြင့် စုစုပေါင်း ၂၉၅၀၀၀၀ိ/- ကို ၁၆-၂-၂၀၁၆ ရက်နေ့မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ ဦးစီးကော်မတီမှလည်း သေဆုံးသူ ၁၀၀၀၀၀ိ/-၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၀၀၀၀ိ/- ကို ပြည်သူ့ဆေးရုံသို့သွားရောက် ထောက်ပံ့ပေးခဲ့ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ယာဉ်တိမ်းမှောက်မှု သေဆုံးသွားသည့် ၄ ဦး၏မိသားစုအတွက် ၁၀၀၀၀၀ိ/-၊ စုစုပေါင်း ၄၀၀၀၀၀ိ/-ကို ၂၂-၂-၂၀၁၆ ရက်နေ့မှာ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ တိုက်ပွဲများဖြစ်ပွားရာဒေသများမှာ တိုက်ပွဲများဆက်လက်မဖြစ်ပွားတော့ကြောင်းသိရှိရပြီး ကယ်ဆယ်ရေးစခန်းအသီးသီးမှာရှိနေသည့် တိုင်းရင်းသားများမှာ ၎င်းတို့၏နေရပ်များသို့ နယ်မြေအခြေအနေ လေ့လာရန်နှင့် နေအိမ်များရှိပစ္စည်းများတွေကို ပြန်လည်စစ်ဆေးသိမ်းဆည်းရန်အတွက် တစ်ချို့ပြန်လည်ထွက်ခွာလျက်ရှိရာမှာ ၂၃-၂-၂၀၁၆ ရက်နေ့အထိ စခန်း

အသီးသီးမှ စစ်ဘေးရှောင် ကျား ၂၆၇ ဦး၊ မ ၄၆၉ ဦး၊ စုစုပေါင်း ၇၃၆ ဦး နေရပ်ဒေသသို့ ပြန်လည်ထွက်ခွာလျက်ရှိပြီး တစ်ဦးလျှင် ၁၀၀၀၀ိ/-နှင့် အိမ်ထောင်စုဦးရေအလိုက် ၁ အိမ်ထောင်လျှင် ဆန် ၁ အိတ်မှ ၃ အိတ်အထိ ကူညီပံ့ပိုးပေးခဲ့ပြီးဖြစ်ပါတယ်။

ထောက်ပံ့မှုအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း ၉ မျိုး၊ ဆား၊ ဆန် ထောက်ပံ့မှုကတော့ ၅၇၆၂၄၀ိ/-၊ သေဆုံးသူ ၄ ဦးအတွက် ၄၀၀၀၀ိ/- ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနှင့် ၆၁၆၂၄၀ိ/-ထောက်ပံ့ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရမှ ဆန်အိတ် ၁၀၀ ထောက်ပံ့မှု ၂၇၀၀၀၀ိ/-၊ သေဆုံးဒဏ်ရာရရှိမှု ၂၉၅၀၀၀ိ/- ထောက်ပံ့ပေးသည့်အတွက် ၅၆၅၀၀၀ိ/- ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။

ကျောက်မဲမြို့နယ် အစီအစဉ်အနေနှင့် လူသုံးကုန်ပစ္စည်း ထောက်ပံ့မှုမှာ ၆၈၉၂၈၉၉၆ိ/-၊ စားသောက်ကုန်ထောက်ပံ့မှု ၁၅၅၁၆၀၆၀ိ/-၊ အလှူငွေ ၈၅၆, ၄၅, ၆၅ိ/- ဖြစ်သည့်အတွက် ကျောက်မဲမြို့နယ်အစီအစဉ်ဖြင့် ၃၀၉၇၃၅၂၄၆ိ/- ထောက်ပံ့ခဲ့ပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနှင့်ပစ္စည်း ၆ မျိုး ထောက်ပံ့သည့်နေရာမှာ ၂၅၇၂၅၀၀ိ/- တန်ဖိုးရှိကြောင်း တင်ပြအပ်ပါတယ်။

ဦးစီးကော်မတီအနေနှင့် သေဆုံးဒဏ်ရာရရှိသူထောက်ပံ့မှု ၁၈ သိန်း၊ နေရပ်ဒေသပြန် ပြည်သူ ၇၃၆ဦး အတွက် ၁၀၀၀၀ိ/- နှုန်းနှင့်ထောက်ပံ့မှု ၇၃၆၀၀၀ိ/- ရှိကြောင်းတင်ပြအပ်ပါတယ်။ ဒါကြောင့် ကျောက်မဲမြို့နယ်အတွက် ထောက်ပံ့ထားရှိသည့် တန်ဖိုး ပမာဏအနေနှင့် စုစုပေါင်း ၃၅၆၄၃၂၆၄၆ိ/-ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။





ကျောက်မဲမြို့နယ်မှာ စစ်ဘေးရှောင်များနှင့်ပတ်သက်ပြီး မြို့နယ်၏အစီအစဉ်ဖြင့် ဦးစီးကော်မတီအပါအဝင် လုပ်ငန်းကော်မတီ(၇)ခုဖွဲ့စည်းပြီး လိုအပ်ချက်များကို စခန်းအလိုက် ဖြည့်တင်းပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေအထိလူသုံးကုန်ပစ္စည်းတန်ဖိုး ၆၈၉၂၈၉၉၆ိ/-၊စားသောက်ကုန်တန်ဖိုး ၁၅၅၁၆၀၆၀ိ/-၊ အလှူငွေအနေနှင့် ၈၅၆၄၅၆၅ိ/-၊ စုစုပေါင်း ၃၀၉၇၃၅၂၄၆ိ/- ရရှိခဲ့ပြီးစခန်းအသီးသီးကိုဖြန့်ဝေပြီး ထောက်ပံ့ပေးလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း(၉)မျိုး၊ အိမ်ထောင်စု ၅၅၀ စုကို ဆန်အတွက် ၅၇. ၆၂၄၀ိ/-၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၁၀၀ ကို ၂၇၀၀၀၀ိ/- ထောက်ပံ့ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပစ္စည်း (၆)မျိုး ထောက်ပံ့ပေးခဲ့ပြီး ပစ္စည်းတန်ဖိုးငွေ စုစုပေါင်း ၂၅၇၂၀၅၀ိ/- ဖြစ်ပါတယ်။

တိုက်ပွဲများဖြစ်နေစဉ်အတွင်းမှာ အဖွဲ့အစည်းတစ်ခုမှ ၆-၂-၂၀၁၆ ရက်နေ့မှာ မင်းကုန်းကျေးရွာအုပ်စုမှ ဒေသခံအမျိုးသား (၈)ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ခိုင်မာတဲ့သတင်းအရ ၉-၂-၂၀၁၆ ရက်နေ့မှာ အမျိုးသား (၇)ဦးကို သတ်ဖြတ်ခဲ့ကြောင်း သိရှိရပါတယ်။

ညောင်မောင်းအုပ်စု၊ ညောင်မောင်းဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးသုစိတ္တအား ၈-၂-၂၀၁၆ ရက်နေ့မှာ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး ၉-၂-၂၀၁၆ ရက်နေ့မှာ ၎င်းဘုန်းတော်ကြီးကျောင်းသို့ပြန်လည်ရောက်ရှိခဲ့ပြီး လက်ရှိမှာကျောက်မဲမြို့၊ နမ့်စလင်းဘုန်းတော်ကြီးကျောင်းမှာ ယာယီသီတင်းသုံးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနှင့် ကျောက်မဲမြို့သို့ ထွက်ပြေးတိမ်းရှောင်လာသော စစ်ဘေးရှောင်ပြည်သူများကို စခန်းအသီးသီးဖွင့်လှစ်၍ စားသောက်နေထိုင်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လိုအပ်သည့်ကိစ္စရပ်များကို ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သောဦးစီးကော်မတီမှ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၃-၂-၂၀၁၆ ရက်နေ့ နေ့လည် ၁၂ နာရီအချိန်မှာ ဦးစီးကော်မတီမှ နမ့်စလင်းကျောင်းမှာ ယာယီ သတင်းသုံးလျက်ရှိသော တော့ဆန်ကျေးရွာဆရာတော်၊ ညောင်မောင်းကျေးရွာ ဆရာတော်၊ ပါခါးကျေးရွာဆရာတော်၊ ဇာတိ (မြောက်)ကျေးရွာဆရာတော်တို့အား အလှူငွေများဆက်ကပ်ခြင်း၊ ပျက်စီးဆုံးရှုံးသွားသော ဘုန်းတော်ကြီးကျောင်း၊ နေအိမ်များ ပြန်လည်တည်ဆောက်ရေး၊ အခြားပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထောက်ပံ့ပေးမည့် အစီအစဉ်များအပေါ် သြဝါဒခံ ယူခဲ့ပြီး ဖြစ်ကြောင်း ဦးစိုင်းထွန်းညဏ်၏ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ထားရှိမှုအား ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**





| | | |
|---|---|---|
| (၈) ဦးစိုင်းထွန်းညဏ် | ကျောက်မဲ-၂ | အဖွဲ့ဝင် |
| (၉) ဦးမောင်ညို | မဘိမ်း-၁ | အဖွဲ့ဝင် |
| (၁၀) ဦးအောင်ထွဏ်း | နမ့်ဆန်-၂ | အဖွဲ့ဝင် |
| (၁၁) ဗိုလ်မှူးအောင်မျိုးကြည်ကြည်း-၂၆၁၉၀ | | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းမှုစာရင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူသည့်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုကြောင်းကြေညာ ပါတယ်။

**တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားများက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် တင်ပြခဲ့သော တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသော ကိုယ်စားလှယ်တစ်ဦး အမည်စာရင်းပေးသွင်းထားပါတယ်။ ဒါကြောင့် ဦးရန်ကျော်၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရန်ကျော်၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတင်ပြသည့်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ၁၁ဦးဖြင့်ဖွဲ့စည်းရန်လျာထားချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ တိုင်းရင်းသားလူမျိုး ၃၀ ကျော် စုပေါင်းနေထိုင်သည့် ပြည်ထောင်စုကြီးထဲ၌ ပြည်ထောင်စုငယ်လေးသဖွယ်ဖြစ်နေပါတယ်။ ၂၅-၂-၂၀၁၆ ရက်နေ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းလျာထားမှုတွင် တိုင်းရင်းသားပေါင်းစုံပါဝင်ဖွဲ့စည်းသင့်သည်ဟု ထင်မြင်မိပါတယ်။ ဝ. ၁ ရာနှုန်းနှင့် အထက်ရှိကြောင်းသက်ဆိုင်ရာကသတ်မှတ်ထားသော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ခံရ သည့် တိုင်းရင်းသားများထဲမှ တိုင်းရင်းသားဝန်ကြီးတာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ပအိုဝ်း၊ တအာင်း၊ "ဝ"၊ ကိုးကန့်တိုင်းရင်းသား၊ လွှတ်တော်ကိုယ်စားလှယ်များကို ဖြည့်ဆည်းထည့်သွင်းဖွဲ့စည်းပြီး ကော်မတီဝင် (၁၅)ဦးဖြင့် ပြန်လည်ဖွဲ့စည်းပါက ပိုမိုသင့်မြတ်နိုင်ပါကြောင်းနှင့်တိုင်းရင်းသားရေးရာကိစ္စရပ်များကြီးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ပိုမိုထိရောက်အောင်မြင်နိုင်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။





လွှတ်တော်မှ သဘောတူညီပါသဖြင့် ဤအရေးကြီးအဆို ကို အတည်ပြုကြောင်းကြေညာပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးဆိုင်ရာ ကော်မတီလျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် တင်ပြခဲ့သော ဥပဒေပြုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသော ကိုယ်စားလှယ် အမည်စာရင်းပေးသွင်းခြင်းမရှိတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ် | ရွာငံ-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးညီညီ (ခ) ဦးညီလေးချမ်း | ပင်းတယ-၂ | အတွင်းရေးမှူး |
| (၃) | ဒေါ်မေရီချို | ဖယ်ခုံ-၁ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းအောင်ကျော်ဦး | ကွန်ဟိန်း-၂ | အဖွဲ့ဝင် |
| (၅) | ဦးခွန်ဒီဂေါလ် | လွိုင်လင်-၁ | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းအောင်မျိုးကျော် | လင်းခေး-၁ | အဖွဲ့ဝင် |
| (၇) | ဦးပီတာသောင်းစိန် | ကျိုင်းတုံ-၂ | အဖွဲ့ဝင် |

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ဆွေးနွေးချက်နှင့်စပ်လျဉ်းပြီး မိမိအနေနှင့် သဘောတူလက်ခံပါတယ်။ ဒါကြောင့် ဖြည့်သွင်းသော အဖွဲ့ဝင်များ၏ အမည်စာရင်းကို ထပ်မံဖြည့်စွက်ပြီးတော့မှ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းပါကြောင်း တင်ပြလိုပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းကျော်သိန်း | မူဆယ်-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းကျောက် | မိုင်းဖြတ်-၁ | အတွင်းရေးမှူး |
| (၃) | ဦးသိန်းဇော်မိုး | ညောင်ရွှေ-၂ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းကျော်ဇေယျ (ခ)ဦးစိုင်းယဉ် | လဲချား-၁ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းပန် | မိုင်းကိုင်-၁ | အဖွဲ့ဝင် |
| (၆) | ဦးခွန်ဟန်သိန်းဦး | မောက်မယ်-၂ | အဖွဲ့ဝင် |
| (၇) | ဦးအိုက်ခမ်းလှိုင် | မိုင်းယောင်း-၁ | အဖွဲ့ဝင် |
| (၈) | ဦးတင်ဝင်း | မိုင်းယန်း-၂ | အဖွဲ့ဝင် |
| (၉) | ဦးကိန်မိုင် | မူဆယ်-၂ | အဖွဲ့ဝင် |
| (၁၀) | ဦးစိုင်းစိန်လူ | သိန္နီ-၂ | အဖွဲ့ဝင် |
| (၁၁) | ဦးညီနပ် | မက်မန်း-၁ | အဖွဲ့ဝင် |
| (၁၂) | ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင် | လောက်ကိုင်-၂ | အဖွဲ့ဝင် |





အတွက် ၎င်းစိစစ်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးထွန်းရင် | ညောင်ရွှေ-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးလင်းအောင်ဆွေ | နမ့်စန်-၁ | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းစံထွန်း | ကွန်ဟိန်း-၁ | အဖွဲ့ဝင် |
| (၄) | ဦးစောမူးလာ | မိုင်းတုံ-၁ | အဖွဲ့ဝင် |
| (၅) | ဦးမင်းမင်းသိန်း | မဘိမ်း-၂ | အဖွဲ့ဝင် |

တို့ဖြစ်ပါတယ်။ ကော်မတီ၏ ဖွဲ့စည်းမှုနှင့်ကော်မတီတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုကြောင်းကြေညာပါတယ်။

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးချင်းစီ၏ နေ့တွက်စရိတ်(၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။အစီအစဉ်အရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁) ဦးချင်းစီ၏ နေ့တွက်စရိတ်(၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ။ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် တင်သွင်းသည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းစီ၏ နေ့တွက်စရိတ် (၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားတိုက်တွန်းကြောင်း အရေးကြီးအဆို



D/real(wide) (6



(၁၃) ဦးခွန်စောအောင် ပင်လောင်း-၂ အဖွဲ့ဝင်

(၁၄) ဦးအယိုင်စဉ် မန်တုံ-၂ အဖွဲ့ဝင်

(၁၅) ဗိုလ်မှူးရှီမွန် ကြည်း-၃၅၃၉၆အဖွဲ့ဝင်

တို့ဖြစ်ကြပါတယ်။ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူသည့် အတွက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် တင်ပြခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်မရှိသည့်

## ၁၂၁

နှင့်စပ်လျဉ်း၍ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းလှိုင်ခမ်းမှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (တတိယနေ့)တွင်ဆွေးနွေးနိုင်ရန် အရေးကြီးအဆိုတင်သွင်းလိုပါတယ်။ တင်သွင်းရသည့်အကြောင်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့တွင် ၄-၂-၂၀၁၆ ရက်နေ့ မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည့် မီးလောင်မှုကြောင့် နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နှင့် မြို့ဟောင်းရပ်ကွက် တို့၌ အိမ်ခြေ (၂၀၉)လုံး၊ အိမ်ထောင်စု (၂၉၃)စု၊ လူဦးရေ (၁၁၇၅) ဦးတို့သည်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါတယ်။ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် (၂၆၅၅) သိန်းရှိကြောင်းသိရှိရပါသည်။ အဆိုပါ မီးဘေး အန္တရာယ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် နိုင်ငံတော် သမ္မတက အစပြု၍ ပြည်သူ လူထုတစ်ရပ်လုံးက ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် စားနပ်ရိက္ခာ အဝတ်အထည်၊ ယာယီနေထိုင်ရန် နေရာများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို သတင်းမီဒီယာများ မှတစ်ဆင့် ကြားသိနေရပါသည်။သို့ဖြစ်ပါ၍ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူများ၊ ကျောင်းသား/ကျောင်းသူများ၏ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို မိမိတို့တတ်နိုင်သည့်ဘက်မှ တစ်တပ်တစ်အားပါဝင်ကူညီဆောင်ရွက်သည့်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက စုပေါင်းလှူဒါန်းငွေဖြင့် ကိုယ်စားလှယ်တစ်ဦးလျှင် နေ့တွက်စရိတ်တစ်ရက်စာ (၂၀၀၀၀) ကျပ်စီကို လှူဒါန်းပေးကြပါရန်တိုက်တွန်းကြောင်း အရေးကြီး အဆိုတင်သွင်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (6



## ၁၂၃

### ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(တတိယနေ့)တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၊ကျောက်မဲမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းစီ၏ နေ့တွက်စရိတ် (၁)ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းလိုပါတယ်။ အရေးကြီးအဆိုတင်သွင်းရခြင်းအကြောင်းရင်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များမှာ အောက်ပါစခန်း ၁၉ ခုတို့၌ ၁၉-၂-၂၀၁၆ ရက်နေ့ထိ ကျား ၁၅၇၉ ဦး၊ မ ၂၃၉၃ ဦး ၊စုစုပေါင်း ၃၉၇၂ ဦးတို့ရှိနေပါသည်။ ၎င်းစခန်း ၁၉ ခုတို့မှာ (၁)သီဟိုဠ်ကျောင်း၊ (၂)ဘိုးဘွားရိပ်သာကျောင်း၊ (၃)နမ့်စစ်လင်းကျောင်း၊ (၄)ရေဦးကျောင်း၊ (၅)နမ့်ပိန်ဘုန်းကြီးကျောင်း၊ (၆)တောင်နောက်စခန်း၊ (၇) အောင်ဆုပန်ကျောင်း၊ (၈)ဝါဆိုကျောင်း၊ (၉)ရွှေကျင်ကျောင်း၊ (၁၀)ဝေဠုဝန်ကျောင်း၊ (၁၁) ရွှေညောင်ပင် ကျောင်း၊ (၁၂)ကန်မိုင်းကျောင်း၊ (၁၃)အောင်မင်္ဂလာကျောင်း၊ (၁၄)မန်စန်းဇရပ်ကျောင်း၊ (၁၅)ကမ္ဘောဇရှမ်းကျောင်း၊ (၁၆) သာသနောဒရကျောင်း၊

(၁၇)တီလင်ကျောင်း၊(၁၈)သဒ္ဓမ္မကျောင်း၊ (၁၉)စိတ္တသုခကျောင်းတို့ဖြစ်ပါတယ်။

၎င်းစစ်ဘေးရှောင်စခန်းတို့တွင် ၁၀ တန်းကျောင်းသား ၆၀ ဦးနှင့် ၆ တန်း၊ ၄ တန်း၊ ကျောင်းသား/ကျောင်းသူအပါအဝင် ကျောင်းသားဦးရေ ၁၀၀ ခန့်ရောက်ရှိ ခိုလှုံနေခဲ့ကြပါသည်။

ထို့အပြင် ကျောက်မဲမြို့နယ်၊ မိုင်းကုန်းကျေးရွာမှ စစ်ဘေးရှောင် ဒုက္ခသည်များသည် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် အတွင်းရှိ မန်ပါတ်ကျေးရွာအုပ်စု ဘုန်းကြီးကျောင်းနှင့် လယ်ကြီး၊ အာသံ၊ သရက်တော၊ အုန်းကြောရွာဟောင်း၊ အုံဒိုးရွာနှင့် ကွမ်းတောအင်းကျေးရွာအသီးသီးသို့ လူဦးရေစုစုပေါင်း ၂၀၀ ခန့်သည် ၉-၂-၂၀၁၆ ရက်မှစ၍ အစုလိုက်အဖွဲ့လိုက် ပြောင်းရွှေ့ခိုလှုံ နေထိုင်လျက်ရှိကြပါသည်။ ထိုအထဲတွင် ကလေး ၃၃ ဦးခန့် ပါဝင်ပြီး ၁၁ ဦးမှာ ကျောင်းသား/ကျောင်းသူများဖြစ်ကြောင်း သိရှိရ၍ မိုးဘုံကျေးရွာအုပ်စု အထက(ခွဲ)တွင် စတုတ္ထတန်းအတန်းတင် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်များစီစဉ်ပေးခဲ့ရပြီးဖြစ်ပါသည်။

အဆိုပါရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့ဘုန်းကြီးကျောင်း ၁၉ ကျောင်း၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၁ ကျောင်းနှင့် ကျေးရွာ ၆ ရွာတို့တွင်ရောက်ရှိ ခိုလှုံနေသော စစ်ဘေးရှောင်ပြည်သူများအပေါ် လူသားချင်းစာနာထောက်ထားလျက်လိုအပ်သည့်စားနပ်ရိက္ခာ၊ အဝတ်အထည်များကို ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးလျက်ရှိသည်ကို သတင်း၊ မီဒီယာများမှတစ်ဆင့်ကြားသိနေရပါသည်။

သို့ဖြစ်ပါ၍ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်နှင့် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများနှင့် ကျေးရွာများရှိ စစ်ဘေးရှောင်ပြည်သူများ၏ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို မိမိတို့တတ်နိုင်သည့်ဘက်မှ





**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အရေးကြီးအဆိုနဲ့စပ်လျဉ်းပြီးလွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပါမယ်။ အရေးကြီးအဆိုကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် အရေးကြီး အဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။ အလှူငွေများကို လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံတွင် ထည့်ဝင်လှူဒါန်းကြဖို့ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင်၊ကျောက်မဲမြို့နယ် အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးချင်းစီ၏ နေ့တွက်စရိတ်(၁)ရက်စာကိုဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၊ကျောက်မဲမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များအတွက်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးချင်းစီ၏ နေ့တွက်စရိတ်(၁) ရက်စာကို ဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးမှ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

တစ်တပ်တစ်အားပါဝင် ကူညီဆောင်ရွက်သည့်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက စုပေါင်းလှူဒါန်းငွေအဖြစ် ကိုယ်စားလှယ်တစ်ဦးလျှင် နေ့တွက်စရိတ် တစ်ရက်စာ ၂၀၀၀၀/- စီကိုလှူဒါန်းပေးကြပါရန် တိုက်တွန်းကြောင်းအရေးကြီးအဆိုတင်သွင်းအပ်ပါသည်။အားလုံးကိုလေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအရေးကြီးအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပါမယ်။ အရေးကြီး အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကသဘောတူသည့်အတွက် အရေးကြီးအဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။

အလှူငွေများကိုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံတွင် ထည့်ဝင်လှူဒါန်းနိုင် ပါတယ်။ အစီအစဉ် ၁၃ မဆောင်ရွက်မီမှာကြားဖြတ် အစီအစဉ် ၁ ခု ဆောင်ရွက်မှာဖြစ်ပါတယ်။အစီအစဉ်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ်မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ်သိန်း ၁၅၀ ကိုလှူဒါန်းမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှအလှူငွေပေးအပ်ပေးပါရန်နှင့် နမ့်ဆန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လက်ခံပေးပါရန်ပန်ကြားအပ်ပါတယ်။

**(ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်(၁)နှင့် ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်(၂)တို့က လှူဒါန်းပေးအပ်ပြီး ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းကျော် (ခ)ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်(၁) နှင့် ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်(၂)တို့က လက်ခံရယူပါသည်။ )**



D/real(wide) (6



ကိုးကန့်ဒေသ တည်ငြိမ်အေးချမ်းရေးကိုမလိုလားသူ လူတစ်စုဦးဆောင်သော MNDAA သောင်းကျန်းသူများ၏ လုပ်ဆောင်ချက်များကြောင့် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး ကိုးကန့်ဒေသပြည်သူများဟာလည်း တိုက်ပွဲရှောင်ဒုက္ခသည်များစုစုပေါင်း သုံးသောင်းကျော်ခန့်ရှိခဲ့ပါတယ်။

MNDAA သောင်းကျန်းသူများရဲ့ များစွာသော အဖျက်လုပ်ငန်းများထဲမှ လတ်တလောဆောင်ရွက်ခဲ့တဲ့ အဖျက်လုပ်ငန်းများ ကို ဆက်လက်တင်ပြပါမယ်ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ညမှာ ကျွန်တော်တို့ လောက်ကိုင်မြို့ကို လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တဲ့အတွက် အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်နှင့် ဟိုတယ် ၁ လုံး ဖျက်ဆီးခံခဲ့ရပြီး ပြည်သူလူထုများအနေဖြင့် အထိတ်တလန့်ဖြစ်ခဲ့ရပါတယ်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာလည်း နောက်ထပ် ၁ ကြိမ် အပြစ်မဲ့ပြည်သူလူထုများ အထိတ်တလန့်ဖြစ်အောင်နှင့် လူမှုရေးအခက်အခဲများဖြစ်ပေါ်လာအောင် လောက်ကိုင်မြို့သို့ သွယ်တန်းထားသော လျှပ်စစ်ဓါတ်အားလိုင်းမှ တာဝါတိုင်၂တိုင်ကို ဗုံးခွဲဖျက်ဆီးခဲ့တဲ့အတွက် ပြည်သူလူထုမှာ လျှပ်စစ်မီးများ တစ်ပတ် ကျော်ခန့်ပြတ်တောက်ခဲ့ပြီးများစွာအတိဒုက္ခရောက်ခဲ့ရပါတယ်။

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ညမှာလည်း ချင်းရွှေဟော်မြို့မှာရှိတဲ့ ကားဂိုဒေါင် ၁လုံးအား ဗုံးခွဲဖျက်ဆီးခဲ့တဲ့အတွက်အပြစ်မဲ့ပြည်သူ ၃ဦးသေဆုံးပြီး ၃ဦး ဒဏ်ရာရရှိခဲ့တဲ့အပြင် ပြည်သူတို့၏မော်တော်ယာဉ် ၅စီးကိုလည်း ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ၎င်းတို့ဖြစ်စဉ်တွင်လည်း အပြစ်မဲ့သောပြည်သူလူထုမှာ ဒုက္ခသောက များစွာရောက်ခဲ့ရပါတယ်။

MNDAA သောင်းကျန်းသူတွေဟာ ကျွန်တော်တို့ ကိုးကန့်ဒေသကိုတည်ငြိမ်အေးချမ်းမှုမရှိအောင် ဆောင်ရွက်ရန်အတွက် ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅-၁၆ ရက်နေ့မှာ အစည်းအဝေးပြုလုပ်မည့် ကိုးကန့်ဒေသအတွင်း အဖျက်လုပ်ငန်းများအား စိတ်တိုင်းကျဆောင်ရွက်နိုင်ဖို့အတွက် တပ်မဟာ ၅၁၁ အမည်ဖြင့် တပ်မဟာအသစ်တစ်ခုထပ်မံဖွဲ့စည်းခဲ့ပါတယ်။ ထိုသို့ဖွဲ့စည်းခဲ့ကြောင်းကို ကိုးကန့်ဘာသာထုတ် မီဒီယာများတွင် ဖော်ပြခဲ့ပါတယ်။ တပ်မဟာမှူးကတော့ ဦးလန်ထင်အိန်ဖြစ်ပြီး ယခင်တပ်မဟာ ၃၁၁ ဒုတပ်မဟာမှူးအနေဖြင့် ကိုးကန့်ဒေသရှိ အဖျက်လုပ်ငန်းများကို ဦးစီးလုပ်ကိုင်ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ ၎င်းတပ်မဟာနိုင်ငံရေးမှူးကတော့ MNDAA သောင်းကျန်းသူအဖွဲ့၏ အဓိကခေါင်းဆောင်ဖြစ်သူဖုန်တာရှင်၏သားဖုန်ခွင်း ဖြစ်ပါတယ်။ အဲ့ဒီလိုလူတွေခေါင်းဆောင်သည့် MNDAA တပ်မဟာရဲ့ လုပ်ဆောင်မှုများဟာ ကိုးကန့်ဒေသအတွက် ဘယ်လိုဒုက္ခတွေ ပေးလာနိုင်မလဲဆိုတာ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးသိရှိနိုင်မှာဖြစ်ပါတယ်။

MNDAA သောင်းကျန်းသူများရဲ့ တပ်မဟာအသစ်ဟာ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ ကျွန်တော်တို့ ကိုးကန့်ဒေသ၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ကွမ်းလုံ-ချင်းရွှေဟော်ကားလမ်းအား ဗုံးခွဲဖျက်ဆီးခဲ့တဲ့အတွက် ခါတ်တိုင် (၂) တိုင် ပျက်စီးခဲ့ပြီးကတ္တရာလမ်းပေ ၅၀ ပတ်လည်ခန့် ပျက်စီးခဲ့သဖြင့် ကိုးကန့်ဒေသ၏လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိုများစွာအနှောင့်အယှက်ဖြစ်ခဲ့ရသည့်အပြင်လောက်ကိုင် မြို့နယ် တာရွှေထန်ကျေးရွာပတ်ဝန်းကျင်တွင်လည်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာနှောင့်ယှက်ပစ်ခတ်မှုများပြုလုပ်ခဲ့သည့်အတွက် ဒေသခံပြည်သူများမှာ အထိတ်တလန့်ဖြစ်ခဲ့ရပြီး





## လောက်ကိုင်ခရိုင်၊ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန်က ကိုးကန့်ဒေသအခြေအနေများအားရှင်းလင်းတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လောက်ကိုင်ခရိုင်၊ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန်မှ ကိုးကန့်ဒေသအခြေအနေနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ရှင်းလင်းတင်ပြပေးပါရန် ဦးကျောက်တယ်ချန်အားဖိတ်ခေါ်ပါတယ်။

**ဦးကျောက်တယ်ချန်၊ လောက်ကိုင်ခရိုင်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုမင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်အခုတင်ပြမှာကတော့ ကျွန်တော်တို့ ကိုးကန့်ဒေသအတွင်း ဖြစ်ပေါ်နေသော MNDAA သောင်းကျန်းသူများရဲ့ အဖျက်လုပ်ငန်းများအားလွှတ်တော်ဥက္ကကြီးနှင့်တကွကိုယ်စားလှယ်တော်များ သိရှိနိုင်ရန်အတွက် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ကိုးကန့်ဒေသဟာ ယခင်က တည်ငြိမ်အေးချမ်းလျက်ရှိပြီး ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစပြီး

မိမိနေအိမ်များကို စွန့်ခွာ၍ အခြားအရပ်ဒေသများသို့ ပြောင်းရွှေ့ရန် စီစဉ်နေကြကြောင်း သတင်းရရှိခဲ့ပါတယ်ခင်ဗျား။

တည်ငြိမ်အေးချမ်းစပြုနေပြီဖြစ်သော ကျွန်တော်တို့ ကိုးကန့်ဒေသကို ယခုလိုမတည်မငြိမ်ဖြစ်အောင်နှင့် အပြစ်မဲ့ပြည်သူများအပေါ် ဒုက္ခအမျိုးမျိုးရောက်အောင် လုပ်ဆောင်နေသည့် MNDAA သောင်းကျန်းသူအဖွဲ့၏ လုပ်ဆောင်ချက်များအား ကျွန်တော်တို့ ကိုးကန့်လူမျိုးမှ ထောက်ခံအားပေးမှုမရှိသည့်အပြင် ၎င်းတို့၏ဆောင်ရွက်ချက်များအားလုံးကိုလည်း ကိုးကန့်ပြည်သူများအနေဖြင့် ရှုတ်ချကန့်ကွက်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသိရှိနိုင်ပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့တင်ပြချက်ကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးသိရှိစေပြီး၊ ဤရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်နိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

လက်ရှိဖြစ်ပွားခဲ့ပြီးသောအခြေအနေအရပ်ရပ်ကို ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူငယ်အဖွဲ့များ၊ တပ်မတော်တပ်ဖွဲ့တပ်ရင်းများ၏ အကူအညီဖြင့် ပူးပေါင်းဖြေရှင်းလျက်ရှိပါတယ်။

နောင်ထပ်မံ၍ဖြစ်ပွားလာပါက ပြည်နယ်အစိုးရနှင့် ပြည်သူ့လွှတ်တော်အဆင့်ဆင့်သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ဈ)အရ ကိုးကန့်ဒေသအခြေအနေများ ရှင်းလင်းတင်ပြချက်ကို ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။



D/real(wide) (6



## ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်**

**၂၀၁၆ ခုနှစ်၊ မတ် လ ၂၄ ရက်**

**[ကြာသပတေးနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော

နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၇)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၃၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၇. ၀၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) အရ အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။





## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ (ကြာသပတေးနေ့ )နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအား အသိပေးတင်ပြအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး(စတုတ္ထနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပသွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးထွန်းရင်၊ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး(စတုတ္ထနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်း





တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန် အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အဖွဲ့အစည်းဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရအပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကော်မတီများကို လေ့လာ တင်ပြနိုင်စေရေး အတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့်

တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်သည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင်ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြ အတည်ပြုချက်ယူရမည်ဟု ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃ နှင့် ၂၄ တို့မှာ ပြဋ္ဌာန်း ထားပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြား ရှင်းလင်းပေးပါရန် တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်တင့်ကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် ဒေသန္တရ စီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များကို လွှတ်တော်သို့ တင်ပြရှင်းလင်း သွားမှာဖြစ်ပါတယ်။



D/real(wide) (6



မရှိသည့် အောက်ဖော်ပြပါ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၄ ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ကိုယ်စားတင်ပြ တောင်းခံအပ်ပါတယ်-

(၁) ဦးဇုတ်ဒေါင်၊ကချင်တိုင်းရင်းသား လူမျိုးစု ကိုယ်စားလှယ်၊ ကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၁)ရက်

(၂) ဦးရန်ကျော်၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၇)ရက်

(၃) ဦးယောသပ်၊ လားဟူတိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ခွင့်(၁) ရက်။

(၄) ဦးဂူဆာ၊လီဆူတိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ခွင့်(၁) ရက်။

အားလုံးကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၃၇)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ (ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေး

## ကော်မတီ၏ သက်တမ်း

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း(၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ် နိုင်သည်။

## ကော်မတီ၏တာဝန်

ကော်မတီသည်-

- ပြည်နယ်အစိုးရ၏ အသုံးစာရင်းနှင့် ပြည်နယ် စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ခွင့်ပြုငွေသည် ပြည်နယ်လွှတ်တော်က ခွင့်ပြုထား သောငွေကို သတ်မှတ်သည့်ကိစ္စအတွက်သာလျှင် သုံးစွဲခြင်းရှိ/မရှိ ၊ စည်းကမ်းနှင့်အညီ သုံးစွဲခြင်း ရှိ/မရှိနှင့် ခွင့်ပြုသည့် ရည်ရွယ်ချက်အတိုင်း ထိရောက်စွာ သုံးစွဲခြင်း ရှိ/မရှိ တို့ကို စိစစ်ရမည်။
- ပြည်နယ်လွှတ်တော်က ခွင့်ပြုထားသော ငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခြင်းရှိ/ မရှိ စစ်ဆေး ရမည်။ စစ်ဆေးနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေး နိုင်သည်။
- ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်း ဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်



D/real(wide) (6



ကော်မတီ အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

ကော်မတီဝင်များသည်-

- ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက် များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေး ခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌထံတင်ပြနိုင်ခွင့် ရှိသည်။

## ကော်မတီ၏ရပိုင်ခွင့်

ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များဖြစ်သည့် အားလျော်စွာ ကော်မတီ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရခရီးသွားရာ၌ လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့်ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်းခံစားခွင့် ရှိသည်။

**ကော်မတီဝင်များသည်**

- ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
- ကော်မတီ အစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့၏ အကြီးအမှူးမှ တစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကရှမ်းပြည်နယ်လွှတ်တော်အတွက် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီတွင်ထည့်သွင်းဖွဲ့စည်းမည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ





လွှတ်တော် အစည်းအဝေးသို့ ပြန်လည် တင်ပြရမည်။

- ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦး တင်ပြချက်အရ စိစစ်ရန် လိုအပ်သည်ဟု ပြည်နယ်လွှတ်တော်က ဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်လွှတ်တော် အစည်းအဝေး သို့ ပြန်လည် တင်ပြရမည်။
- သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် ပုဂ္ဂိုလ်များ အား ဖိတ်ကြား၍ မေးမြန်းဆွေးနွေး နိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက် အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်း မပြုရ။ ပြည်နယ် လွှတ်တော်သို့ ပေးပို့သော အစီရင် ခံစာ မိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်**

၄။ ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

စိစစ်ရေးကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်လျာထားပါကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
| --- | --- | --- | --- |
| (၁) | ဦးခင်မောင်တင့် | တာချီလိတ်-၂ | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နန်းစမ်းစမ်းအေး | သီပေါ-၁ | အတွင်းရေးမှူး |
| (၃) | ဦးဒါဝိဒ် | မိုင်းဆတ်-၂ | အဖွဲ့ဝင် |
| (၄) | ဦးတင်လှိုင် | နမ္မတူ-၁ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းမွန်းလိန် | မိုးနဲ-၁ | အဖွဲ့ဝင် |
| (၆) | ဦးရန်ကျော် | ဟိုပန်-၂ | အဖွဲ့ဝင် |
| (၇) | ဗိုလ်မှူးစောစိန်ကျော်ကြည်း-၂၅၁၇၄ | | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) နှင့် အတွင်းရေးမှူးအဖြစ် ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

ဖွဲ့စည်းရန် တင်ပြထားသော ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့နှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ရက် (သောကြာနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့အစည်းအဝေးရပ်နားသည့်အခါ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။



D/real(wide) (7



**ကော်မတီ၏တာဝန်**

ကော်မတီသည်-

- ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံလိပ်မူ၍ တိုင်ကြားလာသည့် ကိစ္စရပ်များအား စိစစ်ရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြရမည်။
- ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ တိုင်ကြားချက်အရ စိစစ်ရန် လိုအပ်သည်ဟု ပြည်နယ်လွှတ်တော်က ဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။
- သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် ပုဂ္ဂိုလ် များအား ဖိတ်ကြား၍ မေးမြန်း ဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။

ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်း မပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ်တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်**

ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

ကော်မတီ အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါပြဋ္ဌာန်းချက်များနှင့် အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

ကော်မတီဝင်များသည်-

- ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆို ဆွေးနွေးခွင့်နှင့်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံတင်ပြနိုင်ခွင့် ရှိသည်။



D/real(wide) (7



**တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်ကြားစာများစိစစ်ရေး ကော်မတီ၏ တာဝန်၊လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်၊သက်တမ်းလျာထားချက် များနှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမျိုးမြင့်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှာ တိုင်ကြားစာများစိစစ်ရေး ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏ သက်တမ်း**

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ် နိုင်သည်။

**ကော်မတီ၏ရပိုင်ခွင့်**

ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင်ရောက်ရှိနေစဉ်၌လည်းကောင်း၊တာဝန်အရခရီးသွားရာ၌ လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်

- ကော်မတီအစည်းအဝေးများတွင်တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။
- ကော်မတီအစည်းအဝေးများ တက်ရောက် နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။
- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်ကော်မတီအစည်း အဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။





ဖွဲ့စည်းရန် လျာထားသော တိုင်ကြားစာများ စိစစ်ရေးကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်(သောကြာနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေး ရပ်နားသည့်အခါ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ (သောကြာနေ့)နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ (သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါကြောင်း လွှတ်တော်

ကိုယ်စားလှယ်ကြီးများအား အသိပေးတင်ပြအပ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (7



## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော် အတွက် တိုင်ကြားစာများစိစစ်ရေးကော်မတီ တွင်ထည့်သွင်း ဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင် များ၏ အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီးရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ တိုင်ကြားစာများ စိစစ်ရေးကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦးဖြင့် ဖွဲ့စည်းရန် လျာထားပါကြောင်း လွှတ်တော်သို့ တင်ပြပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းမျိုးမြင့် | မိုးနဲ-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးအားကို | မိုင်းဖြတ်-၂ | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းဆန်စိန် | တန့်ယန်း-၁ | အဖွဲ့ဝင် |
| (၄) | ဒေါ်နန်းဖွေးဟွမ်ဦး | မောက်မယ်-၁ | အဖွဲ့ဝင် |
| (၅) | ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင် | မိုင်းတုံ-၂ | အဖွဲ့ဝင် |
| (၆) | ဦးခွန်လှဆန်း | ပင်လောင်း-၁ | အဖွဲ့ဝင် |
| (၇) | ဗိုလ်မှူးဝင်းဟန် | ကြည်း-၂၅၃၀၃ | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌ အဖြစ် ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) တို့ဖြစ်ကြောင်းတင်ပြပါတယ်။

## ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်**

**၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်**

**[ သောကြာနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ပဥ္စမနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)အား ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များသတ်မှတ်ထားသော





### ပြည်နယ်လွှတ်တော်အစည်းအဝေး ပဥ္စမနေ့အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) အစီအစဉ်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

### အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးထွန်းရင်၊ ဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ညောင်ရွှေ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး

(ပဉ္စမနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း (၃)ဦး အား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံး၏ ကိုယ်စားတင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးဇုတ်ဒေါင်၊ ကချင်တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

(၂) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၃) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ပဉ္စမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၇) ဦး ၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁) ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး စုစုပေါင်း ခွင့်ပြုထားသူ (၄) ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု





နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ် ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၇)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၇. ၀၈)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေ သည် ၃ပုံ ၁ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ (ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ပဥ္စမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

**ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် တင်ပြခဲ့သော ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးသွင်းခြင်းမရှိသည့်အတွက်





**ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တိုင်ကြားစာများစိစစ်ရေး ကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့်ပြည်နယ်လွှတ်တော်တိုင်ကြားစာများ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (စတုတ္ထနေ့)တွင် တင်ပြခဲ့သော တိုင်ကြားစာများစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းပေးသွင်းခြင်းမရှိတဲ့အတွက် တိုင်ကြားစာများစိစစ်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းမျိုးမြင့် | မိုးနဲ-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးအားကို | မိုင်းဖြတ်-၂ | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းဆန်စိန် | တန့်ယန်း-၁ | အဖွဲ့ဝင် |
| (၄) | ဒေါ်နန်းဖွေးဟွမ်ဦး | မောက်မယ်-၁ | အဖွဲ့ဝင် |
| (၅) | ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင် | မိုင်းတုံ-၂ | အဖွဲ့ဝင် |
| (၆) | ဦးခွန်လှဆန်း | ပင်လောင်း-၁ | အဖွဲ့ဝင် |
| (၇) | ဗိုလ်မှူးဝင်းဟန် | ကြည်း-၂၅၃၀၃ | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် တိုင်ကြားစာများစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များ နှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း လျာထားချက်နှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံကျော်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန် ပေးချက်အရ လွှတ်တော်သို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။



D/real(wide) (7



ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးခင်မောင်တင့် | တာချီလိတ်-၂ | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နန်းစမ်းစမ်းအေး | သီပေါ-၁ | အတွင်းရေးမှူး |
| (၃) | ဦးဒါဝိဒ် | မိုင်းဆတ်-၂ | အဖွဲ့ဝင် |
| (၄) | ဦးတင်လှိုင် | နမ္မတူ-၁ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းမွန်းလိန် | မိုးနဲ-၁ | အဖွဲ့ဝင် |
| (၆) | ဦးရန်ကျော် | ဟိုပန်-၂ | အဖွဲ့ဝင် |
| (၇) | ဗိုလ်မှူးစောစိန်ကျော် | ကြည်း-၂၅၁၇၄ | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ကော်မတီ၏သက်တမ်း**

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန် ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

ကော်မတီသည်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံ စာများနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ပြည်နယ် လွှတ်တော်တွင် ဖြေကြားပြီးသော မေးခွန်းများနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို စိစစ် ရမည်။

ကော်မတီသည် အောက်ပါအချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်-

- ပြည်နယ်အစိုးရက ၎င်း၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့် အခြေအနေထိ အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးကြောင်း။
- အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များကို ပြည်နယ်အစိုးရက ဆောင်ရွက် ပြီးလျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ/မရှိ။

အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်းရှိ/မရှိ လိုအပ်သည့် နေရာများသို့သွားရောက် စစ်ဆေးနိုင်သည်။



D/real(wide) (7



- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံ သောအကြောင်းပြချက် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန် ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင်ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ပိုင်ဆိုင်ခွင့် များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

- ကော်မတီအစည်းအဝေးများတွင် တင်ပြ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။
- ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ် အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူး မှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။
- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီပြည်နယ် လွှတ်တော်

ဥက္ကဋ္ဌ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေး များသို့ တက်ရောက်ခွင့်ရှိသည်။
အားလုံးကိုကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော် အတွက် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦးဖြင့် ဖွဲ့စည်းရန်လျာထားကြောင်း လွှတ်တော်ကို တင်ပြပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းလုံကျော် | ရပ်စောက်-၂ | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ရီရီဝင်း | မိုးမိတ်-၁ | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းလှိုင်ခမ်း | မိုင်းယန်း-၁ | အဖွဲ့ဝင် |
| (၄) | ဦးအန်းဂျေလို | ဖယ်ခုံ-၂ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းစံဖေ | မိုင်းရယ်-၂ | အဖွဲ့ဝင် |



D/real(wide) (8



သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်း ဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင် တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက် အားလုံးကိုအသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ် လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်

ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

ကော်မတီ၏ အစီရင်ခံစာတင်ပြချက်နှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်။

ကော်မတီဝင်များသည်-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၆) ဦးအောင်ဝင်း နမ့်ခမ်း-၁ အဖွဲ့ဝင်
(၇) ဗိုလ်မှူးသိန်းဇော်ဦး ကြည်း-၂၇၄၃၀ အဖွဲ့ဝင်

တို့ဖြစ်ကြပြီး ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

ဖွဲ့စည်းရန်တင်ပြထားသော ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ (တနင်္လာနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီကနေ့ အစည်းအဝေး ရပ်နားတဲ့အခါမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်တို့နှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဝန်းဆမ်အား ဖိတ်ခေါ်ပါတယ်။





- အဓိကအားဖြင့် အသက်ကယ်ဆေးများ လုံလောက်ရေးနှင့် ကုသမှုဆိုင်ရာပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်မှုရှိစေရန် ဆောင်ရွက်ပေးရမည်။
- ပတ်ဝန်းကျင်ကျန်းမာရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ကပ်ရောဂါများအား ထိရောက်စွာ ကာကွယ်ထိန်းချုပ်ရေးတို့ကို လေ့လာသုံးသပ်အကြံပြုပေးရမည်။
- ကျန်းမာရေး သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို ပိုမိုကောင်းမွန်စေရေး ကူညီဆောင်ရွက်ပေးရမည်။

ကော်မတီသည်ပညာရေးမြှင့်တင်မှုနှင့် စပ်လျဉ်း၍-

- ပညာရေးစနစ်ပိုမိုကောင်းမွန်ရန်အတွက် ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးရမည်။
- ဘက်စုံ အတွေးအခေါ် အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရေး ကူညီဆောင်ရွက်ပေးရမည်။
- ကလေးသူငယ်တိုင်း အခြေခံပညာရေး ပြီးမြောက်ရန်နှင့်ဆက်လက်ပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးရမည်။
- စာသင်ကျောင်းများ၏ ရုပ်နာမ်နှစ်ဖြာ တိုးတက်ကောင်းမွန်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။



D/real(wide) (8

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုလည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကို လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီ အစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက် အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်း မပြုရ။ ပြည်နယ် လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

ကော်မတီဝင်များသည်-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကြိုးအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံတင်ပြနိုင်ခွင့်ရှိသည်။



D/real(wide) (8



**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်ဖြစ်ပါတယ်။ ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

ကော်မတီသည် ကျန်းမာရေးနှင့်စပ်လျဉ်း၍-

- ပြည်သူတို့၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရမည်။
- ပြည်သူများ၏ ဆေးကုသမှုစရိတ် သက်သာစေရေး အတွက် ကျန်းမာရေးအာမခံစနစ်နှင့် အခြား အစီအမံများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် ကူညီဆောင်ရွက်ပေးရမည်။

**ကော်မတီ၏ ရပိုင်ခွင့်**

ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်များ ကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန် ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင်ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

- ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရအရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။
- ကော်မတီအစည်းအဝေးများတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်။

ကျေးဇူးတင်ပါတယ်။



D/real(wide) (8



(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးစိုင်းရှဲန်တစ်လုံ၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)တို့ဖြစ်ကြောင်းတင်ပြပါတယ်။

ဖွဲ့စည်းရန်တင်ပြထားသော ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုဆိုင်ရာ ကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ (တနင်္လာနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီကနေ့ အစည်းအဝေးရပ်နားသည့်အခါမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက် (တနင်္လာနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မတ်လ

၂၈ ရက် (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ အချိန်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (8



## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦးဖြင့် ဖွဲ့စည်းရန်လျာထားကြောင်း လွှတ်တော်ကို တင်ပြပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းဝန်းဆမ် | မိုင်းခတ်-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းရှဲန်တစ်လုံ | မိုင်းယောင်း-၂ | အတွင်းရေးမှူး |
| (၃) | ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီး | ကလော-၁ | အဖွဲ့ဝင် |
| (၄) | ဒေါ်နန်းခင်ထားရီ | သိန္နီ-၁ | အဖွဲ့ဝင် |
| (၅) | ဦးအိုက်မွန်း | ကွတ်ခိုင်-၁ | အဖွဲ့ဝင် |
| (၆) | ဦးဇော်ထွန်း | ကွမ်းလုံ-၂ | အဖွဲ့ဝင် |
| (၇) | ဗိုလ်မှူးရဲမြတ်ထွန်း | ကြည်း-၃၆၃၂၀ | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး ကျန်းမာရေးနှင့်ပညာရေးမြှင့်တင်မှု ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**

**၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်**

**[ တနင်္လာနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော





### ပြည်နယ်လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

### အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးထွန်းရင်၊ ဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်း

မရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၄)ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံး၏ ကိုယ်စားတင်ပြ တောင်းခံအပ်ပါတယ်-

(၁) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၂) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ခွင့်(၁) ရက်။

(၃) ဦးကိန်မိုင်၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁) ရက်။

(၄) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၃) ရက်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)ကို တက်ရောက် ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၇)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁) ဦး ၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး ဖြစ်ပါတယ်။စုစုပေါင်းခွင့်ပြုထားသူ (၅)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ



D/real(wide) (8



နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ် ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၇)ဦးရှိသည့် အနက် ဒီကနေ့အစည်းအဝေးကို (၁၃၂)ဦး တက်ရောက်ပါ တယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၆. ၃၅)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်း နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၅(ဂ) အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ရှမ်းပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် အဆိုပြု ပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူထံမှ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ ရက်စွဲပါစာဖြင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ် (၁)ဦး၏ အမည်စာရင်းကို ဖွဲ့စည်းပုံ



D/real(wide) (8



လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်း အဆိုကိုဥက္ကဋ္ဌထံတင်သွင်းရမည်။ ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်သော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများကိုလည်း ပူးတွဲ တင်ပြရမည်လို့ ဖော်ပြထားပါတယ်။

ဒါကြောင့် ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဒီကနေ့ နံနက်ပိုင်း လွှတ်တော်အစည်းအဝေး ခေတ္တရပ်နားတဲ့အခါမှာ လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ မွန်းတည့် (၁၂း၀၀)နာရီ နောက်ဆုံးထားပြီး အမည်စာရင်းနှင့်အတူ မိမိကန့်ကွက်လိုသောပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများကိုလည်း ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ မွန်းလွဲ (၁း၀၀)နာရီအချိန်မှာ အစည်းအဝေးကို ပြန်လည်ကျင်းပမှာဖြစ်ပြီး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပြောကြားလိုပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို (၁း၀၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

## ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်

[ တနင်္လာနေ့ ]

**(နေ့လည်ပိုင်း)**

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)နေ့လည်ပိုင်းအစီအစဉ်များအား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။





အခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁)အရ ရှမ်းပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။

အဆိုပါ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူထံမှ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂)အရ လွှတ်တော်၏ သဘောတူညီချက်ကိုရယူဖို့ရှိပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဃ)က ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ ကျွန်တော်တို့လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ် မှာ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ လင်းထွဋ်ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူထံမှပေးပို့သည့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုထားသော ပုဂ္ဂိုလ်အား ရှမ်းပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာသွားမှာ ဖြစ်ပါတယ်။ အဆိုပြုတင်ပြထားသည့် ပြည်နယ်ဝန်ကြီးချုပ်အပေါ် ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၄ အရ ကန့်ကွက်

## ၁၇၇

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)နှင့် (၇)ကို တစ်ဆက်တည်း ဆောင်ရွက်ပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ကြောင်းအဆိုကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးထံမှ လက်ခံရရှိပါတယ်။ ၎င်းကန့်ကွက် ကြောင်း အဆိုကို ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအနေဖြင့် ပြန်လည်စိစစ် ကြည့်တဲ့အခါမှာ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၉၊ ပုဒ်မခွဲ (ဃ) အရ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများကို အထင်အရှားဖော်ပြထားနိုင်ခြင်းမရှိပဲ မဆီလျော်သောအကြောင်းပြ ချက်များ၊ ခိုင်လုံသောအထောက်အထားမပါရှိသည့် ယူဆချက်များ ကို တွေ့ရှိရပါတယ်။

မည်သို့ပင်ဖြစ်စေဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကန့်ကွက် ကြောင်း အဆိုကို တင်ပြလာတဲ့ လွှတ်တော်ကိုယ်စားလှယ်၏ အဆိုအား ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့် အသိအမှတ်ပြု မှတ်တမ်းတင်ထားမှာဖြစ်ကြောင်း လွှတ်တော်ကို အသိပေး ပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဃ)မှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အတွက် သတ်မှတ်ထားသောအရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သည် နိုင်ငံတော်သမ္မတကအမည်စာရင်းတင်သွင်းသည့်





## ၁၇၉

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဥ္စမနေ့)တွင် တင်ပြခဲ့သော ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးသွင်းခြင်းမရှိ သည့်အတွက် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းလုံကျော် | ရပ်စောက်-၂ | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ရီရီဝင်း | မိုးမိတ်-၁ | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းလှိုင်ခမ်း | မိုင်းယန်း-၁ | အဖွဲ့ဝင် |
| (၄) | ဦးအန်းဂျေလို | ဖယ်ခုံ-၂ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းစံဖေ | မိုင်းရယ်-၂ | အဖွဲ့ဝင် |
| (၆) | ဦးအောင်ဝင်း | နမ့်ခမ်း-၁ | အဖွဲ့ဝင် |
| (၇) | ဗိုလ်မှူးသိန်းဇော်ဦး | ကြည်း-၂၇၄၃၀ | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊

ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်မှသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကိုအတည်ပြုကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)တွင် တင်ပြခဲ့သော ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း ပေးသွင်းခြင်းမရှိသည့်အတွက် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီကို-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းဝန်းဆမ် | မိုင်းခတ်-၁ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းရှဲန်တစ်လုံ | မိုင်းယောင်း-၂ | အတွင်းရေးမှူး |


D/real(wide) (9



လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟု အတိအလင်းဖော်ပြထားသလို ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအတွက် ကတိသစ္စာပြုချက်မှာလည်းဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက် ပါမည်ဆိုသည့် အချက်ကိုသတိပြုစေလိုပါတယ်။

ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပါ အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်နှင့် စည်းကမ်းချက်များ၊ နည်းဥပဒေ ၁၁၈၊ ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ ကန့်ကွက်ကြောင်း အဆိုကို ဆက်လက် ဆောင်ရွက်ရန်မရှိသည့်အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူမှပေးပို့သော ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် အဆိုပြုထားသည့် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာလင်းထွဋ်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်မှသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူမှ ပေးပို့သော ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် အဆိုပြုသည့် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာလင်းထွဋ်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

(၃) ဦးစိုးညွန့်လွင်(ခ) ကလော-၁ အဖွဲ့ဝင်
ဦးစိုးကြီး
(၄) ဒေါ်နန်းခင်ထားရီ သိန္နီ-၁ အဖွဲ့ဝင်
(၅) ဦးအိုက်မွန်း ကွတ်ခိုင်-၁ အဖွဲ့ဝင်
(၆) ဦးဇော်ထွန်း ကွမ်းလုံ-၂ အဖွဲ့ဝင်
(၇) ဗိုလ်မှူးရဲမြတ်ထွန်း ကြည်း-၃၆၃၂၀ အဖွဲ့ဝင်

တို့ဖြင့် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်မှသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

**တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း လျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံအား ဖိတ်ခေါ်အပ်ပါတယ်။



D/real(wide) (9



- တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်လာစေရေး အတွက် လေ့လာသုံးသပ်ဆောင်ရွက်ရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိဌာနအဖွဲ့အစည်းများကကျင့်သုံးလျက်ရှိသည့် ဥပဒေများ၊ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများလေ့လာ၍ညီညွတ်ဆီလျော်မှုရှိစေရေးထိန်းညှိကူညီခြင်းပြုရမည်။

ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ အားဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုလည်းကောင်း၊ ကော်မတီ ဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်း မပြုရ။ ပြည်နယ်လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

ကော်မတီဝင်များသည်-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီ၏ ရပိုင်ခွင့်

ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီ၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေး တက်ရောက် ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော် က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

- ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ





**ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

## ကော်မတီ၏သက်တမ်း

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

## ကော်မတီ၏တာဝန်

ကော်မတီသည်-

- ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရများ၊ တရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများနှင့် သက်ဆိုင်သူများ အားလုံးတို့သည် တရားဥပဒေနှင့်အညီ နေထိုင်ပြုမူ လိုက်နာဆောင်ရွက်ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထိန်းညှိ ကူညီခြင်း ပြုရမည်။

မှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

- ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ် အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။
- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီဝင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၉)ဦးဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း လွှတ်တော်ကိုတင်ပြပါတယ်-





## တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းလျာထားချက်တို့နှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါ ရန် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်အား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

### ကော်မတီ၏သက်တမ်း

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည် သုံးသပ်ပြီး



D/real(wide) (9

လိုအပ်ပါက သင့်လျော်သလို လဲလှယ် အစားထိုး တာဝန် ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

ကော်မတီသည် တောင်သူလယ်သမားများနှင့် စပ်လျဉ်း၍-

- တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေး ရမည်။
- လွတ်လပ်စွာ စိုက်ပျိုး၊ ထုတ်လုပ်၊ သိုလှောင်၊ ကြိတ်ခွဲရောင်းချခွင့်ရရှိရေးကို ကူညီဆောင်ရွက်ပေးရမည်။
- လယ်ယာထွက်ကုန်များဖြစ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- လယ်ယာကုန်ထွက်သီးနှံများ အရည်အသွေးကောင်းမွန် မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာရရှိရေးကို ကူညီဆောင်ရွက်ပေး ရမည်။
- တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေလုံလောက်စွာရရှိရေး၊ လယ်ယာထွက်ကုန်ရောင်းချမှုအပေါ် အကျိုးအမြတ်လုံလောက်စွာရရှိရေးကို ကူညီဆောင်ရွက်ပေးရမည်။

ကော်မတီသည် အလုပ်သမားနှင့် စပ်လျဉ်း၍-

- အလုပ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ဆောင်ရွက်မှုများ လုပ်ကိုင်ပေးရမည်။
- အလုပ်သမားများ၏ လုပ်ငန်းတာဝန်များနှင့်



D/real(wide) (9



| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းလုံ | နမ့်စန်-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးခွန်သူရအောင် | တောင်ကြီး-၂ | အတွင်းရေးမှူး |
| (၃) | ဦးစိုင်းမြင့်ထူး | မိုင်းရယ်-၁ | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းအောင်ခမ်း | မိုင်းပန်-၂ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းစွံဆိုင်း | တာချီလိတ်-၁ | အဖွဲ့ဝင် |
| (၆) | ဦးခွန်မောင်ဖြူ | ဟိုပုံး-၁ | အဖွဲ့ဝင် |
| (၇) | ဦးအေးမောင် | နမ့်ခမ်း-၂ | အဖွဲ့ဝင် |
| (၈) | ဦးကျကဇော် | မက်မန်း-၂ | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူးစိုးသူရ | ကြည်း-၂၁၃၈၄ | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေး ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးခွန်သူရအောင်၊ တောင်ကြီး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

ဖွဲ့စည်းရန်တင်ပြထားသော တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီကနေ့ အစည်းအဝေး ရပ်နားတဲ့အခါမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

စပ်လျဉ်း၍ ဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးရမည်။

- ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် အရည်အချင်းမြင့် အလုပ်သမားများပေါ်ပေါက်စေရေးအတွက် လုပ်ငန်းခွင်သင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ရေး ဆောင်ရွက်ပေးရမည်။
- အလုပ်သမားများရင်ဆိုင်ရသည့် လုပ်ငန်းခွင်ပြဿနာနှင့် အခြားပြဿနာများကို ကူညီဖြေရှင်းဆောင်ရွက်ပေးရမည်။

ကော်မတီသည်လူငယ်ရေးရာနှင့်စပ်လျဉ်း၍

- လူငယ်များရရှိခံစားနိုင်မည့် အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရမည်။
- လူငယ်နှင့်ပတ်သက်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာစိစစ်သုံးသပ်ခြင်းများ ဆောင်ရွက်ရမည်။
- လူငယ်နှင့်ပတ်သက်သည့် အမှုအခင်းများ မဖြစ်ပွား စေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လုပ်ငန်း အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးရမည်။



D/real(wide) (9



ကော်မတီဝင်များသည်-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။
- ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကြောင်းအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံတင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ ကော်မတီ၏လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရခရီးသွားရာ၌ လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင် ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

- ကော်မတီအစည်းအဝေးများတွင်တင်ပြဆွေးနွေးချက် နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။
- ကော်မတီအစည်းအဝေးများတက်ရောက် နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏အကြီးအမှူးမှ

တစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

- ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကိုအထူးပဲကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်ကို တင်ပြပါတယ်-



D/real(wide) (9



- ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တ ကောင်းမွန်သည့် လူငယ်လူရွယ်များ ပေါ်ထွန်းရေးနှင့် နိုင်ငံသားကောင်းဖြစ်စေရေးအတွက် ကူညီဆောင်ရွက်ပေး ရမည်။

ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြားပြီး မေးမြန်း ဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို လည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီ အစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက် အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်း အစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ် လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

### ကော်မတီ၏ လုပ်ပိုင်ခွင့်

ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့် အညီကျင်းပရမည်။

ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။

၁၉၃

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးသန်းထိုက် | ကလော-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းခမ်းမြတ် | တန့်ယန်း-၂ | အတွင်းရေးမှူး |
| (၃) | ဦးအီးရှာမွေ | မိုင်းပျဉ်း-၁ | အဖွဲ့ဝင် |
| (၄) | ဦးမြင့်ဆွေ | နောင်ချို-၁ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းထွန်းဝင်း(ခ) ဦးစိုင်းနော်ခမ်း | ကျောက်မဲ-၁ | အဖွဲ့ဝင် |
| (၆) | ဦးသိန်းဇော် | မန်တုံ-၁ | အဖွဲ့ဝင် |
| (၇) | ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း | ကြည်း-၃၅၆၉၉ | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးသန်းထိုက်၊ ကလော မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)နှင့် အတွင်းရေးမှူးအဖြစ် ဦးစိုင်းခမ်းမြတ်၊တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)တို့ဖြစ်ကြောင်း လွှတ်တော်ကို တင်ပြပါတယ်။

ဖွဲ့စည်းရန်လျာထားသော တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေး မှာဖြစ်ပါတယ်။ ဆွေးနွေးလိုသောလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဒီကနေ့အစည်းအဝေးရပ်နားသည့်အခါမှာ ပြည်နယ် လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ် ပါတယ်။





၁၉၅

## ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

## ၂၀၁၆ ခုနှစ်၊ မတ် လ ၂၉ ရက်

## [အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန် အစည်းအဝေး (သတ္တမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)အား ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော

နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(သတ္တမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၇)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၃၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏(၉၄. ၈၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (ခ)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေးစတင် ကျင်းပကြောင်းကြေညာပါတယ်။





## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (သတ္တမနေ့)ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် (အင်္ဂါနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (သတ္တမနေ့)အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီအချိန်တွင် ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်းဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကတင်ပြဖို့ဖြစ်ပါတယ်။

**ဦးထွန်းရင်၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်း





ကိုယ်စားလှယ်ဦးရေမှာ (၁၃၇)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပြုထားသူ (၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ (ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး(သတ္တမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။



D/real(wide) (9

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)တွင် တင်ပြခဲ့သော တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးကော်မတီ ဖွဲ့စည်းခြင်း နှင့် စပ်လျဉ်းပြီး ဆွေးနွေးလို သော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးသွင်းခြင်း မရှိသည့်အတွက် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီကို

| စဉ် အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|
| (၁) ဦးစိုင်းလုံ | နမ့်စန်-၂ | ဥက္ကဋ္ဌ |
| (၂) ဦးခွန်သူရအောင် | တောင်ကြီး-၂ | အတွင်းရေးမှူး |
| (၃) ဦးစိုင်းမြင့်ထူး | မိုင်းရယ်-၁ | အဖွဲ့ဝင် |
| (၄) ဦးစိုင်းအောင်ခမ်း | မိုင်းပန်-၂ | အဖွဲ့ဝင် |
| (၅) ဦးစိုင်းစွံဆိုင်း | တာချီလိတ်-၁ | အဖွဲ့ဝင် |
| (၆) ဦးခွန်မောင်ဖြူ | ဟိုပုံး-၁ | အဖွဲ့ဝင် |
| (၇) ဦးအေးမောင် | နမ့်ခမ်း-၂ | အဖွဲ့ဝင် |
| (၈) ဦးကျာကဖော် | မက်မန်း-၂ | အဖွဲ့ဝင် |
| (၉) ဗိုလ်မှူးစိုးသူရ | ကြည်း-၂၁၃၈၄ | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်





မရှိသည့် အောက်ဖော်ပြပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၅ ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားတင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၂) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၃) ဒေါက်တာမျိုးထွန်း၊ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့်(၁)ရက်။

(၄) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁) ရက်။

(၅) ဗိုလ်မှူးကြီးစိုးမိုးအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်

များနှင့် သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)တွင်တင်ပြခဲ့သော တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီးဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးသွင်းခြင်းမရှိသည့်အတွက် တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းမှာဖြစ်ပါတယ်-





## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (သတ္တမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)ကို ၂၀၁၆ ခုနှစ်၊ ဧပြီ လ ၁ ရက် (သောကြာနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ ခုနှစ်၊ မတ်လ အတွက် ချီးမြှင့်ငွေနှင့်စရိတ်များအား (၃၁-၃-၂၀၁၆)ရက်နေ့ နေ့လည်(၁၃း၃၀)နာရီအချိန် ပြည်နယ်လွှတ်တော်ရုံးမှာ ထုတ်ပေးသွားမည် ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဒုတိယ အနေဖြင့် ရှမ်းပြည်နယ် လွှတ်တော်မှပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ထားသူမှ ယခုအစည်းအဝေးပြီးသည်နှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ ကိုယ်စားလှယ်တော်ကြီးများနှင့် တွေ့ဆုံရန် အစီအစဉ်ရှိပါတယ်။ ဒါကြောင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကိုယ်စားလှယ်တော်ကြီးများခေတ္တစောင့်ဆိုင်းပေးရန် လေးစားစွာဖြင့် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်

လွှတ်တော်ပထမပုံမှန် အစည်းအဝေး (အဌမနေ့)အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက် (သောကြာနေ့) နံနက် (၁၀း၀၀)နာရီ အချိန်တွင် ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (1



| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးသန်းထိုက် | ကလော-၂ | ဥက္ကဋ္ဌ |
| (၂) | ဦးစိုင်းခမ်းမြတ် | တန့်ယန်း-၂ | အတွင်းရေးမှူး |
| (၃) | ဦးအီးရှာမွေ | မိုင်းပျဉ်း-၁ | အဖွဲ့ဝင် |
| (၄) | ဦးမြင့်ဆွေ | နောင်ချို-၁ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း | ကျောက်မဲ-၁ | အဖွဲ့ဝင် |
| (၆) | ဦးသိန်းဇော် | မန်တုံ-၁ | အဖွဲ့ဝင် |
| (၇) | ဗိုလ်ကြီး အောင်ကျော်မြင့်ဝင်း | ကြည်း-၃၅၆၉၉ | အဖွဲ့ဝင် |

တို့ဖြင့် ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး (အဌမနေ့)မှတ်တမ်း

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်

[ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဌမနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

### ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဌမနေ့)အား ကျင်းပပြုလုပ်





### ပြည်နယ်လွှတ်တော်အစည်းအဝေး အဌမနေ့ အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဌမနေ့)အစီအစဉ်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

### အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးထွန်းရင်၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌ ညောင်ရွှေ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။

ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့်တက်ရောက်နိုင်ခြင်း မရှိသည့် အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း (၇)ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ စိစစ် တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထား တင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံး၏ ကိုယ်စားတင်ပြ တောင်းခံအပ်ပါတယ်ခင်ဗျား-

(၁) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့်(၁)ရက်။

(၂) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁) ရက်။

(၃) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်( ၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁) ရက်။

(၄) ဦးစိုင်းကျော်ဇေယျ (ခ)စိုင်းယဉ်၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၅) ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့်(၁)ရက်။

(၆) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။



D/real(wide) (1



မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ် များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၇)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၃၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၄.၈၉)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ (က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

(၇) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁) ရက်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇) ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။





**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အတည်ပြုရွေးချယ်ထားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ တင်ပြထားသည့် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးမိုးအောင်၊ ကြည်း-၁၉၇၂၉ အား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ခ)အရ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် လွှတ်တော်၏ သဘောတူညီချက်ကို ရယူပါမယ်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးမိုးအောင်၊ ကြည်း-၁၉၇၂၉အား ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖြစ်ခန့်အပ်ရန် လွှတ်တော်ကိုယ်စားလှယ်များကသဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး စိုးမိုးအောင်၊ ကြည်း-၁၉၇၂၉ အား ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်ရန် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုး ရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြ မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပြည်နယ်ကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသည့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းထွဋ်ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံး၏ ၃၀-၃-၂၀၁၆ ရက်စွဲပါအမိန့်အမှတ်၊ ၇/၂၀၁၆ ဖြင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဆ)(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)တို့ပါ



D/real(wide) (1



## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ပေးနိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ တပ်မတော်သား အမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူက ပြည်နယ်လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ်တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တပ်မတော်သားအမည်စာရင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသူက လွှတ်တော်ကိုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ရှမ်းပြည်နယ်ဝန်ကြီးချုပ်။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းထွဋ် ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ၂၉-၃-၂၀၁၆ ရက်စွဲပါ စာအမှတ် ၂/၈၀၄၄/၂၅/ဦး ၃ ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ်ခန့်အပ်နိုင်ရေးအတွက်ကြည်း-၁၉၇၂၉ ဗိုလ်မှူးကြီးစိုးမိုးအောင်အား အဆိုပြုအမည်စာရင်း တင်သွင်းလာပါတယ်။ သို့ဖြစ်ပါ၍ ဗိုလ်မှူးကြီးစိုးမိုးအောင် အား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ခ)အရ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် အတည်ပြုတာဝန်ပေးအပ်နိုင်ပါရန် လွှတ်တော်သို့တင်သွင်းအပ်ပါတယ်။

ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအဖြစ် အောက်ဖော်ပြပါ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် (၇)ဦးအား ခန့်အပ်တာဝန် ပေးအပ်ပြီးဖြစ်ပါသဖြင့် လွှတ်တော်တွင် မှတ်တမ်းတင်နိုင်ရန် အတွက် တင်ပြအပ်ပါတယ်-

| | |
|---|---|
| (၁) ဦးဇုတ်ဒေါင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (၂) ဦးခွန်းအေးမောင် | ကယန်း(ပဒေါင်)တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (၃) ဒေါက်တာအောင်သန်းမောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (၄) ဦးယောသပ် | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (၅) ဦးဂူဆာ | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (၆) ဦးအာဇေလ | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| (၇) ဒေါက်တာထွန်းလှိုင် | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

တို့ကို အမည်စာရင်းတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)နှင့်အညီ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသည့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားသော





လွှတ်တော်ကိုယ်စားလှယ်ထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ၊ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေး၍ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ကို ရယူရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (က)က ပြဋ္ဌာန်းထားပါ တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (ဂ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရဟုလည်း ပြဋ္ဌာန်းထားပါတယ်။

ယခု ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် အမည်စာရင်း တင်ပြထားသူမှာ ဦးတင်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/တငန(နိုင်) ဝဝ၄၃ဝ၈ ဖြစ်ပြီး ဦးတင်ဦး၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်ကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဦးတင်ဦး အား ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်မှ သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဦးတင်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/တငန(နိုင်) ဝဝ၄၃ဝ၈ အား ရှမ်းပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူမှ တင်ပြထားသော ပြည်နယ်စာရင်းစစ်ချုပ်အမည်စာရင်းအား ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းနှင့် သဘောတူညီချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)နှင့်(၁၀)ကို တစ်ဆက်တည်း ဆောင်ရွက်ပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အရအသုံးဆိုင်ရာငွေစာရင်းများကို စစ်ဆေး၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ၊ သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူတစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေး၍ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ကို ရယူရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (က)ကပြဋ္ဌာန်းထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (ဂ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရဟုလည်း ပြဋ္ဌာန်းထားပါတယ်။ ယခု ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် အမည်စာရင်းတင်ပြထားသူမှာ ဒေါ်နန်းဝိုဟိန်း ဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မတန(နိုင်) ၀၀၂၂၂၂ ဖြစ်ပြီး ဒေါ်နန်းဝိုဟိန်း၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။





အောက်ပါရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့်

(၁) ဦးဇုတ်ဒေါင် — ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၂) ဦးခွန်းအေးမောင် — ကယန်း(ပဒေါင်)တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၃) ဒေါက်တာအောင်သန်းမောင် — ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၄) ဦးယောသပ် — လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၅) ဦးဂူဆာ — လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၆) ဦးအာဖေလ — အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၇) ဒေါက်တာထွန်းလှိုင် — အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

တို့အား ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူမှ တင်ပြထားသော ပြည်နယ်ဥပဒေချုပ်အမည်စာရင်းအား ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်းနှင့် သဘောတူညီချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)နှင့် (၈)ကို တစ်ဆက်တည်း ဆောင်ရွက်ပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် ဥပဒေအကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာတာဝန်ပေးအပ်နိုင်ရန်

သို့ဖြစ်ပါ၍ ဒေါ်နန်းဝိုဟိန်းအား ရှမ်းပြည်နယ် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဒေါ်နန်းဝိုဟိန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/မတန(နိုင်) ၀၀၂၂၂၂ အား ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန် ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အစည်းအဝေးကို မိနစ် (၂၀)ခန့် ခေတ္တရပ်နားပါမယ်။ အစည်းအဝေးကို နံနက် (၁၀း၄၅) နာရီ အချိန်မှာ ပြန်လည်ကျင်းပ မှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ခေတ္တရပ်နားပြီး (၁၀း၄၅) နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (အဌမနေ့) အစီအစဉ်များအား ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော





**ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး**
**ကတိသစ္စာပြုခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသူမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြု ရမှာဖြစ်ပါတယ်။ ကတိသစ္စာပြုရန်အတွက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူမှ နေရာ ယူပေးဖို့ ဖိတ်ခေါ်ပါတယ်။

အားလုံးမတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။ မိမိနာမည်ကို ထည့်ပြီး ရွတ်ဆိုရပါမယ်။

**(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးမှ ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။

**ပြည်နယ်ဥပဒေချုပ် ကတိသစ္စာပြုခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ ပြည်နယ် ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူမှ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုရမှာဖြစ်ပါတယ်။ ကတိသစ္စာပြုရန်အတွက် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသူမှ နေရာယူပေးဖို့ ဖိတ်ခေါ်ပါတယ်။

အားလုံးမတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။

**(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ ရှမ်းပြည်နယ် ဥပဒေချုပ်မှ ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။

**ပြည်နယ်စာရင်းစစ်ချုပ် ကတိသစ္စာပြုခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုရမှာဖြစ်ပါတယ်။ ကတိသစ္စာပြုရန်အတွက် ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူမှ နေရာယူပေးဖို့ ဖိတ်ခေါ်ပါတယ်။

အားလုံးမတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။

**(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်မှ ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။

**ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများမှ ကတိသစ္စာပြုခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသူများမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏



D/real(wide) (1



နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ် ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ပြည်နယ်ဝန်ကြီးချုပ် ကတိသစ္စာပြုခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူမှ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုရမှာဖြစ်ပါတယ်။ ကတိသစ္စာပြုရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသူမှ နေရာယူဖို့ဖိတ်ခေါ်ပါတယ်။ ကတိသစ္စာပြုတဲ့အခါမှာအားလုံးမတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။

ကျွန်ုပ်သည်ဆိုသည့်နေရာမှာ မိမိနာမည်ကို ထည့်ပြီး ရွတ်ဆိုဖို့ဖြစ်ပါတယ်။

**(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။

ရှေ့မှောက်၌ ကတိသစ္စာပြုရမှာဖြစ်ပါတယ်။ ကတိသစ္စာပြုရန်အတွက် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများဖြစ်ကြသည့်

(၁) ဦးဇုတ်ဒေါင် — ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၂) ဦးခွန်းအေးမောင် — ကယန်း(ပဒေါင်)တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၃) ဒေါက်တာအောင်သန်းမောင် — ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၄) ဦးယောသပ် — လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၅) ဦးဂူဆာ — လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၆) ဦးအာဗေလ — အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
(၇) ဒေါက်တာထွန်းလှိုင်အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

တို့မှ နေရာယူပေးရန် ဖိတ်ခေါ်ပါတယ်။

အားလုံးမတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။ မိမိနာမည်ကို ထည့်ပြီးရွတ်ဆိုရပါမယ်။

**(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ ရှမ်းပြည်နယ်တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးများမှ ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။





## ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး (နဝမနေ့)မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

## ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်

## [ တနင်္လာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (နဝမနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (နဝမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော

နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(န၀မနေ့)မှာလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၇)ဦးရှိသည့် အနက် ဒီကနေ့အစည်းအဝေးကို (၁၁၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၀. ၂၉)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ (က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။





## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး န၀မနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (န၀မနေ့)ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္လာနေ့) နံနက် (၁၀း၀၀) နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (န၀မနေ့)အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ အချိန်တွင် ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (နဝမနေ့) အစီအစဉ်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးထွန်းရင်၊ ဥက္ကဋ္ဌ၊လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး





(၈) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၉) ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၁၀) ဦးစိုင်းခမ်းမြတ် ၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၁၁) ဦးစိုင်းမြင့်ထူး ၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၁၂) ဦးစိုင်းထွန်းဝင်း ၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၁၃) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၁၄) ဒေါ်နန်းမြထွေး ၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၁၅) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၁၆) ဦးစိုင်းလုံ ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၁၇) ဦးစိုင်းအောင်ကျော်ဦး ၊ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁) ရက်။

(၁၈) ဒေါ်နန်းဖွေးဟွမ်ဦး ၊မောက်မယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁) ရက်။

(၁၉) ဦးစိုင်းကျော်သိန်း ၊ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁) ရက်။

(၂၀) ဦးဝေစန်း ၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁) ရက်။

(၂၁) ဦးစောမူးလာ ၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၂) ဦးအီးရှာမွေ ၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၃) ဦးခွန်လှသိန်း ၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၄) ဦးဒါဝိဒ် ၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။





(နဝမနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်း မရှိသည့် အောက်ဖော်ပြပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၂၇)ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံး၏ ကိုယ်စား တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုင်းလုံ၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်ခွင့်(၁)ရက်။

(၂) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စ ရှိပါသဖြင့် ခွင့် (၁)ရက်။

(၃) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၄) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၅) ဦးစိုင်းကျော်ဇေယျ(ခ)စိုင်းယဉ်၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၆) ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၇) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၅) ဒေါက်တာထွန်းလှိုင် ၊ အင်းသားတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၆) ဗိုလ်မှူးဇော်ထွန်း ၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၇) ဗိုလ်ကြီးကျော်ဇင်အောင် ၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

အားလုံးကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (နဝမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၇)ဦး ၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊(ဂ)(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်၏အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (နဝမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။)**





## ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်၏အမည်စာရင်းကို တင်ပြဖို့အတွက် ပြည်နယ် ဝန်ကြီးချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်။** အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က အတည်ပြုထားသော ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များကို လွှတ်တော်သို့ တင်ပြရမည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (ခ)၊ နှင့်အညီ ပြည်နယ်လွှတ်တော်သို့တင်သွင်းလျက်သဘောတူညီချက်

ရယူရမည်ဟုဖော်ပြပါရှိပါသည်။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များဖြစ်ကြပါသော ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး ယင်းအစိုးရအဖွဲ့ဝင်များ အားလုံးတို့ဟာ လွှတ်တော်ရှေ့မှောက်မှာ ကတိသစ္စာပြုကြပြီးဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် တာဝန်ပေးအပ်ရန် ထပ်မံ၍အောက်ပါကိုယ်စားလှယ် ၆ ဦးနှင့် ပြင်ပပုဂ္ဂိုလ် ၁ ဦး တို့အားအဆိုပြုအမည်စာရင်းကို တင်သွင်းအပ်ပါတယ်။ ၄င်းပုဂ္ဂိုလ် များမှာ-

| | | |
|---|---|---|
| (၁) | ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ | ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၂) | ဦးစိုင်းစွံဆိုင်း | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၃) | ဦးဆွေသိန်း | မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (၄) | ဦးခင်မောင်တင့် | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (၅) | ဒေါက်တာညီညီအောင် | နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (၆) | ဦးခွန်ရဲထွေး | တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၇) | ဦးအောင်ကျော်နိုင် | ပြင်ပပုဂ္ဂိုလ်အင်းသား လူမှုရေးအသင်း အတွင်းရေးမှူး |





ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

**ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)နဲ့(၆)ကို တစ်ဆက်တည်း ဆောင်ရွက်ပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတမှ ရှမ်းပြည်နယ်အတွက် ပြည်နယ်ဝန်ကြီးဌာန (၈) ဌာန၊ ပြည်နယ်ဝန်ကြီး ဦးရေ (၈) ဦးတို့အား အဆိုပြုလာကြောင်း ကြေညာပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတမှ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၂၄၈ အရ ရှမ်းပြည်နယ်လွှတ်တော် အတွက် ဝန်ကြီးဌာန (၈) ဌာန၊ ပြည်နယ်ဝန်ကြီး ဦးရေ (၈) ဦးတို့အား အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်များမှ သဘောတူပါသလားပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေး ပါသည်။**
**လွှတ်တော်မှ သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်အား အတည်ပြုကြောင်း ကြေညာပါတယ်။

တို့ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဦးအောင်ကျော်နိုင်၏ ကိုယ်ရေးအကျဉ်းကို လွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေပြီး ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ပုဒ်မ ၂၆၁ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသင့်လျော်သည့် ပုဂ္ဂိုလ်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)နှင့်အညီ ရွေးချယ်ပြီး ရှမ်းပြည်နယ်ဝန်ကြီးများအတွက် ခန့်အပ် တာဝန်ပေးရန် ပြည်နယ်လွှတ်တော်သို့ အမည်စာရင်း တင်သွင်း လာပါတယ်။ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများ အဖြစ် တာဝန်ပေးအပ်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က တင်ပြသည့်

| | | |
|---|---|---|
| (၁) | ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ | ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၂) | ဦးစိုင်းစံ့ဆိုင်း | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၃) | ဦးဆွေသိန်း | မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (၄) | ဦးခင်မောင်တင့် | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (၅) | ဒေါက်တာညီညီအောင် | နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) |





ထိုနည်းတူ တာဝန်ပေးမည့် ဝန်ကြီးစာရင်း၊ ကိုယ်စားလှယ်တော် စာရင်းများကို သိရှိသင့်ပါသည်။

**ဥက္ကဋ္ဌ။** တာဝန်ပေးမည့် ဝန်ကြီး စာရင်း၊ ကိုယ်စားလှယ်တော်စာရင်းများကို မိနစ်(၂၀)အချိန်ပေးထား ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ကျွန်တော်ဒုတိယလွှတ်တော်ဥက္ကဋ္ဌ အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ စောစောက လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ Agenda ကိစ္စဖြစ်ပါတယ်။ဒါကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အသီးသီးကို (၁)ရက်ကြိုတင် ဖြန့်ဝေပေးသင့်ပါတယ်။ အဲဒါတစ်ချက်ပါ။ ဒုတိယတစ်ချက်က နိုင်ငံတော်သမ္မတကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပတ်သက်ပြီး လျာထားတဲ့ ဝန်ကြီး(၈)နေရာစာရင်းနှင့် ပတ်သက်ပြီး ထုတ်ပြန် ကြေညာခြင်းမရှိတဲ့အတွက် ဒီဝန်ကြီးနေရာ(၈)နေရာနှင့် ပတ်သက်ပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပွင့်လင်း မြင်သာမှုရှိဖို့လိုပါတယ်။ ဘယ်ဌာနတွေဖြစ်တယ်ဆိုတာလဲ သမ္မတကြီးက ထိပ်တန်းလျှို့ဝှက်နဲ့လာသည်ဖြစ်စေ၊ ကန့်သတ် အဆင့်အတန်းနှင့်လာသည်ဖြစ်စေ ပြည်နယ်လွှတ်တော်သည် ရှမ်းပြည်နယ်အတွက် အမြင့်ဆုံးအစည်းအဝေးဖြစ်တဲ့အတွက် ဒါတွေကို ပွင့်လင်းမြင်သာစွာတင်ပြပြီး ဝန်ကြီးဌာနကိုအရင် ရှင်းလင်းတင်ပြပြီးမှ အဲဒီဝန်ကြီးဌာနနှင့်အတူ ပြည်နယ် ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းနိုင်တဲ့ Agenda ဖြစ်သင့် ပါတယ်။ ဒီ Agenda နဲ့ပတ်သက်လို့ ပြည်နယ်လွှတ်တော် အနေနဲ့ ဒုတိယဥက္ကဋ္ဌ(၁)ယောက်အနေဖြင့် (၉) နာရီရုံးရောက်သည့် အခါမှသာ Agenda တောင်းကြည့်ရသည့် အနေအထားဖြစ် ပါတယ်။ ဒီ Agenda နဲ့ပတ်သက်လျှင် ပြည်နယ်လွှတ်တော်

အတွင်းမှာ ပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပသည့် အခါမှာ ပွင့်လင်းမြင်သာမှုရှိစွာနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို(၁)ရက်ကြိုတင် အသိပေးသင့်ကြောင်းနှင့် ယခု ခွင့်တိုင်ကြားထားသော လွှတ်တော် ကိုယ်စားလှယ်များသည် လည်း လက်ရှိသုံးသပ်ချက်အရဆိုလျှင် ရှမ်းပြည်နယ်ကိုယ်စားပြုတဲ့ ရှမ်းတိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်များ အများအပြား ဖြစ်နေတဲ့အတွက် ယနေ့အစည်းအဝေးမှာ ရှင်းလင်းတင်ပြ ဆွေးနွေးတဲ့အကြောင်းအရာများမှာ လွှတ်တော်ကိုယ်စားလှယ်များ စုံညီအစည်းအဝေး မဖြစ်လျှင် အရေးကြီးတဲ့ အစည်းအဝေးဖြစ်တဲ့ အတွက် စုံညီအောင် အကျိုးအကြောင်းနှင့်လျော်ညီအောင် ဆောင်ရွက်ပေးဖို့ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအနေနဲ့ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** ကျွန်တော်တို့နည်းတူ တခြားပါတီဝင်များလည်း ဒီ Agenda နှင့်ပတ်သက်လို့ ဒီလိုဘဲ ဆန္ဒရှိလိမ့်မယ်လို့မျှော်လင့် ပါတယ်။ ကျွန်တော့်ကို ဒီအစည်းအဝေးပထမရက်၌ သဘာပတိ တာဝန်ပေးပါတယ်။ သဘာပတိလုပ်ဖို့(၅)မိနစ်အလိုမှသိရှိ ပါတယ်။ ဒါပေမဲ့ ဘာပဲပြောပြော ကျွန်တော့်ကို တာဝန်ပေးတဲ့ အတွက် သဘာပတိ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ပြီးတော့ အစည်းအဝေးကြီးကို အောင်မြင်အောင် အခုချိန်ထိ ဆက်လက် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် Agenda အားလုံးဟာ ဒီရောက်မှသိပြီးတော့ ဒါဘဲလုပ်ရမယ်ဆိုတာ ဒီမိုကရေစီ မဟုတ်ပါဘူး။ ဒါကြောင့်ဘာဘဲ ပြောပြောအားလုံးဒီမှာ သိပြီးတော့ ကျေကျေလည်လည်နဲ့ ရှမ်းပြည်နယ်လွှတ်တော်၏ အကျိုးကို မျှမျှတတညီညီညွတ်ညွတ်နဲ့ဆောင်ရွက်နိုင်ရန် အလို့ငှါ ဒီအချက်ကို


D/real(wide) (1



(၆) ဦးခွန်ရဲထွေး — တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

(၇) ဦးအောင်ကျော်နိုင် — ပြင်ပပုဂ္ဂိုလ်အင်းသား လူမှုရေးအသင်း အတွင်းရေးမှူး

ဖြစ်ပါတယ်။ အဆိုပြုတင်ပြထားသည့်ပြည်နယ်ဝန်ကြီး တစ်ဦးဦးနှင့် စပ်လျဉ်း၍ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၄ အရ ကန့်ကွက်လိုသောလွှတ်တော်ကိုယ်စားလှယ်ရှိပါကကန့်ကွက်ကြောင်း အဆိုကို ဥက္ကဋ္ဌထံတင်သွင်းရမည်။ ယင်းအဆိုနှင့်အတူ မိမိ ကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများကိုလည်း ပူးတွဲတင်ပြ ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်ကန့်ကွက်လိုသော ကိုယ်စားလှယ် များရှိပါက ဒီကနေ့ နံနက်ပိုင်း လွှတ်တော် အစည်းအဝေး ခေတ္တ ရပ်နားတဲ့အခါမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသော သက်သေအထောက်အထားများ ပူးတွဲလျက်တင်ပြမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ယခုအစည်းအဝေးကို မိနစ် (၂၀)ခန့်ရပ်နားပါမယ်။

**ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးကို လေးစားပါတယ်။ ကျွန်တော် အစည်းအဝေး Agenda နှင့်ပတ်သက်ပြီး အနည်းငယ်တင်ပြလို ပါတယ်။ အစည်းအဝေး Agenda အားလုံးဟာ ကျွန်တော်တို့အနေနဲ့ ဒီအစည်းအဝေးစားပွဲပေါ်ရောက်မှသိရတဲ့ အနေအထားရှိပါတယ်။

ဖြင့် ပြည်နယ်လွှတ်တော်မှာ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ကန့်ကွက်လိုသော ပုဂ္ဂိုလ်များ အနေဖြင့် အချိန်လုံလောက်မှုရှိအောင် မိနစ်(၂၀)နားမည်ဆိုတဲ့ ကြေညာချက် အစား လုံလောက်တဲ့ သင့်လျော်ချိန် ပေးပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေးကို ခေတ္တရပ်နား ပြီးတော့မှ အစည်းအဝေးကို မွန်းလွဲ(၁၃း၀၀)နာရီအချိန်မှာ ပြန်လည် စတင်မှာဖြစ်ပါတယ်။ မွန်းလွဲ(၁၃း၀၀)နာရီအချိန်မှာ ပြန်လည် စတင်တဲ့အခါမှာ ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များဟာ ကန့်ကွက်ချက်နှင့်အတူ လွှတ်တော်မှာ လာရောက်တင်ပြဖို့ဖြစ် ပါတယ်။ (၁၃း၀၀) နာရီမှာ အစည်းအဝေး ပြန်လည်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။

**ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)**။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာဒကတက်တာတော့ မဟုတ်ပါဘူး။ လူတစ်ယောက်၏ အကြောင်းအချင်းအရာကို ဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြတဲ့ထဲမှာ သက်သေအထောက်အထား အခိုင်အလုံနဲ့ တင်ပြရမယ်ဆိုတဲ့ ဥစ္စာဟာပေးတဲ့ အချိန်နဲ့ လုံလောက်မှုမရှိဘူးလို့ သုံးသပ်ပါတယ်။ လူတစ်ယောက်၏ အကြောင်းအချင်းအရာကို နေ့တစ်ပိုင်းနဲ့ စုံစမ်းမယ်ဆိုလျှင် မှန်ကန်တဲ့ အကြောင်းအချင်းအရာ မရနိုင်ပါဘူး။ ဒီ Agenda နဲ့ သတ်မှတ်တဲ့ ဟာတွေ အားလုံးဟာ ရှမ်းပြည်နယ်လွှတ်တော်မှာ မကဘူး လွှတ်တော်အသီးသီးမှာဒီဟာတွေ ဒီလိုဘဲဖြစ်နေပါတယ်။ ဒါကြောင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးပြောသလိုဘဲ ကနေ့ ပျက်ကွက်သူ အများစုသည် ရှမ်းတိုင်းရင်းသားဒီမိုကရေစီ အဖွဲ့ချုပ်က ဖြစ်နေပါတယ်။ ဒီလိုအရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို





လိုမှာဖြစ်သလို တစ်ဖက်ကလည်း ကိုယ်စားလှယ်ကြီးနှင့် ဝန်ကြီးချုပ်ကြီးက တင်ပြချက်အရအားလုံးသိရှိသွားပြီး ဖြစ်တဲ့အတွက် ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်သော တိုင်းရင်းသား ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များပါ သိရှိနိုင်အောင် လုံလောက်တဲ့ အခြေအနေဖြစ်အောင် စဉ်းစားပေးဖို့ လွှတ်တော် ဒုတိယဥက္ကဋ္ဌ အနေနဲ့ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဦးပီတာသောင်းစိန်၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)**။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအဆိုပြုထားတဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဌာန ၈ ခု၊ အဆိုပြုထားတဲ့ ဝန်ကြီး ၇ ပါး၊ ဝန်ကြီး များဟာ မည်သည့်ဌာနတွေ တာဝန်ယူမလဲ။ မည်သူက မည်သည့်ဌာန ဖြစ်ပါတယ်ဆိုပြီး သတ်မှတ်ပြီးတော့မှ စာရင်းပေးထားမယ်ဆိုလျှင် ပိုပြီးတော့မှ စဉ်းစားရပိုမိုလွယ်ကူ ပါမယ်။ ဒုတိယဥက္ကဋ္ဌတင်ပြသည့် ဌာနကတော့ ၈ ခုရှိမယ်။ မည်သည့်ဌာနကိုမည်သည့်ဝန်ကြီးက တာဝန်ယူမယ်ဆိုပြီး မသိရဘဲနဲ့ လွှတ်တော်ကသဘောတူပါသလား မေးသည့်အခါ သဘောတူပါတယ်ဆိုပြီး မဆုံးဖြတ်စေလိုပါ။ ဝန်ကြီး များ၏ တစ်ဦးချင်းအရည်အချင်းနှင့်အခြေအနေကိုလေ့လာ သုံးသပ် လို့ရအောင် ဝန်ကြီးချုပ်အနေဖြင့်လည်း ဝန်ကြီးဌာန ၈ခုမှာ မည်သည့်ဝန်ကြီးဌာနကိုတော့ မည်သည့်ဝန်ကြီးကတာဝန်ယူပါမယ် ဆိုတာကိုလည်း တွဲပြီးမှတင်ပြ သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီး၊ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)**။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်

များသည့် ကျမ်းသစ္စာကျိန်ဆိုခဲ့ရတိုင်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေးစားလိုက်နာပါမည်ဟု ကျမ်းသစ္စာကတိပြု ခဲ့ရပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအရ ၂၀၁၀ရွေးကောက်ပွဲ တင်သွင်းစဉ်က ဖွဲ့စည်းပုံအရဘဲ ပြုလုပ်ခဲ့ကြပြီး အမည်စာရင်း သာလျှင် တင်သွင်းခဲ့ရကြောင်း ပြန်လည်သုံးသပ်ကြည့်ရှုနိုင် ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအရသာလွှတ်တော်ဥက္ကဋ္ဌကြီးမှ ဆုံးဖြတ် ပေးပါရန် လေးစားစွာလျှောက်ထားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ဝန်ကြီးဌာနဦးရေနဲ့ ဝန်ကြီးအမည်စာရင်း များကို တင်ပြတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂(စ)မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရလျှင် ထို့သို့ခန့်အပ် ပေးရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦးချင်းအလိုက် တာဝန်ယူရမည့်ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနများကို သက်ဆိုင်ရာဝန်ကြီးချုပ်နှင့် ညှိနှိုင်းလျက်သတ်မှတ်ပေးရ မည်ဆိုတော့ သက်ဆိုင်ရာ ဝန်ကြီးချုပ်မှ ညှိနှိုင်းသတ်မှတ်ပြီး ကြေညာလို့ရပါမယ်။ ဒီကနေ့တော့ ကြေညာဖို့အစီအစဉ် မရှိပါဘူး။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုံလောက်တဲ့ အချိန်ဆိုတဲ့နေရာမှာ(၁)ရက်လောက်ပေးပြီး ကန့်ကွက်ကြောင်း အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေး သင့်/ မသင့် မနက်ဖြန် ဆန္ဒခံယူပါမယ်။ လွှတ်တော်က ကန့်ကွက်ကြောင်း အဆိုကို လက်ခံ ဆွေးနွေးရန်သင့်ပြီးဆိုတဲ့အခါမှာ နောက်ပိုင်း ဆက်လက်ပြီး ဆွေးနွေးတဲ့ အစီအစဉ်ကို လက်ခံဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကို ဒီကနေ့ရပ်နားပြီးတော့မှ မနက်ဖြန်(၁၀း၀၀) နာရီမှာ ပြန်လည်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။



D/real(wide) (1



ချတဲ့အခါမှာ တိုင်းရင်းသားပေါင်းစုံနှင့်ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ် လွှတ်တော်မှာ စုံစုံညီညီနှင့် ကျေကျေလည်လည်လုပ်မှသာလျှင် ဒီမိုကရေစီနည်းလမ်းကျကျဖြစ်ပါမယ်။ ကျွန်တော်တို့ပါတီကို ကိုယ်စားပြုပြောရမည်ဆိုလျှင် ရှမ်းပြည်နယ်လွှတ်တော်ကြီးဟာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ မဲအများဆုံးနိုင်ထားပြီး ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်သည် ဒုတိယမဲအများဆုံးနှင့် နိုင်ထားသည့် ပါတီများဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးပေးတဲ့ အချိန် အတိုင်း အတာသည် အခက်အခဲရှိတယ်လို့တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဒါဖြင့်ရင် ကန့်ကွက်လိုတဲ့ ကိုယ်စားလှယ် များအတွက် အချိန်လုံလောက်မှုရှိအောင် (၁) ရက်ပေးပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတကြီးက အဆိုပြုထားတဲ့ ဝန်ကြီးဌာန ၈ နေရာကို အရင်ထုတ်ပြန်ပေးသင့် ပါတယ်။ ဝန်ကြီးဌာန ၈ နေရာကို သိမှ ပြည်နယ်ဖွဲ့စည်းပုံအရ ကိုယ်စားလှယ်တွေ ကန့်ကွက်လိုခြင်း၊ ထောက်ခံလိုခြင်းကိစ္စရပ်တွေ စဉ်းစားသုံးသပ်နိုင်မှာဖြစ်တဲ့အတွက် အနည်းဆုံး ၃ ရက်တော့ အချိန်ပေး သင့်တယ်လို့ ယူဆပါတယ်။ တစ်ဦးချင်း၏ ကိုယ်ရေး ရာဇဝင်ကိုလိုက်တဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးအဖြစ် တာဝန် ယူမည့် ပုဂ္ဂိုလ်များ၏ နောက်ကြောင်းရာဇဝင်ကို သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးကခန့်မယ်ဆိုရင် အနည်းဆုံးကြိုပြီး နောက်ကြောင်း ရာဇဝင်ကို လိုက်ရပါတယ်။ ပြည်နယ်မှာတာဝန်ယူပြီးမှ နောက်ကြောင်းရာဇဝင်မရှင်းသည့် ကိစ္စရပ်များဖြစ်ခဲ့လျှင် ခန့်အပ်သည့်ပုဂ္ဂိုလ်ရော၊ ခန့်အပ်ခြင်းခံရသည့်ပုဂ္ဂိုလ်ရော အများကြီး ဖြေရှင်းရာမှာ အခက်အခဲဖြစ်မှာစိုးတဲ့အတွက် အမည်စာရင်း မတင်သွင်းခင်မှာ သတ်မှတ်သည့် အရေအတွက်၊ ထုတ်ပြန်ပေးဖို့

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (နဝမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဒသမနေ့)ကို ၂၀၁၆ ခုနှစ်၊ ဧပြီ လ ၅ ရက် (အင်္ဂါနေ့) နံနက် (၁၀း၀၀) နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာ ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး (ဒသမနေ့) အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက် (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ အချိန်တွင် ဆက်လက် ကျင်းပပြုလုပ်သွားမှာဖြစ် ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (1



လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဒသမနေ့)အား ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာ များတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ် ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒသမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ် များ စိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၇)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၁)ဦး တက်ရောက်ပါ တယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၁. ၀၂)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေ သည် ၃ပုံ ၁ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ (က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်း နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး (ဒသမနေ့) အစီအစဉ်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါ တယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ် ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ၄၄(က)အရ ယနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးထွန်းရင်၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး



D/real(wide) (1



## ရှမ်းပြည်နယ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ပထမပုံမှန်အစည်းအဝေး (ဒသမနေ့)မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

## ၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်

## [ အင်္ဂါနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဒသမနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက် ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်

(ဒသမနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၂၆)ဦး အား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ် တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထား တင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံး၏ ကိုယ်စားတင်ပြ တောင်းခံအပ်ပါတယ်ခင်ဗျား-

(၁) ဦးခွန်လှသိန်း ၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၂) ဦးစောမူးလာ ၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၃) ဦးဒါဝိဒ် ၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၄) ဦးအီးရှာမွေ ၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၅) ဦးစိုင်းမွန်းလိန် ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၆) ဦးစိုင်းလုံ ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။



D/real(wide) (1



(၁၅) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁) ရက်။

(၁၆) ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၁၇) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၁၈) ဦးစိုင်းကျော်ဇေယျ(ခ)စိုင်းယည်၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၁၉) ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၂၀) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၂၁) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၂၂) ဦးစိုင်းလုံ၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါ သဖြင့် ခွင့်(၁)ရက်။

(၂၃) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၂၄) ဦးဝေစန်း၊ ကုန်ကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၂၅) ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၂၆) ဗိုလ်ကြီးကျော်ဇင်အောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ခွင့် (၁)ရက်။

အားလုံးကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဒသမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၇)ဦး ၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်၏အတည်ပြုချက် ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဒသမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။





(၇) ဦးစိုင်းထွန်းဝင်း၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၈) ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၉) ဒေါ်နန်းမြထွေး ၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၁၀) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၁၁) ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၁၂) ဦးစိုင်းခမ်းမြတ် ၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၁၃) ဦးစိုင်းမြင့်ထူး ၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၁၄) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

## (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီ အဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ တင်ပြ၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြပေးပါရန် ဝန်ကြီးချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပုဒ်မ ၁၇ အရ ရှမ်းပြည်နယ်၌ ကိုယ်ပိုင်





| | | | |
|---|---|---|---|
| (၅) | ဗိုလ်မှူးသက်နောင်စိုး | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များ၏ အမည်စာရင်း**

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း | နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းဇော် | မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၃) | ဗိုလ်မှူးကျော်မြင့်လွင် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ကော်မတီ အဖွဲ့ဝင်များ၏ အမည်စာရင်း**

| | | | |
|---|---|---|---|
| (၁) | ဦးကျောက်တယ်ချန် | ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင် | လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၃) | ဦးဝေစန်း | ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဒုတိယဗိုလ်မှူးကြီး/ ဗိုလ်မှူးအောင်ခိုင်ဝင်း | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |



D/real(wide) (1

အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အချိန်ပြည့် တာဝန်ယူဆောင်ရွက်ရန် ဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များမှာ-

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များ၏ အမည်စာရင်း**

| | | | |
|---|---|---|---|
| (၁) | ဦးအာကာလင်း | ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၂) | ဦးအေးမင်းစိုး | ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၃) | ဦးညီညီ(ခ) ဦးညီလေးချမ်း | ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဗိုလ်မှူးဇေယျာအောင် | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များ၏ အမည်စာရင်း**

| | | | |
|---|---|---|---|
| (၁) | ဦးစံလွင် | ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးခွန်လှသိန်း | ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၃) | ဦးခွန်မောင်ပယ် | ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဦးခွန်လှဆန်း | ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |





**“ ဝ ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များ၏ အမည်စာရင်း**

| | | | |
|---|---|---|---|
| (၁) | ဦးခွန်ထွန်းလူ(ခ) ဒီကီ | ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးရန်ကျော် | ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၃) | ဦးညီနပ် | မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဗိုလ်မှူးရန်နောင်ဝင်း | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြလာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီတဲ့အတွက် ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြလာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များအား ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ၂၅၃

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများအဖြစ် ခွင့်ပြုထားပြီးသူများမှ ကတိသစ္စာပြုခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများအဖြစ် ခွင့်ပြုထားသူများက ဥက္ကဋ္ဌ၏ ရှေ့မှောက်မှာ ကတိသစ္စာပြုရန်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများမှ ကတိသစ္စာပြုရန်အတွက် လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးဖို့ ဖြစ်ပါတယ်။

အားလုံးမတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။ မိမိနာမည်ကို ရွတ်ဆိုပြီး ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။

**( ဥက္ကဋ္ဌမှကတိသစ္စာတိုင်ပေးပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ(၄)ဦးက ကတိသစ္စာပြုကြပါသည်။)**



D/real(wide) (1



## ၂၅၅

## နိုင်ငံတော်သမ္မတက အတည်ပြုထားသော ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာနများ၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)အရ နိုင်ငံတော်သမ္မတက အတည်ပြုထားသော ရှမ်းပြည်နယ်အတွက် ဝန်ကြီးဌာနများ အမည် စာရင်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အစည်းအဝေး (နဝမနေ့)တွင် ပြည်နယ်လွှတ်တော်သို့ တင်ပြထားသော ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုထားခြင်း အပေါ် သတ်မှတ်ထားသည့် အရည်အချင်း နှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများအား ပြန်လည်ပြင်ဆင်၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အဆုံးအဖြတ်ရယူ အတည်ပြုခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ အစီအစဉ်(၉) မဆောင်ရွက်မီမှာ ကျွန်တော့်အနေဖြင့် လွှတ်တော်ကို တင်ပြဖို့ ရှိပါတယ်။

အစည်းအဝေး (နဝမနေ့)မှာ ပြည်နယ်လွှတ်တော်သို့ တင်ပြထားသော ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ကိစ္စနှင့်စပ်လျဉ်းပြီး ပြည်နယ်ဝန်ကြီးချုပ်က မနေ့က တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့ တင်ပြမှုနှင့်ပတ်သက်လို့ ကန့်ကွက်ကြောင်း အဆိုကို လွှတ်တော်ကို အမည်စာရင်းပေးဖို့ တင်ပြတဲ့ အခါမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြချက်နှင့်စပ်လျဉ်းပြီး ကန့်ကွက်ကြောင်း အဆိုကို တင်လာပါတယ်။

သို့သော် ယနေ့မှာပဲ ကျွန်တော်တို့ ယင်းကန့်ကွက်ကြောင်း အဆိုတင်ပြလာတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သည် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉၊ နည်းဥပဒေ (ဂ) အရ ကန့်ကွက်ကြောင်း အဆိုတင်သွင်းသူ၏ ကန့်ကွက်ကြောင်း အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးခြင်းမပြုမီ မိမိအဆိုကို ပြန်လည်ရုပ်သိမ်းနိုင်သည်ဆိုသည့်အတွက် ၎င်းတင်ပြသည့် အဆိုကို ပြန်လည်ရုပ်သိမ်းဖို့ တင်ပြတဲ့အတွက် ကျွန်တော်အနေဖြင့် သဘောတူပြီး အဆိုကို ရုပ်သိမ်းခဲ့ခြင်းဖြစ်ပါတယ်။

ယခု အစီအစဉ်(၉)ဖြစ်ပါတယ်။ အစည်းအဝေး (နဝမနေ့) မှာ ပြည်နယ်လွှတ်တော်သို့ တင်ပြထားသော ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုတင်ပြထားခြင်းအပေါ် သတ်မှတ်ထားသည့် အရည်အချင်း များနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းအား ပြင်ဆင်၍ လွှတ်တော်သို့ တင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။**

အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က အတည်ပြုထားသော ဝန်ကြီးဌာနများမှာ ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ပါရန် ပြည်နယ် ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁)နှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များ ကို လွှတ်တော်သို့ တင်ပြရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ခ)နှင့်အညီ ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်ဟု ဖော်ပြပါရှိပါတယ်။







**နိုင်ငံတော်သမ္မတက အတည်ပြုထားသော ရှမ်းပြည်နယ် အတွက် ဝန်ကြီးဌာနများ၏ အမည်စာရင်းအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ တင်သွင်းခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတက အတည်ပြုထားသော ရှမ်းပြည်နယ်အတွက် ဝန်ကြီး ဌာနများ၏ အမည်စာရင်းအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ တင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ် အစိုးရဝန်ကြီးဌာန အမည်စာရင်းကို ကျွန်တော် ဖတ်ကြား အစီရင်ခံပါမယ်။

| စဉ် | ဝန်ကြီးဌာန |
|---|---|
| (၁) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၃) | လူမှုရေးဝန်ကြီးဌာန |
| (၄) | သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| (၅) | လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန |
| (၆) | စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန |
| (၇) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၈) | စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန |
| (၉) | ဘဏ္ဍာရေးဝန်ကြီးဌာန |

တို့ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအစီရင်ခံပါတယ် ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် တာဝန်ပေးအပ်နိုင်ရန် ထပ်မံ၍ အောက်ပါကိုယ်စားလှယ် (၈)ဦးတို့အား အဆိုပြုအမည်စာရင်းကို တင်သွင်းအပ်ပါတယ်။ ၎င်းပုဂ္ဂိုလ်များမှာ-

(၁) ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး — ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)
(၂) ဦးဆွေသိန်း — မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)
(၃) ဒေါက်တာညီညီအောင် — နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)
(၄) ဦးခွန်ရဲထွေး — တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)
(၅) ဦးစိုင်းစွံဆိုင်း — တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)
(၆) ဦးစိုင်းရှဲန်တစ်လုံ — မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)
(၇) ဒေါက်တာမျိုးထွန်း — ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)
(၈) ဦးစိုင်းလုံကျော် — ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)

တို့ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် တာဝန်ပေးအပ်ရန် ဝန်ကြီးချုပ်က ထပ်မံ၍တင်သွင်းသော





**ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ် ရွေးချယ်ခြင်းခံရသူများမှ လွှတ်တော်၏ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ မှ ဥက္ကဋ္ဌ၏ ရှေ့မှောက်မှာ ကတိသစ္စာပြုဖို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များအဖြစ် ရွေးချယ်ခြင်းခံရသော ပြည်နယ်ဝန်ကြီးများက ကတိသစ္စာပြုရန်အတွက် ဥက္ကဋ္ဌ ရှေ့မှောက်မှာ နေရာယူပေးဖို့ဖြစ်ပါတယ်။

အားလုံးမတ်တပ်ရပ်ပေးဖို့ဖြစ်ပါတယ်။ မိမိ၏ အမည်ကို ထည့်သွင်းရွတ်ဆိုရမှာဖြစ်ပါတယ်။

**( ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ ပြည်နယ်ဝန်ကြီး(၈)ဦးက ကတိသစ္စာပြုကြပါသည်။)**

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။



(1 D/real(wide)

**ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။**

လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

အခုလို မင်္ဂလာအပေါင်းနှင့်ပြည့်စုံတဲ့အခါသမယမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသအဖွဲ့ဦးစီးဥက္ကဋ္ဌများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ စုံစုံညီညီ ရှေ့မှောက်မှာ အခုလို ကျွန်တော်စကားပြောကြားခွင့်ရတဲ့အတွက် များစွာဝမ်းသာနှစ်ထောင်းအားရဂုဏ်ယူပါကြောင်း ပထမဦးဆုံး ပြောကြားလိုပါတယ်။

ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်အပ်နှင်းခြင်းခံရသည့်အတွက် လွန်စွာမှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းကိုလည်း ဦးစွာတင်ပြလိုပါတယ်။

ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပုံဥပဒေနှင့်အညီ ထောက်ခံအတည်ပြုပေးတဲ့အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းတင်ပြလိုပါတယ်။

ကျွန်တော်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သစ် မူဝါဒများ ဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုပေါ်ပေါက်လာစေရေး၊ ပြည်သူလူထုအများစု၏ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးတို့ကို အကောင်အထည် ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။





ကိုယ်စားလှယ်များဖြစ်သည့်-

| | | |
|---|---|---|
| (၁) | ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီး | ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) |
| (၂) | ဦးဆွေသိန်း | မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) |
| (၃) | ဒေါက်တာညီညီအောင် | နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) |
| (၄) | ဦးခွန်ရဲထွေး | တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၅) | ဦးစိုင်းစွံဆိုင်း | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၆) | ဦးစိုင်းရှဲန်တစ်လုံ | မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (၇) | ဒေါက်တာမျိုးထွန်း | ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၈) | ဦးစိုင်းလုံကျော် | ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) |

နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်မှသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဝန်ကြီးများ၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဧရိယာအကျယ်ပြန့်ဆုံး၊ တိုင်းရင်းသားမျိုးနွယ်အများဆုံး မှီတင်းနေထိုင်လျက်ရှိတဲ့ ပြည်နယ်ကြီးတစ်ခုဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်များ၊ လူနေမှုအဆင့်အတန်းမြင့်မားရေး အစရှိတဲ့ကိစ္စရပ်များကို ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်၏ ထိန်းကျောင်းမှုများနှင့်အတူ အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒေသနှင့်ကိုက်ညီပြီး လိုက်လျောညီထွေမှုရှိတဲ့ စီမံခန့်ခွဲမှုများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လိုအပ်ချက်တွေကို အစွမ်းကုန်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့သစ်အနေဖြင့် အစီအမံများရေးဆွဲပြီး ပေးအပ်ထားသည့် ကတိကဝတ်များနှင့်အညီ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားပြည်သူလူထု နှစ်ရှည်လများ လိုလားတောင့်တနေတဲ့ နိုင်ငံရေးရည်မှန်းချက်များ အကောင်အထည်ပေါ်လာရေးအတွက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်သွားရမှာဖြစ်တာကို ကျွန်တော်အနေဖြင့် သိရှိနားလည်ထားပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနှင့် ပြည်နယ်တွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝပါစေရန် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း





**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**ပထမပုံမှန်အစည်းအဝေး**

**ဆုံးဖြတ်ခြင်း**

**ဆုံးဖြတ်ခြင်းအမှတ် ၁-၂/၂၀၁၆။** **"ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ အရေးကြီးအဆိုကို လွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် (၃) ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ **ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ အရေးကြီးအဆိုကို** လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၂-၂/၂၀၁၆။** **"ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ **ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ** အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။



D/real(wide) (1

**ဆုံးဖြတ်ချက်အမှတ် ၃-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ **ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ** အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ချက်အမှတ် ၄-၂/၂၀၁၆။ "ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ** အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။



D/real(wide) (1



အလေးအနက်ပြောကြားလိုပါတယ်ခင်ဗျား။ မြန်မာ့နှစ်သစ်ကူး အခါသမယမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့်တကွ မိသားစုများအားလုံး ရှမ်းပြည်နယ် ပြည်သူလူထု အားလုံးမင်္ဂလာ အပေါင်းပြည့်စုံလျက် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိနိုင်ကြပါ စေကြောင်း နှုတ်ခွန်းဆက်သရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဒသမနေ့)မှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၈(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒသမနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဒသမနေ့)အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဆုံးဖြတ်ခြင်းအမှတ် ၅-၂/၂၀၁၆။** **“ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့မှမီးဘေးသင့်ပြည်သူများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးချင်းစီ၏ နေ့တွက်စရိတ်(၁)ရက်စာကိုဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားတိုက်တွန်းကြောင်း အရေးကြီးအဆိုအားလွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း”**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ **“ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့မှမီးဘေးသင့်ပြည်သူများအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁)ဦးချင်းစီ၏ နေ့တွက်စရိတ် (၁)ရက်စာကိုဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆို** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။



D/real(wide) (1



**ဆုံးဖြတ်ခြင်းအမှတ် ၇-၂/၂၀၁၆။** **“ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီဖွဲ့စည်းကြောင်းဆုံးဖြတ်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့၌ **ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ**အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၈-၂/၂၀၁၆။** **“တိုင်ကြားစာများစိစစ်ရေးကော်မတီဖွဲ့စည်းကြောင်းဆုံးဖြတ်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့၌ **တိုင်ကြားစာများစိစစ်ရေးကော်မတီ** အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၉-၂/၂၀၁၆။** **"ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅) ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့၌ **ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်း၍** လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၁၀-၂/၂၀၁၆။** **"ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီဖွဲ့စည်းကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၅ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၌ **ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ**အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။





**ဆုံးဖြတ်ခြင်းအမှတ် ၆-၂/၂၀၁၆။** **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ကျောက်မဲခရိုင်၊ကျောက်မဲမြို့နယ် အတွင်းရှိစစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁)ဦးချင်းစီ၏ နေ့တွက် စရိတ်(၁)ရက် စာကို ဝိုင်းဝန်းလှူဒါန်း ပေးနိုင်ပါရန်ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များအားတိုက်တွန်းကြောင်း အရေးကြီး အဆိုအား လွှတ်တော်မှအတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့၌ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲ မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးချင်းစီ၏ နေ့တွက် စရိတ်(၁)ရက်စာကိုဝိုင်းဝန်းလှူဒါန်းပေးနိုင်ပါရန်ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်းကြောင်း အရေးကြီးအဆို** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၁၁-၂/၂၀၁၆။ "ကျန်းမာရေးနှင့်ပညာရေးမြှင့်တင်မှုကော်မတီဖွဲ့စည်းကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၅ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၌ **ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ** အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၁၂-၂/၂၀၁၆။ "တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၆ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့၌ **တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ**အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။





**ဆုံးဖြတ်ခြင်းအမှတ် ၁၅-၂/၂၀၁၆။ "ပြည်နယ်ဥပဒေချုပ်အမည်စာရင်းအားလွှတ်တော်မှသဘောတူကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌ **ပြည်နယ်ဥပဒေချုပ်အမည်စာရင်း**အား လွှတ်တော်မှသဘောတူကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၁၆-၂/၂၀၁၆။ "ပြည်နယ်စာရင်းစစ်ချုပ်အမည်စာရင်းအားလွှတ်တော်မှသဘောတူကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌ **ပြည်နယ်စာရင်းစစ်ချုပ်အမည်စာရင်း**အား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၁၃-၂/၂၀၁၆။ **"တောင်သူ လယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၆ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့၌ **တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ** အား လွှတ်တော်မှ ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၁၄-၂/၂၀၁၆။ **"လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖြစ် တာဝန်ပေး နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့သည့် တပ်မတော်သားအမည်စာရင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉) ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌ **လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ပေးနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ပေးပို့သည့် တပ်မတော်သား အမည်စာရင်းကို** လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်သည်။





ဆုံးဖြတ်ခြင်းအမှတ် ၁၇-၂/၂၀၁၆။ **"ပြည်နယ်ဝန်ကြီးချုပ်၏သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များအား လွှတ်တော်ကအတည်ပြုကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့၌ **ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် တင်ပြထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၁၈-၂/၂၀၁၆။** **“အစည်းအဝေး (နဝမနေ့)တွင်ပြည်နယ်လွှတ်တော်သို့ တင်ပြထားသော ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ်ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုထားခြင်းအပေါ် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများအား လွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့၌ **“အစည်းအဝေး (နဝမနေ့)တွင် ပြည်နယ်လွှတ်တော်သို့ တင်ပြထားသော ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုထားခြင်းအပေါ် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများ**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။





**မှတ်တမ်းတင်ခြင်းအမှတ် ၃-၂/၂၀၁၆။** **“ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း”**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၅ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့၌ **“ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း”** အား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄-၂/၂၀၁၆။** **“ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ **“အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထား သူ (၁)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက် ”**ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၁-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၅ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်"**ကိုမှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၂-၂/၂၀၁၆။ "သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း"**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၅ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့၌ **"သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း"** အား မှတ်တမ်းတင်သည်။





**မှတ်တမ်းတင်ခြင်းအမှတ် ၅-၂/၂၀၁၆။ "ပြည်ထောင်စုလွှတ်တော်နာယကနှင့်ဒုတိယနာယကတို့ထံမှပေးပို့သောသဝဏ်လွှာကို မှတ်တမ်းတင်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့၌ **ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတို့ထံမှ ပေးပို့သော သဝဏ်လွှာကို** မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၆-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး တတိယနေ့၌ **"အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထား သူ (၆)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက် "**ကို မှတ်တမ်းတင်သည်။



D/real(wide) (1

**မှတ်တမ်းတင်ခြင်းအမှတ် ၇-၂/၂၀၁၆။** **“လောက်ကိုင်ခရိုင်၊ ကုန်ကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန်က ကိုးကန့်ဒေသ အခြေအနေများအား ရှင်းလင်းတင်ပြခြင်းကို မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၁ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ **“လောက်ကိုင်ခရိုင်၊ ကုန်ကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျောက်တယ်ချန်က ကိုးကန့်ဒေသအခြေအနေများအား ရှင်းလင်းတင်ပြခြင်း’’**ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ်၈-၂/၂၀၁၆။** **“ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၁ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌





**သို့တက်ရောက်ခွင့်ရှိသည့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၅ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက် ”**ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၁-၂/၂၀၁၆။** **“ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၆ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့၌**“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၇ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက် ”**ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၂-၂/၂၀၁၆။ “ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၇ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက် ”**ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၃-၂/၂၀၁၆။ “ပြည်နယ်ဝန်ကြီးချုပ် ရွေးချယ်တင်မြှောက်ခြင်းခံရသူကပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှရယူထားသော ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထား**





**“အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၄ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက် ”**ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉-၂/၂၀၁၆။ “ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၂ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့၌ **“အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထား သူ ၄ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက် ”**ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၀-၂/၂၀၁၆။ “ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၅ ရက် (၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၌ **“အစည်းအဝေး**

**သည့် လွှတ်တော်
ကိုယ်စားလှယ်များ၏
အမည်စာရင်းကို
လွှတ်တော်မှ
မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့၌ **“ပြည်နယ်ဝန်ကြီးချုပ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှရယူထားသော ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန်ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းအား”**အား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၄-၂/၂၀၁၆။ “ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ်များ
အစည်းအဝေး
တက်ရောက်မှုကို
မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၂ ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့၌ **“အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၂၇ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း**



D/real(wide) (1

**အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်** ”ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၅-၂/၂၀၁၆။ “ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့၌ **“အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၃၇ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၂၆ ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်** ”ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၆-၂/၂၀၁၆။ “ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော် သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း”**

၁၃၇၇ ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့၌ **“ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှပြည်နယ်လွှတ်တော်သို့ပြောကြားသည့် မိန့်ခွန်း” အား** မှတ်တမ်းတင်သည်။



ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်
၂၉၃

ကန့်သတ်
၂၉၅

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်

၃၂၄

ကန့်သတ်

၃၂၂

ကန့်သတ်

ကန့်သတ်

D/real(wide) (1

ကန့်သတ်

၃၂၅

ကန့်သတ်

၃၂၇

ကန့်သတ်

ကန့်သတ်

D/real(wide) (1

ကန့်သတ်




ကန့်သတ်

D/real(wide) (1

ကန့်သတ်



ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်
၃၆၁

ကန့်သတ်
၃၆၃

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်
၃၆၈

ကန့်သတ်
၃၆၆

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်
၃၇၆

ကန့်သတ်
၃၇၄

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

ကန့်သတ်
၃၈၀

ကန့်သတ်
၃၇၈

ကန့်သတ်

D/real(wide) (1

ကန့်သတ်

ကန့်သတ်
၃၈၁

ကန့်သတ်
၃၈၃

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (1

ကန့်သတ်



ကန့်သတ်

D/real(wide) (1

ကန့်သတ်
၃၉၆

ကန့်သတ်
၃၉၄

ကန့်သတ်

ကန့်သတ်

D/real(wide) (1

D/real(wide) (1

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်



ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်




ကန့်သတ်

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2